# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တပေါင်းလဆန်း (၁၄) ရက် ၊ စနေနေ့ ၊ (23-3-2024) ၊ အတွဲ (၃၂)၊ အမှတ် (၃၂၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိ သည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

# ကမ္ဘာ့ရေနေ့ ၂၀၂၄ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား





အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကမ္ဘာ့ရေနေ့ ၂၀၂၄ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

**နေပြည်တော် မတ် ၂၂**

ကမ္ဘာ့ရေနေ့ ၂၀၂၄ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည် ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂(MICC-II)၌ ကျင်းပပြုလုပ်ရာ အမျိုးသားအဆင့် ရေအရင်း အမြစ်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်း ရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့် မြင့်တပ်မတော်အရာရှိကြီးများ၊နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ဒုတိယဝန်ကြီးများ၊အမြဲတမ်း အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်ကောလိပ်များမှ ကျောင်းအုပ်ကြီးများနှင့် ပါမောက္ခချုပ်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသ ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက **Video Con-ferencing** ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် တေးသံရှင် သန်းမြတ်စိုး၏ "တိမ်တမန်" တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် အမျိုးသားအဆင့်ရေအရင်းအမြစ် ကော်မတီဥက္ကဋ္ဌ **စာမျက်နှာ ၁၆ ကော်လံ ၁** ☞




ရတနာပုံ
၂၀၂၄ ခုနှစ် မတ် ၂၃ ရက်
အယ်ဒီတာ့အာဘော်

# တပ်မတော်အင်အားသည် တိုင်းပြည်အင်အား

ကမ္ဘာ့နိုင်ငံအသီးသီးတွင် မိမိနိုင်ငံတို့၏ ပထဝီအနေအထား၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ စသော အကြောင်းအချက်အလက်များပေါ် မူတည်ပြီး မိမိနိုင်ငံနှင့်သင့်လျော်သော နိုင်ငံရေးစနစ်လျှောက်လှမ်းနေကြစမြဲဖြစ်သည်။ မည်သည့် နိုင်ငံရေးစနစ်ကိုလျှောက်လှမ်းသည်ဖြစ်စေ နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိမှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည်။နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုသည် နိုင်ငံ့အတွက် အလွန်အရေးကြီးသည့်အတွက် နိုင်ငံသူ၊ နိုင်ငံသားအားလုံး ဝိုင်းဝန်းကြိုးပမ်းပူးပေါင်းပါဝင်ဖော်ဆောင်ကြရမည်ဖြစ်ပါသည်။

နိုင်ငံတည်ငြိမ်အေးချမ်းမှုဖွံ့ဖြိုးရေးအတွက် နိုင်ငံတိုင်းသည် မိမိနိုင်ငံ၏ ကာကွယ်ရေးစွမ်းအားများကို အမြဲမပြတ်ဖြည့်ဆည်းဆောင်ရွက်နေကြရသည်။ ပြည်တွင်းရန်၊ ပြည်ပရန်စွယ်များကို မော်မြင်တွက်ချက်၍ မိမိနိုင်ငံ၏ ကာကွယ်ရေးစွမ်းရည်ပြည့်ဝစေရန် နိုင်ငံတော်ကာကွယ်ရေးအတွက် ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းကျင့်သုံးကြလေ့ရှိသည်။ မိမိနိုင်ငံတွင်လည်း ပထဝီနိုင်ငံရေးအခြေအနေနှင့်အချိန်အခါများအရ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်နေ့တွင် ပြည်သူ့စစ်မှုထမ်းဥပဒေကို အာဏာတည်စေခဲ့သည်။ နိုင်ငံတော်ကာကွယ်ရေးအတွက် နိုင်ငံသူ၊ နိုင်ငံသားတို့ တပ်မတော်ထဲပါဝင်စစ်မှုထမ်းခြင်းသည် ရှေးယခင်ကတည်းက ဆောင်ရွက်ခြင်းအစဉ်အလာရှိခဲ့သည်။ ရှေးယခင်ကာလကတည်းက ဆယ်ပြု၊ ရာပြု၊ ထောင်ပြုမြို့ရွာများအလိုက် ဖွဲ့စည်းထားပြီး ပြည်သူများက တပ်မတော်ထဲပါဝင်ကာ မိမိတိုင်းပြည်ကာကွယ်ရေးကို ပါဝင်ဆောင်ရွက်၍ ကျရာတာဝန်များကို ဦးလည်မသုန်ထမ်းဆောင်ခဲ့ကြသည်။

ထို့ကြောင့် နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကစွမ်းအားစုကြီးဖြစ်သော တပ်မတော်ကြီးသည် အင်အားကောင်းလာသည်နှင့်အမျှ တိုင်းပြည်၏အင်အားသည်လည်း ကမ္ဘာ့အလယ်တွင် ဝင့်ထည်ခံ့ညားစွာရှိနေမည်သာဖြစ်သည်။ မြန်မာ့တပ်မတော်သည် နိုင်ငံနှင့်ပြည်သူတို့ အရေးကြုံလာပါက မားမားမတ်မတ်ကာကွယ်စောင့်ရှောက်ခဲ့သော သမိုင်းအစဉ်အလာကောင်းရှိပြီးဖြစ်သည်။ နိုင်ငံ၏ အကျိုးစီးပွား၊ တိုင်းရင်းသားပြည်သူတို့၏ အကျိုးစီးပွားအတွက် တပ်မတော်သည် အသက်သွေးကြောပမာ အဓိကအကျဆုံး၊ အရေးအပါဆုံးအခန်းကဏ္ဍတွင်ရှိနေပေသည်။ ထို့အတွက် ပြည်သူ့အင်အားသည် တပ်မတော်အတွက် အားဆေးတစ်ခွက်ဖြစ်ပြီး တပ်မတော်အင်အားကောင်းပါက တိုင်းပြည်၏အင်အားလည်း တောင့်တင်းခိုင်မာနေမည်သာဖြစ်ပါသည်။

နိုင်ငံတော်၌ တည်ငြိမ်အေးချမ်းမှု၊ လုံခြုံအေးကင်းမှုမရှိပါက နိုင်ငံသူနိုင်ငံသားများတွင်လည်း လုံခြုံအေးချမ်းမှုရှိမည်မဟုတ်ပေ။ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီ စစ်ပညာသင်ကြားလေ့ကျင့်ထားပါက နိုင်ငံတော်အတွက် စစ်ရေးအမြင်၊ လုံခြုံရေးအမြင်နှင့်ပြည့်စုံသော ကာကွယ်ရေးစွမ်းအားရှိသူများ တိုးတက်လာမည်ဖြစ်သည်။ ကမ္ဘာ့အလယ်တွင် ဝင့်ထည်ခံ့ညားလေးစားလောက်သော ကာကွယ်ရေးစွမ်းအားရှိသည့် နိုင်ငံအဖြစ် ရပ်တည်နိုင်ပါက ကျူးကျော်မှုမှန်သမျှကိုရင်ဆိုင်အနိုင်ယူနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် ကမ္ဘာ့အလယ်တွင် အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် အမြဲရှင်သန်ရပ်တည်နိုင်ရန် ကြိုတင်မျှော်မြင်မှုဖြစ်သည့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီ အကျုံးဝင်သူနိုင်ငံသားအပေါင်း နိုင်ငံတော်ကာကွယ်ကြခြင်းဖြင့် တပ်မတော်အင်အားတောင့်တင်းခိုင်မာလာပြီး တိုင်းပြည်အင်အားလည်း တောင့်တင်းခိုင်မာနေမည်သာဖြစ်ပါကြောင်း အလေးအနက်ထားရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီးအတွင်း အသေးစားစီးပွားရေးလုပ်ငန်းမှတ်ပုံတင် ထုတ်ပေးမှု ယခုဘဏ္ဍာနှစ်တွင် လျာထားချက်ထက် ပိုမိုခွင့်ပြုထုတ်ပေးနိုင်ခဲ့



**မန္တလေး မတ် ၂၂**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းရှင်များကို တရားဝင်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန် လုပ်ငန်းမှတ်ပုံတင်များ ခွင့်ပြုထုတ်ပေးလျက်ရှိရာ ယခုဘဏ္ဍာနှစ်တွင် လျာထားချက်ထက် ပိုမိုခွင့်ပြု ထုတ်ပေးနိုင်ခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က ပြောပြ၍ သိရသည်။

တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများဖြစ်သော အသေးစားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန်အတွက် လုပ်ငန်းရှင်များ ထုတ်လုပ်သည့် ကုန်ပစ္စည်းများအလိုက် လုပ်ငန်းမှတ်ပုံများခွင့်ပြုထုတ်ပေးခဲ့ကြောင်း၊ ယခုဘဏ္ဍာနှစ်အတွင်း လုပ်ငန်းအမျိုးအစားအလိုက် ခွင့်ပြုထုတ်ပေးခဲ့သည့် လုပ်ငန်းများမှာ စားသောက်ရေးဆိုင်ရာလုပ်ငန်း ၂၉၃ ခု၊ဝတ်ဆင်ရေးဆိုင်ရာလုပ်ငန်း ၁၁ ခု၊ နေထိုင်ရေးဆိုင်ရာလုပ်ငန်း ၁၀ ခု၊ လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း ၆၇ ခု၊ အိမ်သုံးပစ္စည်းလုပ်ငန်း သုံးခု၊ ကုန်ကြမ်းပစ္စည်းဆိုင်ရာလုပ်ငန်း ကိုးခု၊ စိုက်ပျိုးရေးပစ္စည်းဆိုင်ရာလုပ်ငန်း ၁၇ ခု၊ ဓာတ်သတ္တုပစ္စည်းလုပ်ငန်း ခြောက်ခု၊သယ်ယူပို့ဆောင်ရေးယာဉ်အပိုပစ္စည်းများထုတ်လုပ်ရေးလုပ်ငန်း ၂၆ခု၊ လျှပ်စစ်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း ၁၁ ခု၊ စက်ပစ္စည်းကိရိယာထုတ်လုပ်ရေးလုပ်ငန်း ၁၁ ခု၊ အထွေထွေအသေးစားစက်မှုလုပ်ငန်း ၁၂၆ ခု စုစုပေါင်းလုပ်ငန်း ၅၉၀ ကို လုပ်ငန်းမှတ်ပုံတင် ခွင့်ပြုထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

"အခု ဘဏ္ဍာနှစ်အတွင်းမှာ လုပ်ငန်းရှင်တွေအတွက် လုပ်ငန်းမှတ်ပုံတင်ကို ၄၄၅ ခုလျာထားခဲ့ရာမှာ ဒီနေ့ထိဆိုရင် တစ်နိုင်တစ်ပိုင်လုပ်ငန်း ၅၉၀ ကို လုပ်ငန်းမှတ်ပုံတင် ခွင့်ပြုထုတ်ပေးနိုင်ခဲ့ပါတယ်။ လျာထားချက်ပြည့်မီကျော်လွန်စွာဆောင်ရွက်ပြီးတော့ ထုတ်ပေးနိုင်ခဲ့ပါတယ်။ အခုလိုလုပ်ဆောင်ပေးတာကလဲ တစ်နိုင်တစ်ပိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းရှင်တွေပေါ် ထွက်လာစေဖို့ ရည်ရွယ်ချက်တွေနဲ့ ဆောင်ရွက်ထုတ်ပေးခဲ့တာပါ"ဟု ဦးဝင်းဗိုလ်က ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် မြေပြန့်ဒေသနှင့် တောင်ပေါ်ဒေသမှဝင်ရောက်သည့် ခရမ်းသီးများအရောင်းအဝယ်ကောင်းနေ

**မန္တလေး မတ် ၂၂**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးတွင် မြေပြန့်ဒေသနှင့် တောင်ပေါ်ဒေသမှ ဝင်ရောက်လာသည့် ခရမ်းသီးများ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

အဆိုပါခရမ်းသီးများသည် မြေပြန့်ဒေသနှင့် တောင်ပေါ်ဒေသမှထွက်ရှိပြီး မန္တလေး သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ခြောက်ဘီးကား ငါးစီးမှ ခြောက်စီးထိ ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် ဈေးနှုန်းများမှာလည်း ခရမ်းသီးတစ်ပိဿာလျှင် အမျိုးအစားအလိုက် ငွေကျပ် ၂၀၀ မှ ၃၀၀ ထိရရှိနေကြောင်း သိရသည်။

"လက်ရှိမှာတော့ ခရမ်းသီး အဓိကစိုက်ပျိုးတဲ့ မြေပြန့်ဒေသဘက်နဲ့ တောင်ပေါ်ဒေသဘက်က ခရမ်းသီးတွေ ဈေးကွက်ကိုအများဆုံးဝင်ရောက်လာတာပါ။ ဝင်ရောက်လာကြတဲ့ ခရမ်းသီးတွေကတော့ အရောင်းအဝယ်တွေကောင်းနေပါတယ်။ကျန်တဲ့ဒေသတွေကထွက်ရှိမှုမရှိသေးပါဘူး။ အောင်ပန်းဒေသနဲ့ ကျောက်ဆည်ဒေသတစ်ဝိုက်က ခရမ်းသီးတွေပဲ ထွက်ရှိတော့တယ်။ ကုန်စိမ်းသီးနှံတွေကတော့ ဈေးကိုပုံမှန် ဝင်ရောက်နေပါတယ်။ ဝင်ရောက်တဲ့ပစ္စည်းတွေပြတ်လပ်ရင်တော့ ဈေးကကောင်းပါတယ်"ဟု အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြသည်။

မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် ခရမ်းသီးအရောင်းအဝယ်ကောင်းနေသည့်အပြင် အခြားကုန်စိမ်းသီးနှံများဖြစ်သော ပန်းမုန်လာ၊ ဂေါ်ဖီထုပ်၊ ဗိုလ်စားပဲ၊ မုန့်ညင်းဖြူ၊ ခရမ်းချဉ်သီး၊ ဂေါ်ရခါးသီး၊ အာလူး စသည့်သီးနှံများလည်း ပုံမှန်အတိုင်းအရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

(၁၈၅)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး မတ် ၂၂**

မန္တလေး အိမ်ခြံမြေဈေးကွက်အတွင်း အရောင်းအဝယ်များကို အွန်လိုင်းမှတစ်ဆင့်ပြုလုပ်လာခြင်းကြောင့် အရောင်းအဝယ်ဖြစ်မှုနှင့် ငှားရမ်းမှုများ မြင့်တက်လာသည်ဟု ဆိုနိုင်သော်လည်း ဈေးကွက်တစ်ခုလုံးအနေဖြင့် အရောင်းအဝယ်အေးနေဆဲပင်ဖြစ်ကြောင်း အိမ်ခြံမြေဈေးကွက်အတွင်းမှ သိရသည်။

လက်ရှိတွင် အရောင်းအဝယ်ပိုင်းထက် အငှားဈေးကွက် ပို၍သွက်နေကြောင်း၊ ငှားရမ်းမှုဈေးနှုန်းများအနေဖြင့် တစ်လလျှင် ငွေကျပ် ၇၀၀၀၀ မှ ၅၀၀၀၀၀ ခန့်ထိရှိနေပြီး တစ်လလျှင် ငွေကျပ် ၁၅၀၀၀၀ ဈေးတန်းရှိ အိမ်ခန်းများ၊ လုံးချင်းနေအိမ်များကို ငှားရမ်းမှုအများဆုံးဖြစ်ကြောင်း၊ မြို့တွင်းပိုင်း၌ ၇၃ လမ်းမတန်း(လမ်း ၃၀ မှ မန္တလေးတက္ကသိုလ်အနီးဝန်းကျင်ရပ်ကွက်များ)၊ ဆေးတက္ကသိုလ်အနီးဝန်းကျင်ရပ်ကွက်များ၊ မင်္ဂလာမန္တလေးအနီးဝန်းကျင်ရပ်ကွက်များ၊ ၆၂ လမ်းမတန်း (မနော်ဟရီလမ်းမှ ၁၉ လမ်း)၊ ၃၅ လမ်းမတန်း(၆၂ လမ်းမှ ၈၄ လမ်း)၊ လမ်း၃၀ (၈၄ လမ်းမှ ၆၂ လမ်း)၊ ဘုတာကြီးအနီး တိုက်ခန်းများတွင် ငှားရမ်းလိုမှု အများဆုံးဖြစ်ကြောင်း သိရသည်။

"မြေဈေးကွက်အနေအထားကတော့ အကျိုးဆောင်လုပ်ငန်းတွေတော်တော်များများအွန်လိုင်းတင်ပြီး အလုပ်လုပ်လာကြတာ များလာတယ်။ အရောင်းအဝယ်ပြန်ဖြစ်လာတယ်လို့ ပြောရမှာပေါ့။ အဲဒီလို အရောင်းအဝယ် ဖြစ်နေပေမဲ့လဲ အရင်လို ခေါ်ဈေးအတိုင်းရနေတာမျိုးတော့မဟုတ်ဘူး။ ဈေးကွက်တစ်ခုလုံးအနေနဲ့ကတော့ အရောင်းအဝယ်အေးနေဆဲပဲလို့ ပြောရမှာပါ"ဟု အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဌေးက ပြောပြသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် ပြည်ကြီးတံခွန်မြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀ နှင့်အထက်၊ အမရပူရမြို့နယ် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၈၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၃၀၀ မှ သိန်း ၁၀၀၀ ခန့်၊ လမ်းမတန်းများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၁၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်၊ မြို့သစ်ပိုင်း(မြို့သစ် ၁၊ ၂၊ ၃၊ ၄၊ ၅)လမ်းမတန်းမြေကွက်များမှာ ငွေကျပ် သိန်း ၂၀၀၀ နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ် သိန်း ၅၀၀ မှ သိန်း ၂၀၀၀ ခန့်၊ စက်မှုဇုန်နှင့်အနီးဝန်းကျင်ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ် သိန်း ၂၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ် သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်ရှိကြောင်း အိမ်ခြံမြေ အကျိုးတော်ဆောင် ဦးဌေးဌေးထံမှ သိရသည်။

(၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ရေတာရှည်မြို့နယ် စိမ့်(ပေါက်ချောင်း)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရေတာရှည် မတ် ၂၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေါက်ချောင်းကျေးရွာအုပ်စု စိမ့်(ပေါက်ချောင်း)ကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ရေတာရှည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်အောင်သာက စိမ့်(ပေါက်ချောင်း)ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိမ့်(ပေါက်ချောင်း)ကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၇ ဦးကို ငွေကျပ် ၁၇၇ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၅ ဦးကို ငွေကျပ် ၁၇၃ သိန်း စုစုပေါင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းအသင်းသား၊ အသင်းသူ ၁၂၂ ဦးကို ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၅၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **မောင်ရိုင်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် အမရပူရမြို့ ဖျောက်ဆိပ်ကုန်းရပ် အိမ်အမှတ်(၃၉၆) နေ ကျန်ရစ်သူမိသားစုက ဒေါ်လှကြည်အားရည်စူး၍ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး-ဦးဝဏ္ဏ၊ ဆွမ်းကွမ်းအဖွဲ့ဝင်- ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း မွေးမြူရေးအသားစားကြက် ပိဿာချိန် ၇၇၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့



**ပန်းတနော် မတ် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း မွေးမြူရေးအသားစားကြက် ပိဿာချိန် ၇၇၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ်မှ မွေးမြူရေးနှင့် ရေထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချိုက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်းက မွေးမြူရေးအသားစားကြက် ပိဿာချိန် ၆၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၉ ရက်ထိ မွေးမြူရေးအသားစားကြက် ပိဿာချိန် ၇၇၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပန်းတနော်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို မွေးမြူရေးအသားစားကြက်တွေ အကောင်လိုက် ပိဿာချိန်နဲ့ တင်ပို့ရောင်းချနေပါတယ်။ ဖေဖော်ဝါရီလအတွင်းက ပန်းတနော်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို မွေးမြူရေးအသားစားကြက် ပိဿာချိန် ၇၇၀၀၀ တင်ပို့ရောင်းချထားရပြီဖြစ်ပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း ကြက်ပိဿာချိန် ပိုမိုရောင်းချထားရသလို ဈေးကလဲကောင်းနေပါတယ်။ ပန်းတနော်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို မွေးမြူရေးအသားစားကြက်တွေအပြင် တခြားရေထွက်ကုန်တွေကိုလဲ တင်ပို့ရောင်းချနေပါတယ်"ဟု ပန်းတနော်မြို့နယ်မှ မွေးမြူရေးနှင့် ရေထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချိုက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် မွေးမြူရေးအသားစားကြက် ၁၀ ပိဿာလျှင် ငွေကျပ် ၉၈၀၀၀ ဈေးပေါက်နေကြောင်း၊ အဆိုပါ မွေးမြူရေးအသားစားကြက်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချမှု မြင့်တက်လာသည့်အတွက် မွေးမြူရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ကား အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိလာကြောင်း သိရသည်

**ကျော်ကျော်လင်း**

# ကျောက်ပန်းတောင်းမြို့နယ် ကန်နီကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ကျောက်ပန်းတောင်း မတ် ၂၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် တင့်ကန်ကျေးရွာအုပ်စု ကန်နီကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို မတ် ၂၁ ရက် မွန်းလွဲ ၂ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းနှင့် တာဝန်ရှိသူများက ကန်နီကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ ရေပိုက်လိုင်းများ ရေရှည်ခိုင်မြဲအောင် ထိန်းသိမ်းကြရန်၊ ပျက်စီးမှုမဖြစ်စေရေး သတိပြုရန်လိုကြောင်း ဆွေးနွေးမှာကြားသည်။

ကန်နီကျေးရွာ၌ အရှည်ပေ ၃၅၀၀ ရေပိုက်လိုင်းသွယ်တန်းခြင်း၊ အလျား ၁၀ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ၂၄ ပေရှိ ရေစင်တည်ဆောက်ခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၄ ဒသမ ၇ သန်း စုစုပေါင်းငွေကျပ် ၁၉ ဒသမ ၇ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများက ဇန်နဝါရီလ ပထမပတ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်သဖြင့် အဆိုပါကျေးရွာရှိ အိမ်ခြေ ၅၈ စုမှ လူ ၃၇၆ ဦး သန့်ရှင်းသောသောက်သုံးရေ ရရှိပြီဖြစ်ကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# ကောလင်းခရိုင်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မတ်ပဲများတွင် ဧက ၇၇၀၀ ရိတ်သိမ်းပြီးစီးပြီဖြစ်

**ကောလင်း မတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မတ်ပဲများတွင် ဧက ၇၇၀၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။

ကောလင်းခရိုင်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မတ်ပဲဧကများကို ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ဧက ၇၇၀၀ ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၁၈ ဒသမ ၀၈ တင်း ထွက်ရှိကြောင်း သိရသည်။

"ကောလင်းခရိုင်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက မတ်ပဲဧက ၁၂၀၀၀ ကျော် စိုက်ပျိုးထားပါတယ်။ ဒီနေ့ထိ ဧက ၇၀၀၀ ကျော် ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်ရေးနည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်း ဆောင်ရွက်ပေးပါတယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ကောလင်းခရိုင်၌ မြို့နယ်အလိုက် မတ်ပဲရိတ်သိမ်းပြီးစီးမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၆၃၁၅ ဧက၊ ဝန်းသိုမြို့နယ်တွင် ၁၃၈၅ ဧက စုစုပေါင်းဧက ၇၇၀၀ ဖြစ်ကြောင်း သိရသည်။

ကောလင်းခရိုင်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက မတ်ပဲ ၁၃၉၈၂ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ကောလင်းမြို့နယ်တွင် ၆၃၁၅ ဧက၊ ဝန်းသိုမြို့နယ်တွင် ၁၃၈၅ ဧက၊ ပင်လည်ဘူးမြို့နယ်တွင် ၄၄၁၆ ဧက စုစုပေါင်း ၁၂၁၁၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ကောလင်းခရိုင်၌ မတ်ပဲစိုက်တောင်သူများကို အထွက်နှုန်းကောင်းမွန်စေရန်၊ ပိုးမွှားရောဂါကင်းရှင်းစေရန်အတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက ရိတ်သိမ်းချိန်ထိ တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ (၂၀၆)



# အဆီကျပိန်စေလိုသူများအတွက် စားသုံးသင့်သောအစားအစာများ

ကြည်လွင်မြင့်(မုံရွာ)

စာရေးသူ၏မိတ်ဆွေတစ်ဦးသည် အသက် ၅၀ ကျော်သောအခါအတန်အသင့်ဝလာသဖြင့် ဆရာဝန်ပြ ဆေးစစ်သောအခါ အဆီဓာတ်(Cholesterol)တက်နေသည်ဟုသိရသဖြင့် အဆီကိုလျှော့စားသည်။ အဆီကားမကျ။ ထို့နောက်သူသည် ကျန်းမာရေးဆေးပညာဂျာနယ်များကို မြန်မာလိုရော အနောက်တိုင်းဂျာနယ်များကိုပါ ဝယ်ယူဖတ်ရှုလေ့လာခဲ့သည်။

ဂျာနယ်တစ်စောင်တွင် ထူးထူးခြားခြားအဆီကျစေသော အစားအစာ ၁၀ မျိုးဟု တွေ့ရသည်။ ကြွေသားစက္ကူတွင် ရောင်စုံပုံများဖြင့် စားစရာ၊ သောက်စရာများကို ဖော်ပြထားသည်။

ထို ၁၀ မျိုးမှာ-

(၁) တူနာငါး
(၂) ဂေါ်ဖီထုပ်
(၃) မုန်လာဥနီ
(၄) ပန်းသီး
(၅) ဆန်းကစ်သီး
(၆) ဂျုံကြမ်း
(၇) တရုတ်နံနံ
(၈) ပဲတောင့်ရှည်
(၉) ပန်းမုန်လာစိမ်း
(၁၀) လက်ဖက်စိမ်းရည်(Green Tea)

အထက်ပါအစားများမှာ အဆီကျစေရန် တစ်နည်းကိုလက်စထရောမတက်စေရန် စားသင့်သည့်အစာမှန်ကောင်းမှန်မည်ဖြစ်သော်လည်း မြန်မာလူမျိုးတို့စားလေ့ရှိသောဓလေ့နှင့် ကင်းကွာနေသဖြင့် သေသေချာချာလေ့လာကြည့်လျှင် အနောက်တိုင်းအစားအစာနှင့် တရုတ်အစားအစာများ ရောနှောဖော်ပြထားသည်ကို တွေ့ရသည်။

မြန်မာအစားအစာနှင့် နီးစပ်သောအစာများမှာ ဥပမာအားဖြင့်-

(၁) ငါးကြင်းဖြူ၊ ငါးခူ၊ ငါးမျက်ဆန်နီ၊
(၂) ဆန်ကြမ်း(ငစိန်ဆန်၊ ရွှေဝါထွန်း)၊
(၃) ကွဲကောသီး၊ ရှောက်သီး၊
(၄) ဖီးကြမ်းငှက်ပျောသီး၊
(၅) ပဲရာဇာ(ပဲနီကလေး)၊
(၆) ဂေါ်ဖီထုပ်၊
(၇) ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊
(၈) ကန်စွန်းရွက်၊ မှိုနားတို၊ လယ်ပတူ၊ ကညွတ်၊ ပုစွန်စာ၊ မြင်းခွာရွက် စသည့်အရွက်များ
(၉) ထမင်းရည်
(၁၀) ရေနွေးကြမ်း

စသည်ဖြင့်ဓာတ်စာပေးလျှင် မြန်မာလူမျိုးများနှင့် ပို၍အဆင်ပြေသင့်တင့်လျောက်ပတ်မည်ဟု ထင်မြင်ယူဆပါသည်။ မြန်မာအိမ်ရှင်မများ ဈေးဝယ်ထွက်ရာတွင်လည်း အလွယ်တကူဝယ်ယူနိုင်သည့်အရာမျိုးဖြစ်ရန်လိုသည်။ အထက်ပါဓာတ်စာများတွင် ပါဝင်သော ငါးကြင်းဖြူ၊ ငါးမျက်ဆန်နီ၊ ငါးခူ စသည်တို့မှာ အဆီမတက်စေသည့်အပြင် ကောင်းသောအဆီကို တိုးစေမည့်ငါးများဖြစ်သည်။ ငါးမြင်း၊ ငါးပတ်၊ ငါးသလောက်၊ ငါးဖယ်တို့မှာ ရှောင်ကြဉ်သင့်သောငါးမျိုးဖြစ်သည်။

ဆန်ကြမ်းမှာ မြန်မာတောသူတောင်သားများအကြိုက်ဖြစ်သည်။ အားဖြစ်သည်။ အစာကြေလွယ်သည်။ အဆီချလိုသူများမှာ ဧည့်မထ၊ ပေါ်ဆန်းမွှေး၊ တောင်ပြန် စသည့်ဆန်များကိုလည်း ရှောင်သင့်သည်။ ကြေခဲသည့် ရှမ်းဆန်နှင့် ကောက်ညှင်းဆန်ကိုလည်း ရှောင်သင့်သည်။ အဲသောဆန်သည် အဆီတိုးသည်ဟု မှတ်ယူရမည်ဖြစ်သည်။

ရှောက်သီး၊ ကွဲကောသီးတို့မှာ အဆီပိုကျစေသောအစာများဖြစ်သည့်အပြင် ဆန်းကစ်သီးကဲ့သို့ ဈေးကြီးပေးဝယ်ရန်မလိုပါ။

ထို့အတူ ဖီးကြမ်းငှက်ပျောသီးမှာလည်း အများစုကြိုက်သောဓာတ်စာဖြစ်သည်။ အလွယ်တကူ တစ်ပြည်လုံးတွင်ရနိုင်သည်။ အနောက်တိုင်းဓာတ်စာ ပန်းသီးလောက် ငွေကုန်ကြေးကျ မများနိုင်တော့ပါ။

ပဲရာဇာ(ပဲနီကလေး)တို့မှာ အဆီကျပြီးပေါ့ပါးသောပဲမျိုးဖြစ်သည်။ နေ့စဉ်စားနိုင်လေ ကောင်းလေဖြစ်သည်။ ပဲရာဇာသည်ပေါ့ပါးသောဂုဏ်(လဟုဂုဏ်)ရှိသည်။ ကုလားပဲသည် လေးလံသောဂုဏ်(ဂရုဂုဏ်)ရှိသည်။ အဆီကျလိုသူ၊ ပိန်လိုသူများမစားသင့်ဟု ဓာတ်ဆရာကြီးများအဆိုရှိသည်။ ပဲရာဇာသည် ဟင်းချိုချက်လျှင်လည်း အလွန်နူးလွယ်၊ ကျက်လွယ်သည်။

ထမင်းရည်သည် ရှေးက မြန်မာတို့၏အာဟာရဖြစ်ခဲ့သည်။ အထူးသဖြင့် တောင်သူလယ်သမားတို့သည် ထမင်းကိုအရည်ငှဲ့ချက်မှ စားကောင်းသည်ဟုထင်ကြသည်။ ထို့ပြင် ဦးစွာပွက်လာသောထမင်းရည်ကိုငှဲ့ယူပြီး ဆေးဖက်ဝင်အဖြစ် သောက်သုံးလေ့ရှိကြသည်။ ရှေးက မြန်မာကလေးတိုင်း ထမင်းရည်နှင့်မကင်းဘဲ ကြီးပြင်းလာခြင်းဖြစ်သည်။

ယခုခေတ်တွင် ထမင်းပေါင်းအိုးများဖြင့် အလွယ်တကူချက်ပြုတ်ကြသဖြင့် ထမင်းရည် မရနိုင်တော့ပေ။ အကယ်၍ ထမင်းပေါင်းအိုးမှဦးရည်ကို ရယူလိုလျှင် ရေအနည်းငယ် ပိုထည့်ချက်ပါ။ ပေါင်းအိုးတွင်ပွက်ပွက်ဆူသောအခါ လက်ဖက်ရည်ပန်းကန်နှစ်လုံးစာမျှ ထမင်းပေါင်းရည်ကို ဇွန်းဖြင့်ခပ်ယူပါ။ ဤနည်းဖြင့်



အဆီကျလက်ဖက်စိမ်းရည်(Green Tea)ကို တွေ့ရစဉ်။

အလျှင်အမြန်ချက်စားနိုင်သောဟင်းမျိုးဖြစ်သည်။

ဂေါ်ဖီထုပ်မှာ မြန်မာရော အနောက်တိုင်းမှာပါ အစားများလာပြီဖြစ်သည်။ ဈေးလည်းမများလှပါ။ အဆီချလိုသူများအတွက် အသုံးဝင်သောဓာတ်စာဖြစ်သည့်အပြင် အသားအရေလှစေသောအစာမျိုးလည်းဖြစ်သည်။ ရုပ်ရှင်မင်းသမီးတစ်ဦးသည် သူ့အသားအရေအတွက် မေးမြန်းသည့်အင်တာဗျူးတစ်ခုတွင် ဂေါ်ဖီထုပ်ကို နေ့စဉ်စားသုံးသဖြင့် အသားအရေလှပြီး အရွယ်တင်နုပျိုပါသည်ဟု ဖြေသွားသည်ကို ဖတ်ရှုရဖူးသည်။ အနောက်တိုင်းဆေးပညာအလိုအရလည်း ဂေါ်ဖီထုပ်သည် အင်တီအောက်ဆီးဒင့်ခေါ် ဓာတ်တိုးဆန့်ကျင်သောအစာအာဟာရဖြစ်ပြီး လေဖြတ်ခြင်းကိုပင် ကာကွယ်နိုင်သည်ဟုဆိုသည်။

ကြက်သွန်နီ၊ ကြက်သွန်ဖြူသည် မြန်မာလူမျိုးတို့၏ နေ့စဉ်မပါမဖြစ်သော မီးဖိုချောင်အသုံးအဆောင်ပင်ဖြစ်သည်။ သို့သော် ကြော်လှော်စားကြသည်က များသဖြင့် ပိန်စေသော အာနိသင်မရခြင်းဖြစ်သည်။ အဆီပို ကိုလက်စထရောကျစေလိုသော ရည်ရွယ်ချက်ဖြင့် စားသုံးမည်ဆိုလျှင် ခပ်ပါးပါးလှီးပြီး လေသလပ်ခံထားကာ အချဉ်အနည်းငယ်ညှစ်ပြီး စားသုံးပေးပါက အဆီကျနိုင်သည်ဟု သုတေသနပြုသူများက ဆိုထားသည်။

ဈေးတွင်ရောင်းချသော ဟင်းရွက်မျိုးစုံတို့ကို နေ့စဉ်မှန်မှန်စားသုံးပေးပါ။ အသားစားချင်လျှင် အသီးအရွက်တို့နှင့်ရော၍ ကြော်ချက်စားပါ။ နေ့စဉ်အသီးအရွက်စားခြင်းဖြင့် သဘာဝဗီတာမင်ဓာတ်များ ရနိုင်သည်။ အဆီကျပြီး အသားကျစ်စေသည်ဟု ဆိုသည်။ အသီးအရွက်ကောင်းကြောင်းရေးသည့် ဆောင်းပါးစာအုပ်များ အလွန်များပြားလှသဖြင့် အကျယ်ချဲ့မတင်ပြတော့ပါ။

ထမင်းပေါင်းဦးရည်ကို ဆားအနည်းငယ်ခတ်ပြီး နေ့စဉ်သောက်သုံးပေးလျှင် အဆီကျစေနိုင်သည်။

ထမင်းပေါင်းဦးရည်(ထမင်းရည်) သောက်သောကြောင့် လူဝကိုပိန်စေနိုင်သည်ဟူသော ရေးသားချက်မှာ ရှေးဟောင်းဆေးကျမ်းမှ အယူအဆဖြစ်သည်။ ဤဆေးကျမ်းမှာ မင်းတုန်းမင်းတရားကြီးလက်ထက်က အိန္ဒိယမှဆေးကျမ်းကို ဘင်္ဂလားဆရာတော်ကြီး ဘာသာပြန်ဆိုခဲ့သည့် ဘေသဇ္ဇမဉ္ဇူသာဆေးကျမ်းကြီးဖြစ်သည်။ တိုင်းရင်းဆေးသမားတော်တိုင်း လက်စွဲထားရသော ဆေးကျမ်းဖြစ်သည်။

ပိန်လိုသူများသည် နံနက်စောစောထ၍ ရေနှင့်ပျားရည်ရောသောက်လျှင် ပိန်နိုင်သည်ဟုလည်း ညွှန်ပြရေးသားထားသည်။

ဤနည်းသည် မြန်မာလူမျိုးတိုင်း ဆင်းရဲချမ်းသာမရွေး အိမ်တိုင်းတွင် အလွယ်တကူပြုလုပ်နိုင်သောပိန်ဆေးနည်းဖြစ်သည်။ နေ့စဉ် မှန်မှန်တစ်လခန့်ပြုလုပ်ကြည့်လျှင် သိနိုင်သည်။ ပိန်ချင်လျှင် နံနက်အိပ်ရာထထချင်း(မျက်နှာမသစ်မီ) ပျားရည်တစ်ဇွန်းသောက်ပါဟု လွန်ခဲ့သောနှစ်က စာရေးသူသည် မန္တလေးရတနာပုံသတင်းစာတွင် ဆောင်းပါးတစ်ပုဒ်ရေးသားဖူးသည်။ ဤဆောင်းပါးကို ဖတ်ရှုပြီးလက်တွေ့သောက်ကြည့်သူအတော်များများမှာ အဆီကျသည့်အပြင် အစာကြေ၍ ခန္ဓာကိုယ်ပေါ့ပါးမှုရှိကြောင်း ကိုယ်တိုင်လာပြောသူ၊ ဖုန်းဆက်သူများရှိခဲ့သည်။ သတိပြုရန်မှာ အဆီကျစေရန်အတွက် နံနက်ထသောက်သောပျားရည်သည် ပျားရည်အသစ် (တစ်နှစ်မကျော်သေးသောပျားရည်) ဖြစ်လျှင် ပိုကောင်းသည်။

ရေနွေးကြမ်း တစ်နည်းအားဖြင့်လက်ဖက်ခြောက်ခတ်ထားသောအဖန်ရည်ကို အနောက်တိုင်းသုတေသီများက Green Tea ဟု ရေးသားကြသည်။ လက်ဖက်ခြောက်ရွက်သစ်နုကလေးများကို မီးပြင်းပြင်းအပူပေးပြီး ရှိုးရာနည်းဖြင့် အခြောက်ခံထားသောလက်ဖက်ကို ရေနွေးဆူဆူတွင် ခတ်လိုက်သောအခါ အရွက်စိမ်းများမှ စိမ်းဖန့်ဖန့်အရည်များထွက်လာသည်။ မြန်မာလက်ဖက်ခြောက်အတော်များများမှာ နီရဲရဲအရောင်များထွက်သဖြင့် Green Tea နှင့်မတူပါ။ အချို့မှာဆိုးဆေးကြောင့် အလွန်နီရဲနေတတ်သည်။ မသောက်သင့်ပါ။

Green Tea ကြောင့် အဆီကျသည်ဆိုသည်မှာ အနောက်တိုင်းမှ သုတေသနဖြစ်သည်။ Green Tea သောက်လျှင် ပိန်သည်။ တရုတ်၊ ဂျပန်၊ တရုတ်(ထိုင်ပေ) နှင့် အရှေ့တောင်အာရှနိုင်ငံများတွင် ဥရောပလောက် အစာအိမ်ကင်ဆာနှင့် အူမကြီးကင်ဆာအဖြစ်မများရခြင်းမှာ ရေနွေးကြမ်း Green Tea ကြောင့်ဖြစ်သည်ဟု သုတေသနဆေးပညာရှင်များက ခန့်မှန်းကြရာမှ နာမည်ကြီးလာခြင်းဖြစ်သည်။

ရေနွေးကြမ်းအဖန်ရည်ဖြင့် အဆီကျနိုင်သည်။ သို့သော်လည်း အဖန်မှာ ချုပ်သောသတ္တိရှိသဖြင့် ဝမ်းချုပ်၊ လေချုပ်၊ အစားပျက်ဖြစ်လာတတ်သည်။ လိပ်ခေါင်းရှိသူများဆိုလျှင် အဖန်ရည်နှင့်မတည့်ပါ။ ထို့ကြောင့်ပင် ရှေးက မြန်မာလူကြီးများ လက်ဖက်ရည်ကြမ်းဝိုင်းတွင် ဆားကို ကျက်အောင်လှော်ထားသောဆားလှော်ဘူးကလေး ပါလေ့ရှိသည်။ ရေနွေးကြမ်းအသောက်များလာသောအခါ ဆားလှော်အနည်းငယ်(လက်တစ်ဖျစ်ခန့်) ထည့်သောက်သည့်ဓလေ့ရှိသည်။ လေမချုပ်၊ ဝမ်းမချုပ်စေရန် ဆားလှော်က အဖန်ကိုဖျက်ပေးသည်။ ယခုခေတ်မှာ ဆရာဝန်များက ဆားကိုသွေးတိုးသည်ဟု ရှောင်ခိုင်းကြသဖြင့် ရေနွေးကြမ်းဝိုင်းတွင် ဆားလှော်ခွက်၊ ဘူး ထားသောဓလေ့မှာ ပျောက်ကွယ်သွားပြီဖြစ်သည်။

ရေနွေးကြမ်းအဖန်ရည်ကို သောက်ခြင်းဖြင့် ကိုလက်စထရော ခေါ် အဆီထဲမှမကောင်းသောအဆီ LDL ကို ကျစေနိုင်ကြောင်း ပါမောက္ခဆရာမကြီး ဒေါက်တာဒေါ်မြင့်မြင့်ခင်ကလည်း ထောက်ခံရေးသားထားသည်ကို ဖတ်ရဖူးသည်။ သို့သော် ဆရာမကြီးက တစ်နေ့လျှင် ကော်ဖီခွက်ဖြင့် နှစ်ခွက်ခန့်သာ သောက်ရန် ညွှန်ပြခဲ့သည်။

အမှန်တကယ်က ရေကိုဆူပွက်အောင် အပူပေးပြီး အအေးခံသောရေကျက်အေးကိုသောက်လျှင်ပင် လူကို ပိန်စေသောသတ္တိရှိသည်။ ကုန်းဘောင်ခေတ်နှောင်းပိုင်းက ယောအတွင်းဝန် ဦးဘိုးလှိုင်ပြုစုသောဥတုဘောဇနသင်္ဂဟကျမ်းတွင်ပင် ရေအမျိုးမျိုးအကြောင်းဖော်ပြထားရာ သဘာဝရေသည် လူကိုဝဖြိုးစေသောသတ္တိရှိသည်ဟု ဆိုထားသည်။ ဆူပွက်အောင်ကျိုထားပြီး အအေးခံထားသောရေသည် လူကိုပိန်စေသောသတ္တိရှိသည်။

လက်ဖက်ခြောက်ခတ်သော ရေနွေးကြမ်းအဖန်ရည်သည် လူကိုကောင်းသောအကျိုးပြုသည်။ အဝလွန်ခြင်းကိုလည်း တားဆီးနိုင်သည်။ သို့သော်တစ်နေ့လျှင် ကော်ဖီခွက် နှစ်ခွက်၊ သုံးခွက်ထက် ပိုသောက်လျှင် ဝမ်းချုပ်ခြင်း၊ လေချုပ်ခြင်း၊ စမြင်းခံခြင်း စသောဆိုးကျိုးအနည်းငယ်မျှရှိနိုင်သည်ကို သတိချပ်သင့်ပေသည်။ ဆေးဖက်ဝင်သောအရာတိုင်းတွင် တန်ဆေး၊ လွန်ဘေး သတိရှိသင့်သည်။

ရေအေးသောက်လျှင်ဝသည်။ ရေနွေးကြမ်း သို့မဟုတ် လက်ဖက်စိမ်းရည် (Green Tea) သောက်လျှင် ပိန်စေသည်၊ အဆီကျစေသည်ဟူသော အယူအဆများနှင့်ပတ်သက်၍ ရှင်းရှင်းလင်းလင်းသိလိုကြောင်း မေးမြန်းကြသူများအတွက် တင်ပြလိုက်ရပါသည်။

# ၂၀၂၄ ခုနှစ် (၇၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏ အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

(ခ) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှတက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(ဂ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ်တိုးတက်မြင့်မားအောင် အစဉ်တစိုက်အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ရေကိုချွေတာသုံးကြပါ

- ရေ၏အသက် တစ်မနက်သာ
ယနေ့ခါဝယ် လူငယ်လူကြီး
ရေနှင့်နီးမှ ကျန်းမာကြလိမ့်
ရေမရက ဒုက္ခပေါင်းစုံ
သင်တွေ့ကြုံလိမ့် လုံးစုံကောင်းစွာ
ကျန်းမာဖို့အရေး ရေကပေး၏
မနေးဂရု ပြုကြရမှာ
ဘယ်သောခါမှ လိုတာထက်ပို
ရေမသိုနှင့်။

- စာဆိုနှင့်အညီ ရှိခဲ့သည်
တိုင်းပြည်နှစ်ခု ရေလုကြရင်း
စစ်ခင်းရလု ချိန်ခါနုမှာ
မြတ်စွာဗုဒ္ဓ ညွှန်ပြတရား
ဟောစကားကြောင့် မင်းသားငါးရာ
မှန်တာကိုမြင် ကျွတ်တမ်းဝင်၏။

- ယခုအခါ ရေမှာရေသန့်
အနံ့သက်ကင်း ရစေခြင်းငှာ
တူးကာမြေအောက် ရေရင်းရောက်တိုင်
မထောက်မည့ာ ရောင်းကာဈေးတင်
မကြာခင်၌ ရေပင်ကုန်ခန်း
ပျောက်စတမ်းတည့် စူးစမ်းအရေးယူ
သက်ဆိုင်သူများ ပြုလုပ်သွားရန်
အချိန်တန်ပြီ ရှင်သန်ဖို့အရေး
ရေနှင့်မဝေးအောင် ကြံဆောင်ဂရု အထူးပြုလော့။

**ဘိုမျိုး(ရွှေဘို)**

## မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲမျိုးစုံ ၄၃၅၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

**မြောင်းမြ မတ် ၂၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲမျိုးစုံ ၄၃၅၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။



မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက ပဲမျိုးစုံ ၁၈၆၉၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သော ပဲမျိုးစုံကို ဖေဖော်ဝါရီလဒုတိယပတ်ကစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၄၃၅၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ရိတ်သိမ်းခဲ့သော ပဲမျိုးစုံ ၄၃၅၄ ဧကတွင် မတ်ပဲ ၁၇၅၂ ဧက၊ ပဲတီစိမ်းဧက ၁၄၅၀၊ ဗိုလ်ကိတ်ပဲ ၁၁၅၂ ဧကဖြစ်ကြောင်း သိရသည်။

"မြောင်းမြမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက ပဲမျိုးစုံ ၁၈၆၉၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲသီးနှံတွေကို ရိတ်သိမ်းနေတာ ဒီနေ့ထိ ၄၃၅၄ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ရိတ်သိမ်းဖို့ကျန်တဲ့ ပဲသီးနှံတွေကို ဆက်လက်ရိတ်သိမ်းနေပါတယ်။ အခုရိတ်သိမ်းနေတဲ့ ပဲသီးနှံတွေအပါအဝင် ဆောင်းသီးနှံတွေအားလုံး စိုက်ပျိုးနိုင်ဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက လိုအပ်တဲ့နည်းပညာတွေနဲ့ သွင်းအားစုတွေကို ကူညီပံ့ပိုးပေးခဲ့ပါတယ်"ဟု မြောင်းမြမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲသီးနှံများ စနစ်တကျ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး၊ သီးနှံများဖြစ်ထွန်းအောင်မြင်စေရေး၊ ပဲသီးနှံများပိုးမွှားအန္တရာယ်ကင်းရှင်းစေရေးအတွက် လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာန၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## ပုဗ္ဗသီရိမြို့နယ် တံတားဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်သစ် ပြန်လည်ဖွဲ့စည်း

**နေပြည်တော် မတ် ၂၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်လျက်ရှိသည့် အေးမြင့်သာယာကျေးရွာအုပ်စု တံတားဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်သစ်ပြန်လည်ဖွဲ့စည်းခြင်းကို မတ် ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဘက်စုံသုံးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးကိုကိုက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင်ရွေးချယ်ရာတွင် လိုက်နာရမည့်အချက်များနှင့်ကော်မတီဝင်များ၏ တာဝန်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းရာ မြို့နယ်ဦးစီးမှူးက ပြန်လည်ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးကိုကိုနှင့်ဝန်ထမ်းများ၊ ကျေးရွာသူ၊ ကျေးရွာသားများက အများသဘောဆန္ဒနှင့်အညီ တံတားဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**နော်လူး**

## ရေနံချောင်းမြို့နယ်၌ ကျေးရွာချင်းဆက်လမ်း မြေနီခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ရေနံချောင်း မတ် ၂၂**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ရေနံချောင်းမြို့နယ် ကံ့ရွာ-နဂါး-ထနောင်းလှ ကျေးရွာချင်းဆက်လမ်း မြေနီခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။


ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့မြ) ဦးဆလိုင်းနေအောင်ဆန်း၊ ရေနံချောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နှင်းပုလဲထွေးနှင့် တာဝန်ခံအင်ဂျင်နီယာများက ရေနံချောင်းမြို့နယ် ကံ့ရွာ-နဂါး-ထနောင်းလှ ကျေးရွာချင်းဆက်လမ်း မြေနီခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

အဆိုပါ ကံ့ရွာ-နဂါး-ထနောင်းလှကျေးရွာချင်းဆက်လမ်း အရှည် နှစ်မိုင် ငါးဖာလုံ၊ အကျယ် ၁၈ ပေ၊ အမြင့်ရှစ်လက်မရှိ မြေနီခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၉၅ ဒသမ ၄၃၆ သန်းဖြင့် ဌာနမှ အင်ဂျင်နီယာများစုဖွဲ့ကာ ၂၀၂၃ ခုနှစ် ဇွန်လတတိယပတ်မှစ၍ လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းပြီးစီးပြီဖြစ်၍ ကံ့ရွာကျေးရွာ၊ နဂါးကျေးရွာနှင့် ထနောင်းလှကျေးရွာတို့ရှိ အိမ်ခြေ ၅၀၉ အိမ်၊ လူ ၂၅၁၈ ဦးတို့ ရာသီမရွေးသွားလာနိုင်ပြီဖြစ်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး(မြို့မြ) ဦးဆလိုင်းနေအောင်ဆန်းထံမှ သိရသည်။

**ကျော်ဦး**

# SCIENCE AND TECHNOLOGY

## ကြာသပတေးဂြိုဟ်၏ ယူရိုပါဂြိုဟ်ရံလ မြေအောက်သမုဒ္ဒရာကို ကာကွယ်ပေးထားသည့်ရေခဲလွှာထုက အနည်းဆုံးကီလိုမီတာ ၂၀ ထိရှိ



**ဝါရှင်တန် မတ် ၂၂**

ကြာသပတေးဂြိုဟ်၏ ယူရိုပါဂြိုဟ်ရံလ မြေအောက်သမုဒ္ဒရာကို ကာကွယ်ပေးထားသည့် ရေခဲလွှာထုသည် အနည်းဆုံးကီလိုမီတာ ၂၀ (၁၂ မိုင်)ထိရှိကြောင်း မတ် ၂၀ ရက် သတင်းများအရ သိရသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဂယ်လီလီယိုအာကာသယာဉ်မှရရှိသည့် အချက်အလက်များကို အခြေပြု၍ ယူရိုပါဂြိုဟ်ရံလ မြေအောက်သမုဒ္ဒရာကို ကာကွယ်ပေးထားသော ရေခဲလွှာ၏ထုကိုတွက်ချက်ခဲ့ကြခြင်းဖြစ်သည်။

ဂယ်လီလီယို အာကာသယာဉ်မှရရှိသည့် အချက်အလက်များအရ ယူရိုပါဂြိုဟ်ရံလမြေအောက်သမုဒ္ဒရာကို ဖုံးလွှမ်းထားသော ရေခဲလွှာ၏ထုမှာ အနည်းဆုံး ၁၂ မိုင်ထိရှိကြောင်း အမေရိကန်နိုင်ငံ ပါဂျူးတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

ယူရိုပါဂြိုဟ်ရံလ မြေအောက်သမုဒ္ဒရာ၏ အထောက်အထားများကို နာဆာ၏ဗွိုင်ယေဂျာ အာကာသယာဉ်က ပထမဆုံးအကြိမ်တွေ့ရှိခဲ့ရသည်။

နောက်ပိုင်းတွင် ယူရိုပါဂြိုဟ်ရံလ မြေအောက်သမုဒ္ဒရာကို ဖုံးထားသည့် ရေခဲလွှာ၏ထုနှင့် ပတ်သက်၍ သိပ္ပံပညာရှင်များကြား ဝိဝါဒအမျိုးမျိုး ကွဲပြားခဲ့ရသည်။

ယူရိုပါဂြိုဟ်ရံလသည် ကြာသပတေးဂြိုဟ်၏ဂယ်လီလီယန်လ လေးစင်းအနက် အရွယ်အစားအသေးငယ်ဆုံးဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## ဆိုယုဇ်အာကာသလူသယ်ယာဉ်ကို မတ် ၂၁ ရက်တွင် လွှတ်တင်ရန်စီစဉ်ခဲ့သော်လည်း မလွှတ်တင်မီ ၂၀ စက္ကန့်အလိုမှာပင် လွှတ်တင်ရေးအစီအစဉ်ဖျက်သိမ်းခဲ့ရ

**မော်စကို မတ် ၂၂**

ရုရှား အာကာသအေဂျင်စီသည် အာကာသယာဉ်မှူး သုံးဦး လိုက်ပါမည့် ဆိုယုဇ်အာကာသလူသယ်ယာဉ်ကို မတ် ၂၁ ရက်တွင် လွှတ်တင်ရန် စီစဉ်ခဲ့သော်လည်း မလွှတ်တင်မီ ၂၀ စက္ကန့်အလိုမှာပင် လွှတ်တင်ရေးအစီအစဉ်ဖျက်သိမ်းခဲ့ရကြောင်း မတ် ၂၁ ရက် သတင်းများအရ သိရသည်။

ဆိုယုဇ် အာကာသလူသယ်ယာဉ်အတွင်း လွှတ်တင်မည့်အချိန်ကို အာကာသယာဉ်မှူးများစောင့်ဆိုင်းနေစဉ်မှာပင် လွှတ်တင်ရေးအစီအစဉ်ကို ဖျက်သိမ်းခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

ဒုံးအင်ဂျင်များမဖွင့်မီ အလိုအလျောက်စနစ်တစ်ခု ဖောက်ပြန်နေမှုကြောင့် ဆိုယုဇ်အာကာသလူသယ်ယာဉ် လွှတ်တင်ရေးအစီအစဉ်ကို ဖျက်သိမ်းခဲ့ခြင်းဖြစ်ကြောင်း ရုရှား အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။



လွှတ်တင်ရေး အစီအစဉ်ဖျက်သိမ်းခဲ့ရသော်လည်း ဆိုယုဇ် အာကာသလူသယ်ယာဉ်မှာ ဘေးကင်းလုံခြုံမှုရှိကြောင်း ရုရှားအာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောကြားသည်။

ဆိုယုဇ် အာကာသလူသယ်ယာဉ် ထပ်မံလွှတ်တင်မည့်အချိန်ကို ရုရှား အာကာသအေဂျင်စီက သတင်း ထုတ်ပြန်ခြင်းမရှိသေးပေ။

ဆိုယုဇ်အာကာသလူသယ်ယာဉ်သည် အမေရိကန်၊ ရုရှားနှင့်ဘီလာရုစ်အာကာသယာဉ်မှူးများကို နိုင်ငံတကာအာကာသစခန်းသို့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## Space-X အာကာသနည်းပညာကုမ္ပဏီက ဒရာဂွန်အာကာသကုန်တင်ယာဉ်ကို အောင်မြင်စွာလွှတ်တင်ခဲ့

**ဝါရှင်တန် မတ် ၂၂**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် ဒရာဂွန်အာကာသကုန်တင်ယာဉ်ကို မတ် ၂၁ ရက်တွင် အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း သိရသည်။

ဒရာဂွန် အာကာသကုန်တင်ယာဉ်ကို သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗရယ် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

CRS 30 အမည်ရှိ အဆိုပါမစ်ရှင်သည် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) နှင့်ရယူထားသည့် သဘောတူညီချက်အရ Space-X ကုမ္ပဏီက လွှတ်တင်ပေးခဲ့သော အကြိမ် ၃၀ မြောက် နိုင်ငံတကာ အာကာသစခန်း ထောက်ပို့မစ်ရှင်ဖြစ်သည်။

လွှတ်တင်ပြီး ၁၂ မိနစ်ခန့်အကြာတွင် CRS 30 ဒရာဂွန် အာကာသ ကုန်တင်ယာဉ်သည် ဖယ်လ်ကွန်-၉ ဒုံးပျံထိပ်ဖူးအဆင့်ဒုံးယာဉ်မှ အောင်မြင်စွာခွဲထွက်နိုင်ခဲ့သည်။

၎င်းအာကာသကုန်တင်ယာဉ်သည် ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ နှစ်ရက်ကြာ ပျံသန်းပြီးနောက် နိုင်ငံတကာ အာကာသစခန်းနှင့် ချိန်ဆက်ရန် စီစဉ်ထားကြောင်း သိရသည်။

CRS 30 ဒရာဂွန်အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းအတွက် ရိက္ခာ အထောက်အပံ့နှင့် သိပ္ပံစမ်းသပ်ရေးပစ္စည်းကိရိယာ စုစုပေါင်း အလေးချိန် သုံးတန်ထိ သယ်ဆောင်ထားကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## ကာလဝမ်းရောဂါဖြစ်နိုင်ခြေမြင့်မားမှုကြောင့် ကာလဝမ်းရောဂါကာကွယ်ဆေးများ တိုးမြှင့်ထုတ်လုပ်ရန် WHO တိုက်တွန်း

**ဂျီနီဗာ မတ် ၂၂**

ကမ္ဘာ့ပြည်သူပေါင်းများစွာတို့ ကာလဝမ်းရောဂါဖြစ်နိုင်ခြေမြင့်မားနေမှုကြောင့် ကာလဝမ်းရောဂါကာကွယ်ဆေးများ တိုးမြှင့်ထုတ်လုပ်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က မတ် ၂၀ ရက်တွင် နိုင်ငံတကာကို တိုက်တွန်းခဲ့ကြောင်း မတ် ၂၁ ရက် သတင်းများအရ သိရသည်။

သန့်ရှင်းသည့် သောက်သုံးရေ မသုံးစွဲနိုင်မှု၊ ကာကွယ်ဆေးများ မလုံလောက်မှုတို့ကြောင့် ကမ္ဘာ့ပြည်သူ သန်းပေါင်းများစွာတို့ ကာလဝမ်းရောဂါဖြင့် ရင်ဆိုင်ရနိုင်ကြောင်း WHO က သတိပေးထားသည်။

ကမ္ဘာတစ်ဝန်း ကာလဝမ်းရောဂါဖြစ်ပွားမှုမှာ ၂၀၂၁ ခုနှစ်အတွင်း စတင်မြင့်တက်လာခဲ့ရာ ၂၀၂၂ ခုနှစ်တွင် တစ်ကမ္ဘာလုံးအတိုင်းအတာအရ ကာလဝမ်းရောဂါဖြစ်ပွားခဲ့သူ ၄၇၃၀၀၀ ထိရှိခဲ့ကြောင်း WHO ၏အဆိုအရ သိရသည်။

သို့ဖြစ်ရာ ကာလဝမ်းရောဂါဖြစ်ပွားမှု မြင့်တက်လာချိန်တွင် ကာကွယ်ဆေးများလည်း တိုးမြှင့်ထုတ်လုပ်ရန်လိုအပ်ကြောင်း WHO ကြေညာချက်တွင် ဖော်ပြထားသည်။

သန့်ရှင်းသည့် သောက်သုံးရေ သုံးစွဲနိုင်မှု ကွာဟချက်များနှင့် ရေဆိုးသန့်စင်မှုစနစ် ကင်းမဲ့မှုများကြောင့် ကမ္ဘာတစ်ဝန်း၌ ကာလဝမ်းရောဂါဖြစ်ပွားသူ မြင့်တက်လာခြင်းဖြစ်ကြောင်း WHO မှ တာဝန်ရှိသူများက ပြောကြားသည်။

**Ref : Russia Today**
**Trs : KKO**

## လေ့ကျင့်ခန်းပြုလုပ်မှုက ရင်သားကင်ဆာလူနာများ၏ကျန်းမာရေးကို အကျိုးပြုနိုင်

**အမ်စတာဒမ် မတ် ၂၂**

လေ့ကျင့်ခန်း ပြုလုပ်မှုသည် ရင်သားကင်ဆာလူနာ အမျိုးသမီးများ၏ ကျန်းမာရေးကိုအကျိုးပြုနိုင်ကြောင်း သုတေသနပညာရှင်များက မတ် ၂၁ ရက်တွင် ပြောကြားသည်။

ကင်ဆာဆဲလ်များ အခြားကိုယ်တွင်းအင်္ဂါများသို့ ပျံ့နှံ့နေသော ရင်သားကင်ဆာ လူနာများအနေဖြင့် လေ့ကျင့်ခန်းပြုလုပ်ပေးပါက နာကျင်ကိုက်ခဲမှု၊ မောပန်းနွမ်းနယ်မှုပြဿနာများကို လျှော့ချနိုင်သည့်အပြင် ဘဝရှင်သန်မှုအရည်အသွေးလည်း မြင့်မားလာနိုင်ကြောင်း နယ်သာလန်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

အသက်ဆက်ကုထုံးများကြောင့် ရင်သားကင်ဆာလူနာများ ဘဝသက်တမ်းပိုရှည်လာချိန်တွင် နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများနှင့်လည်း ရင်ဆိုင်ရတတ်သည်။

သို့ရာတွင် လေ့ကျင့်ခန်းပုံမှန်ပြုလုပ်ပါက ရင်သားကင်ဆာလူနာများ၏ ဘဝနေထိုင်မှုအရည်အသွေးပိုမြင့်မားလာနိုင်ကြောင်း နယ်သာလန် သုတေသန ပညာရှင်များက ပြောကြားသည်။

နယ်သာလန် သုတေသနပညာရှင်များသည် ရင်သားကင်ဆာလူနာ ၃၅၇ ဦးတို့ကို လက်တွေ့လေ့လာစမ်းသပ်မှုများ ပြုလုပ်ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

အထူးသဖြင့် လေ့ကျင့်ခန်းပြုလုပ်မှု၏ အကျိုးကျေးဇူးကို အသက် ၅၀ အောက် ရင်သားကင်ဆာလူနာများ၌ အထင်ရှားဆုံးတွေ့မြင်ရကြောင်း နယ်သာလန် သုတေသန ပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**
**Trs : KKO**



# နိုင်ငံတကာ အားကစားသတင်းများ

# ကွန်ကာကပ်နေးရှင်းလိဂ်ပြိုင်ပွဲတွင် အမေရိကန်အသင်း ဗိုလ်လုပွဲသို့ သုံးကြိမ်ဆက်တိုက်တက်ရောက်



**ဝါရှင်တန် မတ် ၂၂**

ကွန်ကာကပ်နေးရှင်းလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် အမေရိကန်အသင်းနှင့် ဂျမေကာအသင်း တို့ကစားခဲ့ရာ အမေရိကန်အသင်းက အချိန်ပိုသွင်းဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် နေးရှင်းလိဂ်ပြိုင်ပွဲတွင် ဗိုလ်လုပွဲသို့ သုံးကြိမ်ဆက်တက်ရောက်နိုင်ခဲ့သည်။

ကွန်ကာကပ်နေးရှင်းလိဂ်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် အမေရိကန်အသင်းသည် ၂၀၁၉-၂၀၂၀ ဘောလုံးရာသီနှင့် ၂၀၂၂-၂၀၂၃ ဘောလုံးရာသီတို့တွင် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ပြီး ဆုဖလားရယူနိုင်ခဲ့သကဲ့သို့ ယခုနှစ်တွင်လည်း ဆီမီးဖိုင်နယ်အဆင့်တွင် ဂျမေကာကိုအချိန်ပိုသွင်းဂိုး သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် သုံးကြိမ်ဆက်တိုက် ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့သည်။

ဂျမေကာအသင်းနှင့်ပွဲစဉ်တွင် အမေရိကန်အသင်းသည် ပူလီဆစ်၊ ဘာလိုဂန်၊ ဝီယာ၊ မူဆာ၊ မက်ကင်နီ စသည့် အဓိက ကစားသမားများနှင့် ပွဲထွက်လာခဲ့သော်လည်း ပွဲချိန်တစ်မိနစ်တွင် တန်ပြန်တိုက်စစ်မှ ဂျမေကာအသင်းကို ဦးဆောင်ဂိုးခွင့်ပြုခဲ့ရသဖြင့် ဖိအားအောက်ကျရောက်ခဲ့ပြီး ပွဲချိန်အတွင်း လူစားလဲမှုများပြုလုပ်၍ တိုက်စစ်မြှင့်တင်ခဲ့သော်လည်းနာကျင်အချိန်ပို မိနစ် ၉၀ ကျော်မှသာ ဂျမေကာအသင်းမှ ကိုယ့်ဂိုးကိုယ် သွင်းယူခဲ့မှုကြောင့် ချေပဂိုးရရှိခဲ့ပြီး အချိန်ပိုဆက်လက်ကစားခဲ့ရသည်။

အချိန်ပိုတွင် တိုက်စစ်မြှင့်တင်လာသည့် အမေရိကန်အသင်းသည် ဘောလုံးပိုင်ဆိုင်မှု အသာဖြင့် ကစားနိုင်ခဲ့ကာ ပွဲချိန် ၉၆ မိနစ်နှင့် ပွဲချိန် ၁၀၉ မိနစ်တို့တွင် လူစားဝင်တိုက်စစ်မှူး ဟာဂျီရိုက်ကဦးဆောင်ဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့ပြီး သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

အခြားပွဲစဉ်တွင် မက္ကဆီကိုအသင်းက ပနားမားအသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သဖြင့် ဗိုလ်လုပွဲစဉ်အဖြစ် အမေရိကန်အသင်းနှင့် ကစားရမည်ဖြစ်ပြီး မတ် ၂၅ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

# အင်္ဂလန်အသင်းလူစာရင်းမှ ဒဏ်ရာပြဿနာကြောင့် အာဆင်နယ်ကစားသမား ဆာကာထွက်ခွာခဲ့ရ

**လန်ဒန် မတ် ၂၂**

နိုင်ငံတကာ ခြေစမ်းပွဲအတွက် အင်္ဂလန်အသင်း လူစာရင်းတွင် ရွေးချယ်ခံထားရသည့် အာဆင်နယ် တောင်ပံကစားသမား ဆာကာသည် မတ် ၂၁ ရက်က ပြုလုပ်ခဲ့သည့် လေ့ကျင့်ရေးအစီအစဉ်တွင်ဒဏ်ရာကြောင့် ပါဝင်နိုင်ခြင်းမရှိဘဲ အသင်းလူစာရင်းမှ ထွက်ခွာခဲ့ရကြောင်း သိရသည်။

တောင်ပံကစားသမား ဆာကာသည် ကြာသပတေးနေ့ကပြုလုပ်ခဲ့သည့် လေ့ကျင့်ရေးအစီအစဉ်တွင် ဒဏ်ရာပြဿနာကြောင့် ပါဝင်ကစားနိုင်ခြင်းမရှိခဲ့သဖြင့် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က အသင်းလူစာရင်းမှ ထုတ်ပယ်ခဲ့သဖြင့် အာဆင်နယ်အသင်းနှင့် ပြန်လည်ပူးပေါင်းခဲ့ပြီး မတ် ၃၁ ရက်တွင် ကစားရမည့် မန်စီးတီးအသင်းနှင့်ပွဲစဉ်ကိုလည်း လွဲချော်နိုင်ဖွယ်ရှိနေသည်။

တောင်ပံကစားသမား ဆာကာအပြင် အာဆင်နယ်အသင်းမှ အဓိက ကစားသမားများဖြစ်သည့် တိုက်စစ်မှူး မာတင်နယ်လီနှင့်ခံစစ်ကစားသမား ဂါဘရီရယ်တို့သည်လည်း ဒဏ်ရာပြဿနာကြောင့် ဘရာဇီးလက်ရွေးစင် အသင်းမှ ချန်လှပ်ခံခဲ့ရပြီး အမှတ်ပေးချန်ပီယံဆုအတွက် အဆုံးအဖြတ်ပေးမည့် မန်စီးတီးအသင်းနှင့်ပွဲစဉ်၌ ပါဝင်ရန်မသေချာကြောင်း သိရသည်။

အသက် ၂၂ နှစ်ရှိ ဆာကာသည် ယခုနှစ်ဘောလုံးရာသီ အာဆင်နယ်အသင်းနှင့် ပြိုင်ပွဲစုံ ၃၇ ပွဲတွင် ၂၉ ပွဲ ပွဲထွက်ခွင့်ရခဲ့ပြီး သွင်းဂိုး ၁၆ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၃ ကြိမ်ထိပြုလုပ်နိုင်ခဲ့သဖြင့် အသင်း၏ ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရပ်တည်လျက်ရှိသည်။

လက်ရှိတွင် ဘရာဇီးအသင်း၊ ဘယ်လ်ဂျီယံအသင်းတို့နှင့် ခြေစမ်းပွဲအတွက်ပြင်ဆင်နေသည့်အင်္ဂလန်အသင်းသည် တောင်ပံကစားသမား ဆာကာ၏နေရာတွင် အစားထိုးခေါ်ယူခြင်းမရှိသေးဘဲ လက်ရှိလူစာရင်းနှင့်သာ ကစားသွားဖွယ်ရှိကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**



# မတ်လအတွက်လာလီဂါတစ်လတာအကောင်းဆုံးကစားသမားစာရင်းတွင် ဘာစီလိုနာမှ လေးဦးထိပါဝင်

**မက်ဒရစ် မတ် ၂၂**

ဘာစီလိုနာအသင်းသည် မတ်လအတွင်းကစားခဲ့သည့် လာလီဂါပွဲစဉ်တွင်ရှုံးပွဲမရှိခဲ့ဘဲရလဒ်ကောင်းရရှိခဲ့ပြီးနောက် နည်းပြ ဇာဗီ၊ တိုက်စစ်မှူး ယာမယ်၊ တိုက်စစ်မှူး လီဝမ်ဒေါစကီးနှင့်ခံစစ်ကစားသမား ကျူဘာစီတို့အနေဖြင့် တစ်လတာ အကောင်းဆုံး ဆန်ခါတင်စာရင်း ပါဝင်လာခဲ့ကြောင်း သိရသည်။

နည်းပြဇာဗီသည်မတ်လအတွင်း ကစားခဲ့သည့် အမှတ်ပေးပွဲစဉ် သုံးပွဲတွင် ဘီလ်ဘာအိုအသင်းကို သရေရလဒ်၊ မာယော့ကာအသင်းကို တစ်ဂိုး ဂိုးမရှိ၊ အေတီကိုအသင်းကို သုံးဂိုး ဂိုးမရှိတို့ဖြင့် အနိုင်ရရှိခဲ့အောင် စွမ်းဆောင်နိုင်ခဲ့သဖြင့် ဗီလာရီးရဲလ်အသင်းနည်းပြ မာဆယ်လီနိုနှင့် ရီးရဲလ်မက်ဒရစ်နည်းပြ အန်ဆယ်လော့တီတို့နှင့် အတူ ဆန်ခါတင်စာရင်းတွင်ပါဝင်ခဲ့သည်။

တိုက်စစ်မှူး လီဝမ်ဒေါစကီးသည် အဆိုပါပွဲစဉ်များ၌ အသင်းအတွက် သွင်းဂိုးတစ်ဂိုးနှင့်ဂိုးဖန်တီးမှုတစ်ကြိမ်ပြုလုပ်၍ ခြေစွမ်းပြကစားနိုင်ခဲ့သဖြင့် ရီးရဲလ်မက်ဒရစ် တိုက်စစ်မှူး ဗင်နီစီးယက်စ်၊ဆိုစီဒက် တိုက်စစ်မှူး မန်ဒက်ဇ်၊ ဗီလာရီးရဲလ် တိုက်စစ်မှူး ဆိုးလော့၊ဘီလ်ဘာအို တိုက်စစ်မှူး ဂူရူဇီတာတို့နှင့် အကောင်းဆုံးစာရင်းတွင် ပါဝင်ခဲ့ပြီး လူငယ်တိုက်စစ်မှူး ယာမယ်သည် မာယော့ကာအသင်းကိုအနိုင်ရခဲ့သည့်ပွဲစဉ်တွင် သွင်းယူခဲ့သည့် သွင်းဂိုးကြောင့်တစ်လတာအကောင်းဆုံးသွင်းဂိုးစာရင်းတွင် ဘီလ်ဘာအိုအသင်းမှ ကာဗယ်ဟို၊ ဆဲလ်တာဗီဂိုအသင်းမှ လာဆင်တို့နှင့်အတူ အကောင်းဆုံးစာရင်းတွင် ပါဝင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် လူငယ်ကစားသမား ကျူဘာစီသည်လည်း မတ်လအတွင်း ကစားခဲ့သည့်ပွဲစဉ်များတွင် ပုံစံကောင်းပြသနိုင်ခဲ့သဖြင့် ကာမာဗင်ဂါ၊ဘောနာ၊ပရာဒို်စ်၊မာမာဒက်ရှ် ဗီလီတို့နှင့်အတူ တစ်လတာလူငယ် အကောင်းဆုံးစာရင်းတွင် ပါဝင်ခဲ့သောကြောင့် ဘာစီလိုနာအသင်းမှ လေးဦးထိ ပါဝင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

# Valspar Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် စထရီးမန်းက အမှတ်ပေးဇယားကို ဦးဆောင်

**ဖလော်ရီဒါ မတ် ၂၂**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ပမ်းဟာဘာမြို့တွင်ကျင်းပနေသည့်Valspar Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမားစထရီးမန်းက သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမား တစ်ဦးပင်ဖြစ်သည့် ကီဗင်ရှိုင်းက သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက် လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင်ရပ်တည်လျက်ရှိနေပြီး အမေရိကန်ဂေါက်သီးရိုက်ကစားသမားမယ်နာတီ၊ ကနေဒါဂေါက်သီးရိုက်ကစားသမား စဗန်ဆင်နှင့်တရုတ်ဂေါက်သီးရိုက်ကစားသမား ယွမ်ယီချန်တို့က သတ်မှတ်ရိုက်ချက်ထက် ငါးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်ခဲ့ကြသည်။

အမှတ်ပေးဇယားကိုဦးဆောင်နေသည့် စထရီးမန်းသည် ပထမကိုးကျင်းတွင် ပုံမှန်အတိုင်းသာကစားနိုင်ခဲ့သော်လည်း ဒုတိယကိုးကျင်းတွင် စွမ်းဆောင်တိုးတက်လာခဲ့ပြီး Birdies ရိုက်ချက် သုံးကျင်းဆက်တိုက်ရရှိခဲ့ပြီးအမှတ်ပေးဇယား၏ ဒုတိယနေရာတွင်ရပ်တည်နေသည့် ကီဗင်ရှိုင်းမှာကျင်းတစ်ချို့တွင် ရလဒ်ကောင်းရရှိရန် ရုန်းကန်ခဲ့ရသော်လည်း Birdies ရိုက်ချက် ရှစ်ကျင်းထိ ရရှိခဲ့သည့်အတွက် အမှတ်ပေးဇယား၏ ဒုတိယနေရာတွင်ရပ်တည်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကီဗင်ရှိုင်းက "ကျင်းတချို့မှာ လိုချင်တဲ့အတိုင်း မရိုက်နိုင်ခဲ့ဘူး။ ဒါပေမဲ့ Birdies ရှစ်ကျင်းထိရရှိခဲ့တဲ့ရလဒ်ကတော့ အားရကျေနပ်စရာကောင်းပါတယ်။ စထရီးမန်းကစားသွားတာလဲ ကောင်းပါတယ်။ Birdies ရှစ်ကျင်းရတာတောင် သူနဲ့ ရိုက်ချက်တစ်ချက်ဟနေသေးတယ်။ ဒီနေ့မှာဂေါက်သီးအမျိုးအစားအသစ်ကို အသုံးပြုခဲ့ပါတယ်။ ရလဒ်ကောင်းရဖို့အတွက် အထောက်အကူဖြစ်စေခဲ့ပါတယ်။ ဂေါက်သီးလှိမ့်သွားတဲ့ အခြေအနေကိုကောင်းကောင်းမြင်တွေ့ခဲ့ရသလို ကိုယ်ရိုက်လိုက်တဲ့ ဂေါက်သီးဘယ်လိုပုံစံနဲ့ ဘယ်နေရာကိုရောက်သွားသလဲဆိုတာ ရလဒ်ကောင်းဖို့အရေးကြီးဆုံး အချက်တစ်ချက်ဖြစ်တယ်။ ဒီအချက်ဟာအယူအဆပိုင်းအတွက် အများအကြီး အထောက်အကူဖြစ်စေပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**



## အားကစားသတင်းအတိုအထွာများ

- ❑ ချန်ပီယံရှစ်ကလပ်သို့တန်းဆင်းသွားသည့် လက်စတာအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက ပရီးမီးယားလိဂ်၏ဘဏ္ဍာရေးစည်းမျဉ်းကို ချိုးဖောက်ခဲ့သည့်အတွက် ရမှတ်လျှော့ပြစ်ဒဏ်နှင့် ရင်ဆိုင်နေရကြောင်း သိရသည်။
- ❑ ချဲလ်ဆီးအသင်းသည် နာပိုလီတိုက်စစ်မှူး အိုစီမန်ကိုခေါ်ယူရန်ကြိုးပမ်းနေသော်လည်း ကစားသမား၏ပြောင်းရွှေ့ကြေးမြင့်မားမှုကြောင့် အင်တာမီလန်အသင်းတိုက်စစ်မှူး မာတီနက်ဇ်ကိုသာ ပြောင်းလဲခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိသည်။
- ❑ ဖရိုစီဝမ်းအသင်းတွင် အငှားသွားရောက်ကစားနေသည့် ဂျူဗင်တပ်ကစားသမား ဆိုးလ်က ပြီးခဲ့သည့်နှစ် နွေရာသီအပြောင်းအရွှေ့ကာလက ၎င်းအနေဖြင့် ဆော်ဒီအာရေဗျကလပ် အယ်အီသီဟတ်အသင်း၏ကမ်းလှမ်းမှုကို ခံခဲ့ရသော်လည်းငြင်းဆိုခဲ့ကြောင်း ပြောကြားခဲ့သည်။ ML

# ဆီးရီးယားနှင့်ကစားမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲဒုတိယအကျော့ပွဲစဉ်အတွက် မြန်မာ့လက်ရွေးစင်အသင်း အပြီးသတ်ကစားသမားစာရင်း ထုတ်ပြန်



**ရန်ကုန် မတ် ၂၂**

မြန်မာ့လက်ရွေးစင် အသင်းနည်းပြ ဖိုက်တန်ဘိုင်နာက ဆီးရီးယားအသင်းနှင့်ကစားမည့် ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲ (အာရှဇုန်) ဒုတိယအကျော့ပွဲစဉ်အတွက် မြန်မာ့လက်ရွေးစင်အသင်း၏ အပြီးသတ်ကစားသမားစာရင်းကို ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် အသင်း၏ အပြီးသတ် ကစားသမားစာရင်းမှ ဂိုးသမားနေရာ၌ ပြည့်ဖြိုးအောင်၊ ကောင်းဆက်နိုင်၊ ကျော်ဇင်ဖြိုး၊ ခံစစ်ကစားသမားနေရာတွင် ဟိန်းဇေယျာလင်း၊ဒေးဗစ်ထန်း၊ကောင်းထက်ပိုင်၊ ငြိမ်းချမ်း၊ ဟိန်းဖြိုးဝင်း၊ စိုးမိုးကျော်၊ ဇွဲခန့်မင်း၊ သက်ဟိန်းစိုး၊ ခွန်ကျော်ဇင်ဟိန်း၊ ကွင်းလယ်ကစားသမားနေရာတွင် ရန်နိုင်ဦး၊ ဇော်ဝင်းသိန်း၊ ကျော်မင်းဦး၊ နေမိုးနိုင်၊လွင်မိုးအောင်၊ဟိန်းထက်အောင်၊ တိုက်စစ်ကစားသမားနေရာတွင် အောင်သူ၊ မောင်မောင်လွင်၊ အောင်ကောင်းမာန်နှင့် ဥက္ကာနိုင်တို့ပါဝင်ခဲ့ကြသည်။

မြန်မာ့လက်ရွေးစင် အသင်းသည် ဆီးရီးယားအသင်းနှင့် ကစားမည့် ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲ (အာရှဇုန်) ဒုတိယအကျော့ပွဲစဉ်အတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် ယနေ့ညနေပိုင်းက ဆော်ဒီအာရေဗျနိုင်ငံသို့ထွက်ခွာခဲ့ပြီး မတ် ၂၃ ရက်တွင် ရောက်ရှိမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းနှင့် ဆီးရီးယားအသင်းတို့သည် ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲ (အာရှဇုန်) ပထမအကျော့ပွဲစဉ်တွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် မတ် ၂၁ ရက်က ကစားခဲ့ရာ တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ဒုတိယအကျော့ပွဲစဉ်ကို ကြားကွင်းအဖြစ် မတ် ၂၆ ရက်တွင် ဆော်ဒီအာရေဗျနိုင်ငံ ဒါမန်းမြို့တွင် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ **STA**

# မီယာမီအိုးပင်းတင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ ရိုင်ဘာကီနာတက်ရောက်

**ဝါရှင်တန် မတ် ၂၂**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် မီယာမီမြို့တွင် ကျင်းပနေသည့် မီယာမီအိုးပင်းတင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်အဖြစ် ကာဇက်စတန်တင်းနစ်မယ် ရိုင်ဘာကီနာနှင့် ဒိန်းမတ်တင်းနစ်မယ် တော်ဆင်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရိုင်ဘာကီနာက(၃-၆၊ ၇-၅၊ ၆-၄) ရလဒ်ဖြင့်အနိုင်ရရှိကာ တတိယအဆင့်သို့တက်ရောက်နိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

နိုင်ခြေအဆင့်(၄) သတ်မှတ်ခံထားရသော ရိုင်ဘာကီနာသည် ပထမပွဲငယ်တွင် တော်ဆင်ကိုရှုံးနိမ့်ခဲ့ပြီး နောက်မှလိုက်ကစားခဲ့ရကာ ဒုတိယပွဲငယ်နှင့် တတိယပွဲငယ်တို့တွင် ပြန်လည်အနိုင်ရရှိပြီး တတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ဒုတိယပွဲငယ်၌ tie-break တွင် အနိုင်ရခဲ့သည့်အတွက် ရိုင်ဘာကီနာသည် တတိယပွဲငယ်ကို ဆက်လက်ကစားခွင့်ရကာ တတိယပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီး ဗိုလ်စွဲရန်ရေပန်းစားနေသည့် ပြိုင်ပွဲဝင်စာရင်းတွင်ပါဝင်နေသည့် ရိုင်ဘာကီနာသည် တော်ဆင်ကို အနိုင်ရခဲ့သည့် စွမ်းဆောင်ရည်ပိုင်းသည် ချန်ပီယံဆုကိုဆွတ်ခူးနိုင်ရန် လုံလောက်သည့် အနေအထားမျိုး မရှိသည့်အတွက် ချန်ပီယံဆုဆွတ်ခူးနိုင်ရေးစွမ်းဆောင်ရည်ပိုင်းတိုးတက်ရန်လိုအပ်နေသေးသည်။

ရိုင်ဘာကီနာသည် တတိယအဆင့်၌ အမေရိကန်တင်းနစ်မယ် တောင်းဆန်နှင့် ကစားသွားရမည်ဖြစ်ပြီး တောင်းဆန်သည် ဒုတိယအဆင့်တွင် ဘယ်လ်ဂျီယံတင်းနစ်မယ် မာတန့်နှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီးတောင်းဆန်က(၆-၂၊၆-၂)ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**



# ဟာလန်း၏ဒဏ်ရာမှာအသေးစားဒဏ်ရာဖြစ်ဟု နော်ဝေအသင်းနည်းပြ ဆိုဘတ်ကန်အတည်ပြု

**မန်ချက်စတာ မတ် ၂၂**

နော်ဝေအသင်းနည်းပြ ဆိုဘတ်ကန်က အသင်းမှအဓိကတိုက်စစ်မှူး ဟာလန်း၏ဒဏ်ရာမှာ မပြင်းထန်ဘဲ အသေးစား ဒဏ်ရာသာဖြစ်သည့်အတွက် ပွဲစဉ်များကစားရန် အသင့်ရှိနေသည်ဟု အတည်ပြုခဲ့ကြောင်း သိရသည်။

ဟာလန်းသည် ယခုရက်သတ္တပတ်အတွင်း နိုင်ငံတကာပွဲစဉ်များကစားရန်အတွက် နော်ဝေအသင်းနှင့် ပူးပေါင်းလျက်ရှိနေပြီး ပြီးခဲ့သည့် ရက်ပိုင်းက လေ့ကျင့်ရေးအစီအစဉ်တွင် ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့ပြီး ဆက်လက် ကစားနိုင်ခြင်းမရှိသည့်အတွက် လေ့ကျင့်ရေးအစီအစဉ်မှ ထွက်ခွာခဲ့ရသည်။

ဟာလန်းအနေဖြင့် ခြေချင်းဝတ်ဒဏ်ရာကြောင့် မန်စီးတီးအသင်း ပရိသတ်များအတွက် စိုးရိမ်စရာဖြစ်ခဲ့သော်လည်း အသေးစိတ်စစ်ဆေးမှုများပြုလုပ်အပြီးတွင် အသေးစားဒဏ်ရာသာဖြစ်သည့်အတွက် အနားယူရန်မလိုအပ်ဘဲ ပွဲစဉ်များကစားနိုင်မည်ဟု နည်းပြ ဆိုဘတ်ကန်က မန်စီးတီးအသင်းထံ အကြောင်းကြားခဲ့ခြင်းဖြစ်သည်။

အစောပိုင်းက ဟာလန်းအနေဖြင့် ဒဏ်ရာကြောင့် လာမည့် မတ် ၃၁ရက်တွင်ကစားမည့် ပရီးမီးယားလိဂ်ချန်ပီယံဆုအတွက် အရေးကြီးပွဲစဉ်ဖြစ်သည့် အာဆင်နယ်အသင်းနှင့်ပွဲစဉ်ကို လွဲချော်ဖွယ်ရှိနေသည်ဟု သတင်းများထွက်ပေါ်ခဲ့သည်။

နည်းပြဆိုဘတ်ကန်က"ဟာလန်းဒဏ်ရာက အသေးစားဒဏ်ရာပါ။ လာမဲ့ပွဲစဉ်တွေကိုကြံ့ခိုင်မှုအပြည့်နဲ့ ကစားနိုင်မှာပါ။သူ့ဒဏ်ရာက စိုးရိမ်စရာမရှိပါဘူး။မန်စီးတီးအသင်းကိုလဲ အကြောင်းကြားထားပါတယ်။လာမဲ့ပွဲစဉ်တွေမှာသူကစားဖို့အသင့်ပါပဲ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : STA**

# ရီးရဲလ်မက်ဒရစ်အသင်းက ကာဟာဂျယ်၏နေရာတွင် အစားထိုးရန် လီဗာပူးအသင်းမှအာနိုးကို ခေါ်ယူရန်ပြင်ဆင်



**လန်ဒန် မတ် ၂၂**

ရီးရဲလ်မက်ဒရစ် အသင်းက လာမည့် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလ၌ အသင်း ညာတောင်ပံခံစစ်နေရာမှ ကာဟာဂျယ်၏နေရာတွင် ရေရှည်အစားထိုးရန် လီဗာပူးအသင်းမှ အာနိုးကို ခေါ်ယူရန် ပြင်ဆင်လျက်ရှိနေကြောင်း သိရသည်။

ရီးရဲလ်မက်ဒရစ် အသင်းသည် လက်ရှိအသင်းကစားသမားစာရင်းတွင် ဗင်နီစီးယက်စ်၊ ကာမာဗင်ဂါ၊ ဗယ်ဗာဒီ၊ ဘရာဟမ်ဒီယက်၊ ဘယ်လင်ဟမ်၊ ချူအာမန်နီ အစရှိသည့် လူငယ်ကစားသမားများရှိနေသည့်အပြင် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလ၌ ဘရာဇီး ကြယ်ပွင့်ကစားသမား အန်းနရစ်ကို ခေါ်ယူနိုင်ခဲ့ပြီးဖြစ်သကဲ့သို့ ပီအက်စ်ဂျီအသင်းမှ အမ်ဘက်ပီကိုလည်း ခေါ်ယူရန်အတွက် နီးစပ်လျက်ရှိနေပြီဖြစ်သည်။

ရီးရဲလ်မက်ဒရစ် အသင်းက အသင်းကို ထိပ်တန်းလူငယ်ကစားသမားများဖြင့်ဖွဲ့စည်းရန် ကြိုးပမ်းနေပြီး အသင်းခံစစ်ပိုင်းအတွက် လာမည့် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် အသင်း ဘယ်တောင်ပံ ခံစစ်နေရာအတွက် ဘိုင်ယန်မြူးနစ်အသင်းမှအယ်ဖွန်ဆို ဒေးဗစ်ကိုခေါ်ယူရန် ပြင်ဆင်နေသကဲ့သို့ ညာတောင်ပံခံစစ်နေရာအတွက်လည်း အာနိုးကိုပါပစ်မှတ်ထားနေခြင်းဖြစ်သည်။

အသက် ၂၅ နှစ်ရှိ အာနိုးသည် လီဗာပူးအသင်း အကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး ကမ္ဘာ့အကောင်းဆုံး ညာတောင်ပံခံစစ်ကစားသမားများမှတစ်ဦးအပါအဝင်ရပ်တည်နေသူဖြစ်ကာ အသင်းနှင့် စာချုပ်သက်တမ်းမှာလည်း တစ်နှစ်သာ ကျန်ရှိတော့သည့်အတွက် ရီးရဲလ်မက်ဒရစ်အသင်းကလာမည့် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလ၌ခေါ်ယူရန် ပြင်ဆင်နေခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်းအနေဖြင့် အာနိုးကို ခေါ်ယူမည်ဆိုပါက အနည်းဆုံး ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၇၀ ခန့်ထိ ပေးချေရဖွယ်ရှိနေကြောင်း သိရသည်။

**Ref : Sputnik**
**Trs : STA**

# မန်ယူအသင်းက ဝုဗ်အသင်းမှ ဂိုမက်စ်ကို ခေါ်ယူရန် ပစ်မှတ်ထား

**မန်ချက်စတာ မတ် ၂၂**

မန်ယူအသင်းက အသင်းကွင်းလယ်ပိုင်းတွင်ဝါရင့်ကွင်းလယ်ကစားသမား ကက်စ်မဲရိုး၏နေရာ၌ အစားထိုးရန် ဝုဗ်အသင်းမှ ဂိုမက်စ်ကို ပစ်မှတ်ထားနေကြောင်း သိရသည်။

အသက် ၃၂ နှစ်ရှိ ကက်စ်မဲရိုးသည် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က ရီးရဲလ်မက်ဒရစ်အသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့် ပြီးခဲ့သည့် ဘောလုံးရာသီက အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ကာ ပရီးမီးယားလိဂ်တွင် အကောင်းဆုံးကွင်းလယ်ကစားသမားများမှ တစ်ဦးအပါအဝင် ခြေစွမ်းပြသခဲ့သူဖြစ်သည်။

သို့သော် ကက်စ်မဲရိုးသည် ယခုနှစ်ဘောလုံးရာသီတွင် ဒဏ်ရာပြဿနာများကြောင့် ခြေစွမ်းပြသနိုင်ရန် ရုန်းကန်နေရသကဲ့သို့ အသင်းနှင့်လည်းစာချုပ်သက်တမ်းမှာ တစ်နှစ်သာကျန်ရှိတော့ပြီး မန်ယူအသင်းက လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလ၌ ရောင်းချရန်ပြင်ဆင်နေသကဲ့သို့ ဆော်ဒီထိပ်တန်းကလပ်အသင်းကြီးများကလည်း ခေါ်ယူရန်ပြင်ဆင်လျက်ရှိနေသည်။

မန်ယူအသင်းသည် အစောပိုင်းက ကက်စ်မဲရိုးနေရာတွင်အစားထိုးရန် ဘင်ဖီကာအသင်းမှ ဂျာအိုနီဗက်ကိုခေါ်ယူရန် ပစ်မှတ်ထားနေသော်လည်း ဘင်ဖီကာအသင်းက မြင့်မားသည့် ပြောင်းရွှေ့ကြေး သတ်မှတ်ထားသည့်အတွက် ခက်ခဲနေသောကြောင့် ဂိုမက်စ်ကိုပစ်မှတ်ထားလာခြင်းဖြစ်သည်။

လက်ရှိ ဝုဗ်အသင်းနှင့်ဂိုမက်စ်တို့ စာချုပ်သက်တမ်းမှာ ၂၀၁၈ ခုနှစ်ထိ ကျန်ရှိနေသည့်အတွက် မန်ယူအသင်းက ခေါ်ယူလိုပါက စတာလင်ပေါင် သန်း ၄၀ ပေးချေရဖွယ်ရှိနေကြောင်း သိရသည်။

**Ref : Xinhua**
**Trs : STA**

# ကဗျာအလှ၊ စာအလှ (၅)

မန်းတင့်မော်




ကဗျာအလှ၊ စာအလှဟု ခေါင်းစဉ်တပ်ထားသဖြင့် စာပေဆိုင်ရာအလှဟု ဆိုနိုင်သည်။ စာပေကလည်း အနုပညာတည်းဟူသော ပင်မပင်စည်ကြီး၏ အကိုင်းအခက်များဟု တင်စားနိုင်ပါလိမ့်မည်။ မြန်မာ့ပန်းဆယ်မျိုးကလည်း အနုပညာများဖြစ်ပါသည်။ အနုပညာများကို ဖန်တီးသူ၊ ပြုလုပ်သူ၊ တင်ဆက်သူများကို အနုပညာရှင်များဟုလည်း သတ်မှတ်ကြပါသည်။ အနုပညာရှင်များအပါအဝင် လူသားအားလုံးတွင် ရိုးသားမှုရှိကြရမည်ဟူ၍လည်း လူကြီးသူမများက ဆိုဆုံးမမှု ပြုခဲ့ကြပါသည်။ ရိုးသားမှုဟူသည် စိတ်ဓာတ်တွင်အခြေခံသည်။ မိသားစု၊ ပတ်ဝန်းကျင် အခြေအနေများပေါ်တွင်လည်း မူတည်ပြန်ပါသည်။

ရိုးသားမှုကို ဖြောင့်မတ်ခြင်းနှင့်ပေါင်းစပ်လိုက်လျှင် လူ၏ဂုဏ်က အလိုလိုတက်ပြီးဖြစ်တော့သည်။ ကောက်ကျစ်ခြင်းသည် ဖြောင့်မတ်ခြင်းနှင့်ဆန့်ကျင်ဘက်ဖြစ်သည်။ မြန်မာစကားတွင် “ကောက်သော် စားမလောက်၊ ဖြောင့်သော် စားမကုန်”ဟု ဖော်ညွှန်းထားသည်ကို သတိပြုသင့်လှပါသည်။ လူမှုနယ်ပယ်တွင် ရိုးသားဖြောင့်မတ်စွာ ကြိုးစားသူများနှင့် ကောက်ကျစ်စဉ်းလဲသူများကို အမြဲပင်တွေ့နိုင်ပါသည်။ “ကောင်းမှုမြတ်နိုး ကောင်းအောင်ကြိုး”ဟူသော လောကသာရဖို့လာ စာအလှကို အမြဲပင်သတိရလျက် ကြိုးစားသင့်ပါသေးသည်။ ယဉ်ကျေးဖွယ်ရာမှုရှိခြင်းသည် လူအများနှစ်သက်လက်ခံကြပါသည်။ ယဉ်ကျေးမှုများကလည်း အမျိုးမျိုးရှိနိုင်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် နိုင်ငံဆိုင်ရာ ယဉ်ကျေးမှုများရှိသကဲ့သို့ လူမျိုးဆိုင်ရာယဉ်ကျေးမှုများကလည်း ကွဲပြားလျက်ရှိသည်။ ဆိုင်ရာဆိုင်ရာယဉ်ကျေးမှုများကို သိရှိနားလည်ရန် လေ့လာလျက် လိုက်နာကျင့်သုံးမှသာ ဆက်ဆံရေး အဆင်ပြေမည်ဖြစ်ပါသည်။

နေ့စဉ်လူနေမှုဘဝတွင် ယဉ်ကျေးမှုများစွာရှိပါသည်။ အယူဝါဒ ကိုးကွယ်မှုနှင့်စပ်လျဉ်းသော ယဉ်ကျေးမှုရှိသည်။ အဝတ်အစား၊ စားသောက်ပုံစံယဉ်ကျေးမှုရှိသည်။ အနေအထိုင် အပြောအဆိုဆိုင်ရာ ယဉ်ကျေးမှုရှိသည်။ ဘာသာစကား ယဉ်ကျေးမှုဟု ဆိုနိုင်ပါသည်။

စာပေ၊ ပန်းချီ၊ ပန်းပု၊ ဂီတ၊ သဘင်နှင့်ရုပ်ရှင်ရုပ်မြင်ဆိုင်ရာ ယဉ်ကျေးမှုများလည်း ရှိသေးသည်။ ဘာသာရပ်ဆိုင်ရာ နယ်ပယ်အသီးသီးတွင်လည်း ယဉ်ကျေးမှုများက ရှိနေပြန်သည်။ ပြောင်းလဲလာသော ယဉ်ကျေးမှုများကလည်း ရှိပြန်သည်။ တွက်ရေမဆုံးနိုင်ဟု ဆိုနိုင်သည်။ မည်သို့ပင်ဖြစ်စေ ယဉ်ကျေးသော လူတစ်ဦးဖြစ်ရန် အရေးပါသည်သာ။ ယဉ်သူများလျှင် ရိုင်းသူ နည်းပါးမည်။ ယဉ်သူများကြောင့် လူဘောင်ပို၍ လှပမည်မှာလည်း သေချာပါသည်။

ရိုးသားဖြောင့်မတ်၍ ယဉ်ကျေးသောဂုဏ်သည် အမြင့်ဆုံးဂုဏ်ဖြစ်သည်။ လူ၏အနှစ်သာရဖြစ်သကဲ့သို့ လောကအလယ် ဝင့်ထည်နိုင်သည်လည်းဖြစ်သည်။ မိမိပိုင်စိတ်ဓာတ်၊ မိမိပိုင်လုပ်ရပ်များဖြစ်၍ တစ်ပါးသူလုယူ၍လည်း မရနိုင်။ မကြည်မဖြူ ပြုစုစောင်းမြောင်းသော်လည်း အရေအရောင်လျော့ပါး၍ မသွားပေ။ ထိုအချက်ကို မြန်မာ့ဂန္ထဝင် ခေတ်စမ်းကဗျာစာဆို ဆရာဇော်ဂျီက ကဗျာအပိုင်းအစ ကဗျာအလှအားဖြင့်-

“ရိုးဂုဏ်ဖြောင့်ဂုဏ်၊ ယဉ်ကျေးဂုဏ်သည်
လူ့ဘုံလောက၊ နှစ်သာရတည့်
သူကပြုစု၊ မကြည်ဖြူလည်း
ခွာယူမရ၊ ကွာမကျ။ ။”ဟု ရေးဖွဲ့ခဲ့ပါသည်။

တိုတိုရှင်းရှင်းနှင့် ဆိုလိုရင်းသို့ရောက်ရှိသွားသော ကဗျာတစ်စဖြစ်ပါသည်။ ကဗျာကိုလည်း ရိုးရှင်းစွာဖွဲ့ထားသဖြင့် နားလည်လွယ်သည်။ သတိပေးလမ်းညွှန်စာအဖြစ် အသုံးပြုလျှင်လည်း သင့်မြတ်လှပါသည်။ ဆရာဇော်ဂျီ၏ ကဗျာတိုင်းတွင် သိစရာ၊ မြင်စရာ၊ တွေးစရာနှင့်မှတ်သားစရာများက ပါစမြဲပင်။ ကဗျာဖတ်သူ၏ ဉာဏ်အခံပေါ် မူတည်လျက် သိနိုင်၊ မြင်နိုင်၊ တွေးနိုင်၊ မှတ်သားနိုင်ပါလိမ့်မည်။ စာဆို၏ စိတ်စေတနာကိုလည်း တရေးရေးမြင်လာနိုင်ပါသည်။ ကဗျာအလှ စာအလှများသာ ဖြစ်ပါ၏။

“အတ္တ”ဟူသောစကားလုံးကို မြန်မာစကားပြောသူတိုင်းလိုလို ပြောဆိုလေ့ရှိကြပါသည်။ မြန်မာအဘိဓာန်တွင် အတ္တ၊ န-ငါ၊ မိမိ ဟု ဖွင့်သည်။ အတ္တနောမတိ၊ န-မိမိယူဆချက်ဟူ၍လည်း ဆက်လက်၍ စကားလုံးတွဲကို ဖွင့်ဆိုပါသည်။ ပါဠိစကားလုံးမှလာသည်ဟုလည်း မှတ်သားရပါသည်။ အတ္တနှင့်မကင်းနိုင်ဟုလည်းဆိုကြပါသည်။ အတ္တ၏သားကောင်၊ အတ္တအကျဉ်းသားဟူ၍လည်း ခိုင်းနှိုင်းကြပါသေးသည်။ အတ္တကိုပယ်ခွာနိုင်မှ အေးချမ်းရာသို့ တက်လှမ်းနိုင်မည်ဟူသော ဓမ္မအဆုံးအမလည်းရှိပါသည်။ သို့သော် ပုထုဇဉ်ပီပီ အတ္တကို ဆုပ်ကိုင်လျက်ပင်။ ငါ ငါ ငါ ဟူသော ငါစွဲကို သေတပန်သက်တဆုံး စွဲကိုင်သွားသူများလည်း ရှိခဲ့၊ ရှိဆဲ၊ ရှိနေဦးမည်မှာ လူသားရှိနေသရွေ့ တည်တံ့နေပါလိမ့်ဦးမည်။ သူငယ်ချင်းကဗျာများကို အစဉ်တစိုက်ရေးဖွဲ့ခဲ့သော ကဗျာဆရာ တက္ကသိုလ်မင်းမော်၏ စိတ်ပညာအမည်ရှိကဗျာတွင် အတ္တဆိုင်ရာ အတွေးအမြင်တစ်ရပ်ကို လှပစွာပုံဖော်ရေးဖွဲ့ခဲ့ပါသည်။

**စိတ်ပညာ**

- သူငယ်ချင်း. . .
  ကဗျာတိုင်းမှာ အတ္တပါ၏
  မပါမရ ပါနေရ၏
  အတ္တမပါ
  ကဗျာဆရာ ငါလိုက်ရှာ၏
  ရှာသာရှာ၏ မတွေ့မိ။

ကဗျာဆရာက ကဗျာများစွာကို လေ့လာခဲ့ရာတွင် ကဗျာတိုင်းအတ္တပါသည်။ အတ္တမပါသော ကဗျာဆရာ မတွေ့ရဟု ဆိုထားပါသည်။ ကဗျာရေးဖွဲ့သူတိုင်း သူ၏ပတ်ဝန်းကျင်ရှိ ရေ၊ မြေ၊ တော၊ တောင်ကို ဖွဲ့ချင်ဖွဲ့မည်။ လူ့စိတ်၊ လူ့သဘောကို စောကြောရေးချင်ရေး၊ မြင်ရာရေး စသည်ဖြင့်ရှိကောင်း ရှိမည်။ အတ္တကို ရှေ့တန်းတင်သည်မဟုတ်သော်လည်း ပါဝင်နေလျက်ဟု ဆိုနိုင်ပါလိမ့်မည်။ ဖတ်သူကိုအကျိုးတစ်စုံတစ်ရာရရှိစေလျှင် ကဗျာဆရာ၏တာဝန်ကျေတန်သလောက် ကျေပြီဟုလည်း ယူဆနိုင်သည်။ တက္ကသိုလ်မင်းမော်က ဆက်လက်၍-

- ပန်းချီတိုင်းမှာ အတ္တပါ၏
  မပါမရ ပါနေရ၏
  အတ္တပါမှ ပန်းချီလှ၏
  အတ္တမပါ ဝါသနာမပီ
  ပန်းချီဆရာ ငါလိုက်ရှာ၏
  ရှာသာရှာမိ မတွေ့မိ။

ပန်းချီအနုပညာကလည်း ကျယ်ပြန့်လှပါ၏။ ကျောက်ခေတ်လူသားများ၏ ကျောက်ဂူနံရံထက်တွင် ပန်းချီလက်ရာများက ရှိနေပြီးဖြစ်သည်။ မြန်မာနိုင်ငံ ပြဒါးလင်းဂူရှိ နံရံပန်းချီများကို သာဓကပြုနိုင်ပါသည်။ ခေတ်အဆက်ဆက် ပန်းချီမှတ်တမ်းများကလည်း အခိုင်အမာရှိသည်။ ပုဂံဘုရားများရှိ ဆေးရေးပန်းချီများကလည်း ထိုအခါက လူသမိုင်းကိုထင်ဟပ်လျက်ရှိသည်။ ကျောက်ခေတ်က လူသားကလည်း သူ၏ပန်းချီတွင် သူ၏အတ္တကို ပါဝင်ရေးဆွဲခဲ့သည်။ ထို့အတူ ပုဂံ၊ အင်းဝ၊ ပင်းယ၊ ကုန်းဘောင်၊ ရတနာပုံမှသည် ယနေ့ခေတ်တိုင် ပန်းချီကျော်များ၏ အတ္တပုံရိပ်များက ပန်းချီကားများတွင် ထင်ဟပ်လျက်ရှိသည်ဟုလည်း ဆိုနိုင်ပါလိမ့်မည်။ ကမ္ဘာကျော် မိုနာလီဇာ ပန်းချီကားကို ခေတ်အဆက်ဆက်လေ့လာ၍ မဆုံးနိုင်အောင် ရှိနေသည်။ ပန်းချီကားဖန်တီးသူ လီယိုနာဒိုဒါဗင်ချီ၏ စိတ်ခံစားမှုများပုံရိပ်များက ထင်ဟပ်နေသည်ဟု အချို့ပညာရှင်များက သုံးသပ်ကြသည်ကိုလည်း မှတ်သားဖူးပါသည်။

- ပန်းပုတိုင်းမှာ အတ္တပါ၏
  မပါမရ ပါနေရ၏
  အတ္တပါမှ ပန်းပုလှ၏
  အတ္တမပါ ဝါသနာအတု
  ပန်းပုဆရာ ငါလိုက်ရှာ၏
  ရှာသာရှာ၏ မတွေ့မိ။

ပန်းဆယ်မျိုးဝင် ပန်းပုအနုပညာကလည်း ထင်ရှားလှပါသည်။ ကျောက်သားပန်းပု၊ အင်္ဂတေပန်းပု၊ သစ်သားပန်းပု စသည်ဖြင့်များလှပါသည်။ ကမ္ဘာကျော်ပန်းပုများစွာရှိသကဲ့သို့ မြန်မာ့ပန်းပုများကလည်း ရိုးရာယဉ်ကျေးမှုဂုဏ်ကို မြှင့်တင်ပေးလျက်ရှိပါသည်။ မြန်မာပန်းပု(အများအားဖြင့် သစ်သားပန်းပု)များမှာ ရတနာပုံခေတ်နှင့်ငှင်းခေတ်နှောင်းပိုင်းတွင် များစွာထွန်းကားခဲ့သည်ဟု သိရပါသည်။ ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ ဘုရား၊ ကျောင်း၊ တန်များထဲမှ မြန်မာဘုန်းတော်ကြီးကျောင်းများတွင် ရုပ်လုံးရုပ်ကြွများဖြင့် တန်ဆာဆင်လျှဒါန်းခဲ့ခြင်းကြောင့် မြန်မာ့ပန်းပုကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာနိုင်သည်ဟု ဆိုနိုင်ပါလိမ့်မည်။ မန္တလေးမြို့ရှိ ရွှေကျောင်းကြီး၊ ရွှေအင်ပင်ကျောင်းနှင့် မြန်မြည်အန္တံအပြား ကျန်ကောင်းကျန်ရာ ရုပ်စုံကျောင်းများကို ရောက်ရှိလေ့လာနိုင်ကြပါသည်။ ရုပ်စုံကျောင်းများရှိ ပန်းပုများတွင် ဘုရင်၊ မိဖုရား၊ မှူးမတ်မှအစ မင်းညီမင်းသားအလယ် တောင်သူလယ်လုပ်အဆုံး မြန်မာ့လူတန်းစားမျိုးစုံကို ထုလုပ်ထားလေ့ရှိသည်။ ဇာတ်နိပါတ်တော်လာ နတ်၊ သိကြား၊ နဂါး၊ ဂဠုန်၊ ဘီလူး စသောအရုပ်များကိုလည်း သူနေရာနှင့်သူ ထုလုပ်အလှဆင်လျက်ရှိသေးသည်။ အဆိုပါပန်းပုရုပ်များ အားလုံးတွင်လည်း ထုလုပ်သူ၏အတ္တများ ပါဝင်လျက်ရှိနေပါလိမ့်မည်။ မြန်မာပန်းပုများက မြန်မာဆန်သကဲ့သို့ နိုင်ငံတကာပန်းပုများက ဆိုင်ရာနိုင်ငံ၊ လူမျိုးတို့၏ စိတ်ဓာတ်နှင့်အတ္တများ ထင်ဟပ်လျက်ရှိနေပါလိမ့်မည်။ အချို့သောကမ္ဘာကျော်ပန်းပုများကမူ လူသားအားလုံး၏ စိတ်နှလုံးကို သိမ်းကျုံးဆွဲယူညှို့ငင်နိုင်လောက်အောင် အနုပညာမြောက်သည်ဟုလည်း မှတ်သားမိပါသည်။

ကဗျာဆရာ၏ ကဗျာနောက်ဆုံးပိုဒ်မှာ-

- သူငယ်ချင်း
  ကဗျာမည်သည်
  ပန်းချီမည်သည်
  ပန်းပုမည်သည်
  လောကီအလုပ်။
- လောကီအလုပ်
  အတ္တနုတ်လျှင်
  အလုပ်ဖြစ်ရာ မရှိပါတည့်
  ငါပြောသည်တွင် မယုံချင်လျှင်
  စိတ်ပညာရှင် တစ်ဒါဇင်လောက်
  မေးချင်မေးကြည့် သူငယ်ချင်း။ ။ ဟူ၍

ဖြစ်ပါသည်။

ကဗျာ၏အလှသည် စ၊ လယ်၊ ဆုံး ညီညွတ်မှ ပေါ်လွင်သည်။ အချို့ကဗျာများတွင် ကဗျာအချပိုဒ်များ၊ အဆုံးသတ်ပိုဒ်များက ကဗျာဖတ်သူ အလွတ်ရသွားသည်ထိ ဆွဲဆောင်မှုရှိတတ်သေးသည်။ ဆရာတက္ကသိုလ်မင်းမော်၏ သူငယ်ချင်းကဗျာအများစုကမူ မြန်မာစာဆရာပီပီ ကဗျာစည်းကမ်းညီညီ စပ်ဆိုတတ်သည့်အပြင် တွေးစရာပါသည်။ အတုယူစရာလည်း မလွတ်၊ ဆောင်ရန်၊ ရှောင်ရန်တို့ကိုလည်း တို့ထိထားရာ စာဖတ်သူများ အကြိုက်တွေ့စရာ ကဗျာများသာဖြစ်တော့သည်။ အထက်ပါကဗျာတွင်လည်း ကဗျာဆရာ၊ ပန်းချီဆရာနှင့် ပန်းပုဆရာတို့ကို နိမိတ်ပုံပြု၍ထားသော်လည်း လောကသားအားလုံး၏ လောကီအလုပ်ကို ညွှန်းဆိုထားကြောင်း ခံစားမိပါသည်။ ထိုအလုပ်များအားလုံး အတ္တနှင့်မကင်းဟုဆိုသည်။ စာဖတ်သူကို အတင်းမယုံကြည်ခိုင်းဘဲ တတ်သိပညာရှင်များစွာကို မေးမြန်းပါဟု အဆုံးသတ်ထားပါသည်။ ကဗျာဆရာနှင့်အတူ ယခုစာရေးသူတွင်လည်း အတ္တမကင်းပါ။ စာရှုသူများတွင်လည်း အတ္တက အနည်းအများဆိုသလို ရှိနေ၊ ပါဝင်နေမည်ကိုလည်း ယုံကြည်ပါကြောင်း တင်ပြလိုက်ရပါသတည်း။

❖ ကဗျာ၏အလှသည် စ၊ လယ်၊ ဆုံး ညီညွတ်မှ ပေါ်လွင်သည်။ အချို့ကဗျာများတွင် ကဗျာအချပိုဒ်များ၊ အဆုံးသတ်ပိုဒ်များက ကဗျာဖတ်သူ အလွတ်ရသွားသည်ထိ ဆွဲဆောင်မှုရှိတတ်သေးသည်။ ဆရာတက္ကသိုလ်မင်းမော်၏ သူငယ်ချင်းကဗျာအများစုကမူ မြန်မာစာဆရာပီပီ ကဗျာစည်းကမ်းညီညီ စပ်ဆိုတတ်သည့်အပြင် တွေးစရာပါသည်။ အတုယူစရာလည်း မလွတ်၊ ဆောင်ရန်၊ ရှောင်ရန်တို့ကိုလည်း တို့ထိထားရာ စာဖတ်သူများအကြိုက်တွေ့စရာ ကဗျာများသာဖြစ်တော့သည်။ အထက်ပါကဗျာတွင်လည်း ကဗျာဆရာ၊ ပန်းချီဆရာနှင့် ပန်းပုဆရာတို့ကို နိမိတ်ပုံပြု၍ထားသော်လည်း လောကသားအားလုံး၏ လောကီအလုပ်ကို ညွှန်းဆိုထားကြောင်း ခံစားမိပါသည်။ ❖

**ကိုးကား**

၁။ **ဇော်ဂျီကဗျာပေါင်းချုပ်**

၂။ **သူငယ်ချင်းကဗျာ၇(တက္ကသိုလ်မင်းမော်)**

# ရန်ကုန်တိုင်းဒေသကြီး မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်အတွင်း လမ်းလျှောက်သင်္ကြန်ကို ဒဂုံမြို့နယ်ရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပရန် ပြင်ဆင်မှုများစတင်နေ



**ရန်ကုန် မတ် ၂၂**

ရန်ကုန်တိုင်းဒေသကြီး မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်အတွင်း လမ်းလျှောက်သင်္ကြန်ကို ဒဂုံမြို့နယ်ရှိ ပြည်သူ့ရင်ပြင်၌ကျင်းပရန် ပြင်ဆင်မှုများ စတင်နေပြီဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တိုးအောင်က ပြောပြ၍ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်အတွင်း လမ်းလျှောက်သင်္ကြန်ကို ဒဂုံမြို့နယ်ရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပရန် ပြင်ဆင်မှုများကို မတ် ၁၈ ရက်မှ စတင်ဆောင်ရွက်နေခြင်းဖြစ်ပြီး ပြည်သူ့ရင်ပြင်အတွင်း ကျင်းပပြုလုပ်မည့် လမ်းလျှောက်သင်္ကြန် ပွဲတော်အတွက် ရေကစားမဏ္ဍပ်များ၊ စတုဒိသာမဏ္ဍပ်များကိုလည်း တည်ဆောက်နေကြောင်း သိရသည်။

"ပြည်သူ့ရင်ပြင်မှာ ကျင်းပပြုလုပ်မဲ့ လမ်းလျှောက်သင်္ကြန်ကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်းစီစဉ်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ရေကစားမဏ္ဍပ်တွေ၊ ဖျော်ဖြေရေးအစီအစဉ်တွေ၊ စတုဒိသာမဏ္ဍပ်တွေနဲ့ ရေကစားရင်း အလွယ်တကူ ဝယ်ယူစားသုံးနိုင်အောင် ဈေးဆိုင်ခန်းတွေ စီမံပေးထားမှာဖြစ်ပါတယ်"ဟု ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တိုးအောင်က ပြောပြသည်။

ASH

# Mayday အက်ရှင်ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်းများ စတင်နေ

**နယူးယောက် မတ် ၂၂**

Mayday အမည်ရှိ အက်ရှင်ဇာတ်ကားသစ် ရိုက်ကူးရေးလုပ်ငန်းများကို Apple ရုပ်ရှင်စတူဒီယိုက စတင်နေပြီဖြစ်ကြောင်း မတ် ၂၁ ရက်သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားတွင် မင်းသား ရိုင်ယန်ရေးနိုးနှင့် ကင်းနက်ဘရာနပ်တို့က အဓိကဇာတ်ကောင်များအဖြစ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

Mayday ဇာတ်ကားကို ဒါရိုက်တာ ဂျိုနသန်ဂိုးစတိန်းနှင့် ဂျွန်ဖရန်စစ်ဒါလေတို့က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

အဆိုပါ ဒါရိုက်တာနှစ်ဦးသည် Dungeons and Dragons: Honor Among Thieves ဇာတ်ကားကို ရိုက်ကူးပေးခဲ့သူဖြစ်သည်။

လက်ရှိအချိန်တွင် Mayday ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို Apple စတူဒီယိုက ထုတ်ပြန်ကြေညာခြင်းမရှိသေးပေ။

Mayday ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ ဂျိုနသန်ဂိုးစတိန်းနှင့် ဂျွန်ဖရန်စစ်ဒါလေတို့က ရေးသားပေးထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# စမ်းချောင်းမြို့နယ်ရှိ Artist Gallery Cafè တွင် Concept to Creation ပန်းချီပြပွဲ ပြသလျက်ရှိ

**ရန်ကုန် မတ် ၂၂**

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ Artist Gallery Cafè တွင် Concept to Creation ပန်းချီပြပွဲကို မတ် ၂၀ ရက်မှစတင်ကာ ပြသလျက်ရှိကြောင်း အဆိုပါ ပန်းချီပြပွဲတွင် ပါဝင်ပြသထားသည့် ပန်းချီ ဘုန်းမြတ်သူရက ပြောပြ၍ သိရသည်။

အဆိုပါပန်းချီပြပွဲတွင် လူငယ်ပန်းချီဆရာများဖြစ်ကြသည့် ပန်းချီပတ္တမြား၊ ဘုန်းမြတ်သူရ၊ သက်ဦးမွန်၊ ခိုင်ယုမေ၊ မေသဇင်၊ သက်ပိုင်စိုး၊ ကလျာအိအိလွင်၊ သူရိန်ဝင်းတို့၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည်ဖြင့် အရောင်အသွေးစုံ၊ အကြောင်းအရာစုံ ပန်းချီကား ၇၀ ကျော်ကို မတ် ၂၀ ရက်မှ မတ် ၂၃ ရက်ထိ ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။



"ဒီပန်းချီပြပွဲကတော့ ကျွန်တော်တို့လူငယ် ပန်းချီဆရာတွေရဲ့ Group Show ဖြစ်ပါတယ်။ Concept to Creation လို့ အမည်ပေးထားပါတယ်။ ပန်းချီကားတွေက အတွေးအမြင်သစ်တွေကို ပေးမှာပါ။ ပြခန်းမှာ လာရောက်ကြည့်ရှုနိုင်သလို အွန်လိုင်းကလဲ လေ့လာဝယ်ယူနိုင်အောင် စီစဉ်ထားပါတယ်"ဟု ပန်းချီ ဘုန်းမြတ်သူရက ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးနေသည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆×၂၄) လက်မ၊ (၂၄×၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည်ဖြင့် အရွယ်အစားအစုံပါဝင်ပြီး ဈေးနှုန်းမှာ အနည်းဆုံး ငွေကျပ် လေးသိန်းမှ အများဆုံး ငွေကျပ် သိန်း ၃၀ ထိရှိကြောင်း သိရသည်။

ASH

# သွေးစုပ်ဖုတ်ကောင်ဇာတ်ကားသစ်ကို ၂၀၂၅ ခုနှစ် မတ် ၇ ရက်တွင် ရုံတင်ပြသရန် စီစဉ်ထား

**နယူးယောက် မတ် ၂၂**

ကမ္ဘာကျော်ဒါရိုက်တာ ရိုင်ယန်ကိုးဂလား ရိုက်ကူးသည့် သွေးစုပ်ဖုတ်ကောင်ဇာတ်ကားသစ်ကို ၂၀၂၅ ခုနှစ် မတ် ၇ ရက်တွင် ရုံတင်ပြသရန် ထုတ်လုပ်သူများက စီစဉ်ထားကြောင်း မတ် ၂၁ ရက် သတင်းများအရ သိရသည်။

တရားဝင်ဇာတ်ကားနာမည်မပေးရသေးသည့် အဆိုပါဇာတ်ကားသစ်တွင် မင်းသား မိုက်ကယ်ဟီဂျော်ဒန်က သွေးစုပ်ကောင်ဇာတ်ကောင်နေရာ၌ သရုပ်ဆောင်မည်ဖြစ်ကြောင်း သတင်းများပေါ်ထွက်လျက်ရှိသည်။

အဆိုပါဇာတ်ကားရိုက်ကူးရေးလုပ်ငန်းကို ယခုနှစ် ဧပြီလတွင် နယူးအော်လိန်းပြည်နယ်၌ ရိုက်ကူးရန် စီစဉ်ထားကြောင်း သိရသည်။

ဒါရိုက်တာ ရိုင်ယန်ကိုးဂလားနှင့် မင်းသား မိုက်ကယ်ဟီဂျော်ဒန်တို့သည် Black Panther နှင့် Creed ဇာတ်ကားများအပါအဝင် ဇာတ်ကား အတော်များများတွင် ပူးပေါင်းဆောင်ရွက်ခဲ့သည်။

ရိုင်ယန်ကိုးဂလား ရိုက်ကူးထားပြီး မိုက်ကယ်ဟီဂျော်ဒန်ပါဝင်ထားသည့် Black Panther: Wakanda Forever ဇာတ်ကားမှာ လက်ရှိတွင် ဒစ္စနီး+အွန်လိုင်းရုပ်သံလိုင်းမှ တစ်ဆင့် ထုတ်လွှင့်ပြသနေဆဲဖြစ်ကြောင်း သိရသည်။

အဆိုပါ သွေးစုပ်ဖုတ်ကောင်ဇာတ်ကားသစ်ကို ဝါနာဘရားသားကုမ္ပဏီက ဖြန့်ချိခွင့်ရရှိထားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



# မကွေးမြို့နယ် လက်ပံရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မကွေး မတ် ၂၂**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်၊ ငွေကြေးအရင်းအနှီးရရှိပြီး မိသားစု စားဝတ်နေရေးကို အထောက်အကူပြုစေရန်အတွက် လက်ပံရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ လက်ပံရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်းရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

မကွေးမြို့နယ် လက်ပံရွာသစ်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၇ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၂ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၄၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၀ ဒသမ ဝ၈ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်က ပြောပြ၍ သိရသည်။

**အထွေး**

# Chairman of National Water Resources Committee Chairman of State Administration Council Prime Minister Senior General Min Aung Hlaing addresses World Water Day 2024






Senior General Min Aung Hlaing enjoys a song in commemoration of World Water Day 2024.

**Nay Pyi Taw March 22**

World Water Day 2024 was observed at MICC-II here this morning, addressed by Chairman of National Water Resources Committee Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Present were Joint SAC Secretary Lt-Gen Ye Win Oo, SAC members, union ministers, the Nay Pyi Taw Council chair, senior military officers from Office of Commander-in-Chief, the Nay Pyi Taw Command commander, deputy ministers, permanent secretaries, directors general, principals and rectors colleges and universities, guests and officials. Region/state chief ministers attended the ceremony through video conferencing.

First the Senior General and attendees enjoyed the song sung by vocalist Than Myat Soe.

In his address, the Senior General said water as a natural resource is the basic requirement for farming business and life. Safe and clean water supports health, and in addition, it benefits the environment. Hence, clean water is a requisite for health and fitness for all.

As an awareness campaign for the countries to use water sparingly and everyone's access to safe and secure water, World Water Day is observed on 22 March every year. The annual celebration of the Day started in 1993. A theme for the **World Water Day** is set, focusing on special information about water every year, and this year's theme is **"Leveraging Water for Peace"**.



Senior General Min Aung Hlaing presents prize to a winner.

Global water crisis is one of the crucial challenges mankind is facing. According to the UN, over two billion people are not accessible to safe water, and another over four billion are facing water shortage at least one month per year. Climate change and human actions are hurting water resources and the natural environment, and water resources are dwindling.

Seventy-one percent of the world's surface is covered by water, but 97.5% of global water mass is sea water and only the remaining 2.5% is fresh water. But 68% of fresh water can be found on snowcapped mountains, at the poles and in the form of clouds and vapour, and they are unusable. As only 0.5% of above ground water and 30.1% of underground water are usable, the amount available is too small. Hence, global water resources have limits.

According to a WHO study in 2022, 1.4 million people die every year of diseases caused by unclean water and sewage. Life expectancy of another 74 million is gradually shortening. Experts predict that there will be a 55% surge in global water demand in 2050. Surveys show that 3600 million people or nearly half of the global population have no proper sewage system.

Myanmar is applying effective multiple management means and adopting water policies and laws in trying to increase water supply for agriculture, extend hydropower generation, increase household use and industrial use of water supply.

Water management is an important step towards responding to the challenges of climate change, food sufficiency, poverty alleviation, protecting biodiversity, preventing water pollution, and solving water crisis. It can reach many goals. Taking the examples of international good practices Myanmar has formed the **National Water Resources Committee** and is preparing to enact the **National Water Law** that governs all the water sectors to systematically manage water related sectors.



Senior General Min Aung Hlaing addresses the celebration of World Water Day 2024.

There are 246 dams, 144 diversion dams, 72 lakes, 199 sluice gates and 219 river water pumping stations in the entire country and water is supplied to agricultural farms and households while electricity is generated in some dams. There are a total of 390 river water supply projects that pump water from four major rivers such as the Ayeyarwady, the Chindwin, Thanlwin and Sittaung and other rivers and creeks for nearly 750,000 acres of farmland. Moreover, water is supplied from 14,989 underground water pumping stations to nearly 930,000 acres of farmland.

As the agriculture sector uses the largest supply of freshwater in the country and 89 percent of freshwater is used for the sector, utilizing water resources beneficially and managing them for their sustainability has become an important sector for the country. It can be seen that participation of youth in water governance for the future water security is very crucial. Awareness-raising campaigns to instill sustainable water governance practices in youth are also important.

Another important factor is that research has evidence that application of scientific water governance methods based on water data is of great benefit for humans and other animals. *See Page 13*



Senior General Min Aung Hlaing presents cash award to a winner.


Senior General Min Aung Hlaing visits a commemorative booth.

*From Page 12*

Investing in scientific research on water can contribute to further understanding of the nature of water and tasks can be carried out more precisely in finding out ways and means for utilizing water resources and prevention of disasters related to water and decision-making in water governance. As a water resources research body has been formed in the country, efforts are being made to establish a data bank by collecting data related to water.

It is necessary to make relentless efforts to conserve water as much as possible through the cooperation of ministries and organizations, laws and technologies in accordance with the World Water Day theme, "Unleashing the Power of Water for Peace," and manage water with farsightedness. As participation of youths in water sufficiency in the future is essential, emphasis must be placed on nurturing them and everyone is urged to cooperate in sustainable water management sectors for the appropriate use of sustainable water resources by present and future generations and the effective, beneficial and sustainable usage of water.

Then, the Senior General presented prizes to winners of the first, second and third prizes in the profession level article-writing competition marking Word Water Day 2024.

Afterward, staff from the Directorate of Water Resources and Improvement of River Systems entertained the guests with a song commemorating World Water Day 2024.

Then, Vice Chairman of the National Level Water Resources Committee Deputy Prime Minister Union Minister for Transport General Mya Tun Oo presented prizes to winners in amateur level article-writing competition commemorating World Water Day 2024.

Afterward, the Senior General and attendees enjoyed the documentary video commemorating the World Water Day 2024 and "Loving Kindness of a Drop of Water" play presented by the Directorate of Water Resources and Improvement of River System and the Senior General presented an honorary flower basket and cash rewards to the performers.

Then, the Senior General and attendees posed for documentary photographs and the Senior General cordially greeted the attendees.

Afterward, the Senior General and attendees viewed the individual exhibition booths commemorating the World Water Day 2024 enthusiastically and responsible officials conducted them around the booths. 100

# Military columns join full-dressed rehearsal for 79th Anniversary Armed Forces Day parade


Vice-Senior General Soe Win inspects the full-dressed rehearsal for the 79th Anniversary Armed Forces Day parade.

**Nay Pyi Taw March 22**

The military columns that will take part in the 79th Anniversary Armed Forces Day parade on 27 March 2024 participated in the full-dressed rehearsal at the Nay Pyi Taw parade ground this morning.

During the military parade rehearsal, Anawrahta Column, Kyansittha Column, Bayintnaung Column, Aung Zeya Column, Hsinphyushin Column, Bandoola Column and Aung San Column marched from the Thittat parade ground to the Nay Pyi Taw Parade Ground to the accompaniment of the military band singing and marching in unison.

Vice-Chairman of the State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, Union Minister for Defence Admiral Tin Aung San, Chief of the General Staff (Army, Navy and Air) General Maung Maung Aye, Commander-in-Chief (Navy) Vice Admiral Zwe Win Myint, Commander-in-Chief (Air) General Tun Aung, senior military officers from the Office of the Commander-in-Chief, Chairman of the Armed Forces Day Organizing Management Committee Commander of Nay Pyi Taw Command Maj-Gen Saw Than Hlaing and officials inspected the rehearsal, and the Vice-Senior General attended to the needs.

The parade rehearsal comprised officers and other ranks from the Tatmadaw (Army, Navy and Air) and the Myanmar Police Force, female service personnel, women's special forces and aircraft and helicopters from the Tatmadaw (Air). 100


## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## အိန္ဒိယနိုင်ငံက Dornier 228 လေယာဉ်များ Mid-Life အဆင့်မြှင့်တင်မှုအတွက် HAL ကုမ္ပဏီကို ရွေးချယ်ခဲ့



အိန္ဒိယ ကာကွယ်ရေးဝန်ကြီးဌာနသည် Dornier 228 လေယာဉ် ၂၅ စင်းကို Mid-Life အဆင့်မြှင့်တင်မှုများအတွက် Hindustan Aeronautics Limited (HAL) အိန္ဒိယကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုခဲ့ကြောင်း Defense Post သတင်းဌာနက မတ် ၁၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Make in India အစပျိုးမှု၏တစ်စိတ်တစ်ပိုင်းအနေဖြင့် အဓိကကျသောစနစ်များနှင့် စက်ပစ္စည်းများအားလုံးကို နိုင်ငံအတွင်း၌ ထုတ်လုပ်သွားမည်ဖြစ်ပြီး ခေတ်မီဆန်းသစ်သော လေကြောင်းပျံသန်းမှုစနစ်များနှင့် အရေးကြီးသော အာရုံခံကိရိယာများ တပ်ဆင်ပေးသွားမည်ဖြစ်သည်။

အဆင့်မြှင့်တင်ပြီးသည်နှင့် Dornier 228 လေယာဉ်အားလုံးသည် အိန္ဒိယရေတပ်၏ ပင်လယ်ရေကြောင်းနှင့် ကမ်းရိုးတန်းစောင့်ကြည့်ရေး၊ အီလက်ထရွန်နစ်ထောက်လှမ်းရေးနှင့် ရေကြောင်းဆိုင်ရာကြိုတင်သတိပေးမှု ဖွံ့ဖြိုးတိုးတက်ရေးမစ်ရှင်များအောက်တွင် အဓိကအခန်းကဏ္ဍမှ တာဝန်ထမ်းဆောင်နိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

လေယာဉ်များသည် ရှာဖွေရေးနှင့် ကယ်ဆယ်ရေး၊ ဆေးဘက်ဆိုင်ရာနှင့် ထိခိုက်ကျဆုံးသူများ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခြင်း၊ ဆက်သွယ်ရေးချိတ်ဆက်မှုလုပ်ငန်းများတွင်လည်း ရည်မှန်းချက်တာဝန်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ အဆင့်မြှင့်တင်ရာတွင် အိန္ဒိယရူပီး ကုဋေ ၂၈၉၀ (အမေရိကန်ဒေါ်လာ ၃၅ သန်း)ကုန်ကျမည်ဟု မျှော်လင့်ရပြီး အချိန်ကာလအားဖြင့် ခြောက်နှစ်ခွဲ ကြာမည်ဖြစ်သည်။

၁၉၈၂ ခုနှစ်တွင် မိတ်ဆက်ခဲ့သော Dornier 228 လေယာဉ်သည် ပင်လယ်ရေကြောင်း စောင့်ကြည့်ရေးလေယာဉ်အဖြစ် အဓိကအသုံးပြုသည့် တာဘိုပရော့အင်ဂျင်နှစ်လုံးပါ လေယာဉ်အမျိုးအစားဖြစ်သည်။ ၎င်း၏ဒီဇိုင်းသည် ဗဟိုအလေးချိန် (Center of Mass)နည်းပါးသောကြောင့် ပိုမိုတည်ငြိမ်မှုအတွက် တောင်ပံကိုလေယာဉ်ကိုယ်ထည်အမြင့်ပိုင်း၌ တပ်ဆင်ထားသည့်ပုံစံ (High-Wing) အသုံးပြု၍ ပုံမှန်ပျံသန်းခြင်းများအတွက် အဆင်ပြေစွာပျံသန်းနိုင်စေရန် ပြုလုပ်ထားသည်။ လေယာဉ်အမှုထမ်းနှစ်ဦးဖြင့် ပျံသန်းနိုင်မည်ဖြစ်ပြီး ခရီးသည် ၁၉ ဦးထိ တင်ဆောင်နိုင်ကာ လေယာဉ်ပြေးလမ်းတိုများ၌ ဆင်းသက်နိုင်စွမ်းရှိသည်။

၁၉၇၀ ပြည့်နှစ်များအတွင်း ဂျာမနီနိုင်ငံတွင် ကနဦးတိုးတက်ဖွံ့ဖြိုး၊ တီထွင်ထုတ်လုပ်နိုင်ခဲ့ပြီး ၁၉၈၃ ခုနှစ်တွင် HAL ကုမ္ပဏီထံ လွှဲပြောင်းပေးခဲ့ကာ လိုင်စင်ဖြင့်ထုတ်လုပ်မှုနှင့် အဆင့်လိုက်နည်းပညာလွှဲပြောင်းမှု သဘောတူညီချက်တို့ဖြင့် လေယာဉ်ထုတ်လုပ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နိုင်ခဲ့သည်။ ၎င်းကို ဂျာမနီရေတပ်၊ အီတလီကြည်းတပ်နှင့် လေကြောင်းတပ်ဖွဲ့၊ ထိုင်းတော်ဝင်ရေတပ်တို့အပါအဝင် နိုင်ငံတကာတပ်ဖွဲ့တစ်ဒါဇင်ကျော်၌ တပ်တော်ဝင်အသုံးပြုလျက်ရှိသည်။

**India Taps HAL for Dornier 228 Utility Aircraft Mid-Life Upgrade ကို ဘာသာပြန်ဆိုထားပါသည်။**

---

## တောင်ကိုရီးယားထုတ် KF-21 တိုက်လေယာဉ် ဝေဟင်ဆီဖြည့်ခြင်းစမ်းသပ်မှု ပထမဆုံးအကြိမ် အောင်မြင်စွာပြုလုပ်နိုင်ခဲ့

တောင်ကိုရီးယားနိုင်ငံက ထုတ်လုပ်သည့် KF-21 စူပါဆောနစ် တိုက်လေယာဉ်သည် ၎င်း၏ပထမဆုံးသော ဝေဟင်ဆီဖြည့်ခြင်းစမ်းသပ်မှုကို မတ် ၁၄ ရက်က အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ကြောင်း ကာကွယ်ရေးပစ္စည်းဝယ်ယူမှုစီမံခန့်ခွဲရေးအဖွဲ့ (DAPA)က ကြေညာခဲ့သည်ဟု Army Recognition သတင်းဌာနက မတ် ၁၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၎င်းစမ်းသပ်မှုကို KF-21 ရှေ့ပြေးပုံစံ တိုက်လေယာဉ်နံပါတ် (၅) ဖြင့် စမ်းသပ်ခဲ့ပြီး တောင်ပိုင်း Gyeongsang ပြည်နယ် Sacheon မြို့ရှိ အမှတ် (၃) လေ့ကျင့်ရေး လေယာဉ်ကွင်းမှ ပျံတက်ခဲ့ခြင်းဖြစ်သည်။

စမ်းသပ်မှုအတွင်း လေတပ်မှ KC-330 ဝေဟင်ဆီဖြည့်လေယာဉ် တစ်စင်းသည် လေယာဉ်ပျံသန်းမှုအလယ်တွင် လောင်စာဆီဖြည့်သွင်းရန်အတွက် KF-21 တိုက်လေယာဉ်ကို KC-330 ၏ ဆီဖြည့်တံနှင့် အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့သည်။ စမ်းသပ်မှု၏အဓိကရည်ရွယ်ချက်မှာ KF-21 တိုက်လေယာဉ်တွင် ဝေဟင်ဆီဖြည့်စဉ်အတွင်း တုန်ခါမှု၏ အကျိုးသက်ရောက်မှုကို အကဲဖြတ်ရန်နှင့် ဝေဟင်ဆီဖြည့်လေယာဉ်နှင့် ချိတ်ဆက်လုပ်ဆောင်ရာတွင် လုပ်ထုံးလုပ်နည်းများ မတော်တဆမှုမရှိဘဲ လုပ်ဆောင်နိုင်ကြောင်း သေချာစေရန်ဖြစ်သည်။

၎င်းအောင်မြင်မှုသည် KF-21 တိုက်လေယာဉ်၏ စစ်ဆင်ရေးတာဝန် ထမ်းဆောင်နိုင်မှု(အသွား၊ အပြန်)အကွာအဝေး ၅၀ ရာခိုင်နှုန်းခန့် သိသိသာသာတိုးလာစေပြီး လေထဲတွင် ကြာရှည်စွာပျံသန်းနိုင်စွမ်းနှင့်ဝန်တင်ဆောင်နိုင်စွမ်းကိုပါမြှင့်တင်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း DAPA ၏ အဆိုအရ သိရသည်။

အထူးသဖြင့် တာဝေးပျံသန်းရေးမစ်ရှင်များအတွက် တိုက်လေယာဉ်၏စစ်ဆင်ရေးစွမ်းဆောင်ရည်ကို ပိုမိုကောင်းမွန်စေပြီး လေတပ်၏ တိုက်ခိုက်ရေးစွမ်းအားကို တိုးမြှင့်လုပ်ဆောင်နိုင်မည်ဖြစ်သည်။

KF-21 တိုက်လေယာဉ်ကို အမြင့်နှင့် အမြန်နှုန်းအမျိုးမျိုးပျံသန်း၍ ဝေဟင်ဆီဖြည့်ခြင်းစမ်းသပ်မှုများ ထပ်မံပြုလုပ်ရန် စီစဉ်ထားပြီး ၂၀၂၅ ခုနှစ် မတ်လထိ စမ်းသပ်မှုပေါင်း ၆၀ ခန့်ဖြင့်ပြုလုပ်သွားရန် ရှိကြောင်း DAPA ၏ ကိုရီးယားတိုက်လေယာဉ် စီမံကိန်းဌာနခွဲမှ အကြီးအကဲ Noh Ji-man က ပြောကြားခဲ့သည်။

ယနေ့ထိ KF-21 တိုက်လေယာဉ် ရှေ့ပြေးပုံစံ ခြောက်စင်းထိ တည်ဆောက်နိုင်ခဲ့ပြီး စူပါဆောနစ်ပျံသန်းမှုနှင့်ဝေဟင်မှ ဝေဟင်ပစ်လက်နက်ပစ်လွှတ်ခြင်း အပါအဝင် စွမ်းဆောင်ရည်အမျိုးမျိုးကို အကဲဖြတ်စမ်းသပ်မှုများပြုလုပ်ခဲ့ကြသည်။




KF-21 တိုက်လေယာဉ်ကို KF-X (Korean Fighter eXperimental) ဟုလည်း လူသိများခဲ့ကြသည်။ KF-21 တိုက်လေယာဉ်တီထွင်မှုသည် မျိုးဆက်သစ်တိုက်လေယာဉ်များထုတ်လုပ်ရန် ရည်ရွယ်ထားသည့် တောင်ကိုရီးယားနှင့် အင်ဒိုနီးရှားတို့ကြား ပူးတွဲစီမံကိန်းတစ်ခုဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် အင်ဒိုနီးရှားနှင့် ပူးပေါင်း၍ လုပ်ဆောင်ခဲ့သော KF-21 စီမံကိန်းသည် တောင်ကိုရီးယားလေတပ်၏ သက်တမ်းရင့် F-4 နှင့် F-5 တိုက်လေယာဉ်များကို အစားထိုးရန် ရည်ရွယ်ထားကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံသား အင်ဂျင်နီယာနှစ်ဦး၏ နည်းပညာဆိုင်ရာအချက်အလက်များ ခိုးယူရန်ကြိုးပမ်းမှုကို တောင်ကိုရီးယားနိုင်ငံအနေဖြင့် စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့ရခြင်း၊ စုံစမ်းစစ်ဆေးမှုကုန်ကျစရိတ်သည် စုစုပေါင်းစီမံကိန်းကုန်ကျစရိတ်၏ ၂၀ ရာခိုင်နှုန်း(ခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ ဘီလီယံ)ကို ကာမိစေရန် အင်ဒိုနီးရှားနိုင်ငံဘက်က ငွေကြေးပံ့ပိုးမှုများတွင် နှောင့်နှေးကြန့်ကြာမှုများရှိနေခြင်း စသည့်စိန်ခေါ်မှုများကြားမှ DAPA သည် ၎င်းငွေပေးချေမှုများကို ၂၀၂၆ ခုနှစ်တွင် အပြီးသတ်လုပ်ဆောင်ရမည်ဟုအခိုင်အမာ ပြောဆိုထားသည်။

မည်သို့ပင်ရှိစေကာမူ KF-21 တိုက်လေယာဉ်သည်၎င်း၏လမ်းကြောင်းအတိုင်း တိုးတက်မှုရှိလာခဲ့ပြီဖြစ်သည်။ KF-21 တိုက်လေယာဉ်တွင် ခေတ်မီဆန်းသစ်သော အာရုံခံကိရိယာများ၊ ဆက်သွယ်ရေးစနစ်များနှင့် လေကြောင်းနည်းပညာများကဲ့သို့သော အဆင့်မြင့်နည်းပညာများတပ်ဆင်အသုံးပြုထားသည်။ ပထမဦးဆုံး KF-21 တိုက်လေယာဉ်တစ်စင်းကို ၂၀၂၆ ခုနှစ် ပထမနှစ်ဝက်တွင် တောင်ကိုရီးယားလေတပ်သို့ ပေးပို့သွားနိုင်ရန်စီစဉ်ထားပြီး တောင်ကိုရီးယားနိုင်ငံ၏ လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်များအတွက် သိသာထင်ရှားသော တိုးတက်ဖွံ့ဖြိုးမှုတစ်ရပ်လည်းဖြစ်သည်။

**South Korean KF-21 fighter jet completes its first aerial refueling test ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# မော်လမြိုင်ကျွန်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပဲတီစိမ်း ၄၉၇၂ ဧက ရိတ်သိမ်းပြီးစီး



**မော်လမြိုင်ကျွန်း မတ် ၂၂**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပဲတီစိမ်း ၄၉၇၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၄၉၇၂ ဧက လျာထားစိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် ပဲတီစိမ်းစိုက်ခင်းများကို ဖေဖော်ဝါရီလ ဒုတိယပတ်မှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ပဲတီစိမ်းဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ပဲတီစိမ်း တစ်ဧကလျှင် ၁၅ ဒသမ ၁ တင်းထိ ထွက်ရှိကြောင်း သိရသည်။

"ဆောင်းပဲတီစိမ်း ၄၉၇၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိ ပဲတီစိမ်း ဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးပါပြီ။ ပဲတီစိမ်းလျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးနည်းပညာတွေနဲ့ အခြားလိုအပ်တာတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။ စိုက်ပျိုးပြီးသီးနှံတွေ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်မကျရောက်စေဖို့ စတဲ့ လုပ်ငန်းတွေကိုတောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်" ဟု မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြသည်။

**ကျော်ကျော်လင်း**

# သန်လျင်မြို့နယ် အလွှမ်းဆွတ်-သီလဝါ-ကုန်းတန်းလမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ရန်ကုန် မတ် ၂၂**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သန်လျင်မြို့နယ် အလွှမ်းဆွတ် - သီလဝါ - ကုန်းတန်းလမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို မတ် ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သန်လျင်ခရိုင် လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်သန်းသန်းဦးနှင့် သန်လျင်မြို့နယ် လမ်းဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဦးစိုးဇေယျမင်းတို့က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေကျပ် ၂၃၀ ဒသမ ၇၂ သန်းဖြင့် သန်လျင်မြို့နယ် အလွှမ်းဆွတ်-သီလဝါ-ကုန်းတန်းလမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်သန်းသန်းဦးက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



သန်လျင်မြို့နယ် အလွှမ်းဆွတ် - သီလဝါ - ကုန်းတန်းလမ်း အရှည် တစ်မိုင်ခြောက်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို သန်လျင်ခရိုင် လမ်းဦးစီးဌာနက ကြီးကြပ်၍ တင်အောင်ဆောက်လုပ်ရေးကုမ္ပဏီက ၂၀၂၃ ခုနှစ် ဇူလိုင် ၁၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလမ်း ဆောင်ရွက်ပြီးစီးမှုကြောင့် ဒေသခံပြည်သူများ ရာသီမရွေး လွယ်ကူစွာသွားလာအသုံးပြုနိုင်ပြီ ဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# မင်းလှမြို့နယ် ညောင်ပင်ကျင်းကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ မတ် ၂၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ပင်ကျင်းကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို မတ် ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးနှင့် ဝန်ထမ်းများက ညောင်ပင်ကျင်းကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါအကြောင်းအရာများ၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ အရင်းအတိုးငွေများကို သတ်မှတ်ကာလအတွင်း ပေးသွင်းစေလိုကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏တာဝန်နှင့်ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းမျဉ်း စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ညောင်ပင်ကျင်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၆၅ ဒသမ ၆၃ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ညောင်ပင်ကျင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၄ ဦးကို ငွေကျပ် ၂၉ ဒသမ ၁၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၉၃ ဦးကို ငွေကျပ် ၃၆ ဒသမ ၄၈ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၆၇ ဦးကို ငွေကျပ် ၆၅ ဒသမ ၆၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၂၂-၃-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **ဆားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၀၀၀ |
| **ဓာတ်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၈၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၃၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၈၄၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၉၅၀ |

**(သာ ဓာတ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

☆ ကျောဖုံးမှအဆက်

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီးဇွဲဝင်းမြင့်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၉)နှစ်မြောက်တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၌ ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများ ဝတ်စုံပြည့်စစ်ရေးပြလေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

အဆိုပါ စစ်ရေးပြအခမ်းအနားတွင် တပ်မတော် (ကြည်း၊ ရေ၊ လေ)နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ အရာရှိ၊ စစ်သည်များ၊ အမျိုးသမီးတပ်ဖွဲ့ဝင်များ၊ အမျိုးသမီး အထူးတပ်ဖွဲ့ဝင်များ၊ တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များ ပါဝင်ကြောင်း သတင်းရရှိသည်။

# (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စေတနာရှင်အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်း




တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်းထံ စေတနာရှင်အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

**နေပြည်တော် မတ် ၂၂**

(၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စေတနာရှင်အလှူရှင်များက ဂုဏ်ပြုအလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည်။

အဆိုပါအလှူငွေပေးအပ်ပွဲသို့ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး၊ တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း၊ တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်နေ့စစ်ရေးပြမှူးကြီး ဗိုလ်ချုပ်သိန်းဇော်နှင့် စစ်ကြောင်းမှူးများ၊ အလှူရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကုမ္ပဏီ ၂၁၅ ခုနှင့် စေတနာရှင်အလှူရှင်များက ဂုဏ်ပြုအလှူငွေ စုစုပေါင်းငွေကျပ် ၁၃၆၅၆၃၀၀၀၀(၁ ဒသမ ၃ ဘီလီယံကျော်)ကို ပေးအပ်လှူဒါန်းကြရာ တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း၊ တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စောသန်းလှိုင်၊ တပ်မတော်နေ့ကျင်းပရေးစစ်ရေးပြလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ကိုလေး၊ တပ်မတော်နေ့စစ်ရေးပြမှူးကြီး ဗိုလ်ချုပ်သိန်းဇော်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် အလှူရှင်များကိုယ်စား အလှူရှင်တစ်ဦးက လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဂုဏ်ပြုအလှူငွေပေးအပ်လှူဒါန်းပွဲအပြီးတွင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် အဖွဲ့ဝင်များက တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

# အရှေ့တောင်တိုင်းစစ်ဌာနချုပ်ရှိ မှီခိုသူ ကျောင်းသား၊ ကျောင်းသူများ၏ ကွန်ပျူတာသင်တန်းဆင်းပွဲ ကျင်းပ


**နေပြည်တော် မတ် ၂၂**

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နွေရာသီ ကျောင်းပိတ်ရက်ကာလများတွင် အားလပ်ချိန်ကို အကျိုးရှိရှိအသုံးချ၍ အသိပညာဗဟုသုတတိုးပွားပြီး ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို စနစ်တကျကိုင်တွယ်အသုံးပြုတတ်စေရန်နှင့် ကွန်ပျူတာနည်းပညာများကို အခြေခံတတ်ကျွမ်းနားလည်စေရန် ရည်ရွယ်၍ဖွင့်လှစ်ခဲ့သည့် ကွန်ပျူတာသင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်လင်းမောင်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက သင်တန်းဆင်းအမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ထူးချွန်ဆုရသင်တန်းသား၊ သင်တန်းသူများကို ဆုများချီးမြှင့်ပေးအပ်ပြီး သင်တန်းနည်းပြများကို လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

အဆိုပါ ကွန်ပျူတာသင်တန်းကို တိုင်းစစ်ဌာနချုပ်မှ မှီခိုသူ ကျောင်းသား၊ ကျောင်းသူဦးရေ ၈၀ ဖြင့် မတ် ၁၁ ရက်မှ ယနေ့ထိ ဖွင့်လှစ်သင်ကြားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်လင်းမောင် ထူးချွန်ဆုရ သင်တန်းသူ တစ်ဦးကို ဆုပေးအပ် ချီးမြှင့်စဉ်။




## သဇင်(FM) အသံလွှင့်အစီအစဉ်

၂၃-၃-၂၀၂၄ (စနေနေ့)

| | | |
|---|---|---|
| ၁။ | ၀၆း၃၀ | ခံစားနားဆင် မြန်မာသံစဉ် |
| ၂။ | ၁၁း၀၀ | စိုက်မွေးသုတ |
| ၃။ | ၁၃း၀၀ | တိုင်းရင်းသားစကားပြောကြရအောင် |
| ၄။ | ၁၄း၃၀ | ဖတ်သမျှ မှတ်သမျှ |
| ၅။ | ၁၆း၀၀ | First Step |
| ၆။ | ၁၈း၂၀ | Thazin Request Song |

# (၇၉)နှစ်မြောက် တပ်မတော်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျေးရွာသစ်လှုပ်ရှားမှုစံပြကျေးရွာများသို့ ရန်ပုံငွေထောက်ပံ့ပေးအပ်




**နေပြည်တော် မတ် ၂၂**

(၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျေးရွာသစ်လှုပ်ရှားမှုစံပြကျေးရွာများသို့ ရန်ပုံငွေ ထောက်ပံ့ပေးအပ်ပွဲနှင့် ကျေးရွာသစ်လှုပ်ရှားမှု အခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၂၄) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးသင်တန်းကျောင်း (AERDTC)၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဌာနတာဝန်ရှိသူများ၊ ကျေးရွာသစ်လှုပ်ရှားမှုစံပြကျေးရွာများ ထူထောင်ဆောင်ရွက်ကြမည့် မြို့နယ်များမှ ဦးစီးမှူးများ၊ စီမံကိန်းဝင်ကျေးရွာ ၄၀ မှ ကျေးရွာသစ်လှုပ်ရှားမှုကော်မတီဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေးဦးစီးဌာနက ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ အထောက်အပံ့ဖြင့် ကျေးရွာသစ်လှုပ်ရှားမှု စံပြကျေးရွာများ ထူထောင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယနေ့ထိ ကျေးရွာ ၂၂၄ ရွာ၏ အခြေခံအဆောက်အအုံများ၊ ဝင်ငွေတိုးလုပ်ငန်းများနှင့် ကျေးရွာသူ ကျေးရွာသားများ၏ စွမ်းဆောင်ရည်ဖွံ့ဖြိုးရေးကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကျေးရွာများအနေဖြင့် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးထုတ်လုပ်ပြီး MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်သွားကြရန်တိုက်တွန်းပါကြောင်း၊ ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်း စံပြဆောင်ရွက်ကြမည့် ကျေးရွာခေါင်းဆောင်များအနေဖြင့် မိမိတို့ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းတွင် မိမိတို့ရွာသူ ရွာသားများ တက်တက်ကြွကြွပါဝင်လာနိုင်အောင် စည်းရုံးပြီး စံနမူနာကောင်းပေးနိုင်သည့် ခေါင်းဆောင်များဖြစ်အောင် ကြိုးစားအားထုတ်ကြရန်နှင့် မိမိတို့ကျေးရွာများကို နေချင့်စဖွယ်ကောင်းသော စံပြကျေးရွာများဖြစ်အောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုနှင့် ရှေ့လုပ်ငန်းစဉ်များကို တင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကျေးရွာသစ်လှုပ်ရှားမှု စံပြကျေးရွာများအတွက် ရန်ပုံငွေများထောက်ပံ့ပေးအပ်ပြီး ဒုတိယဝန်ကြီးများက မတ် ၁၈ ရက်မှ ယနေ့ထိ ကျေးရွာသစ်လှုပ်ရှားမှုအခြေခံသင်တန်း (၁/၂၀၂၄) သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ကြရာ သင်တန်းသားကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့် ဒုတိယဝန်ကြီးများသည် (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပုဗ္ဗသီရိမြို့နယ် ကြံဖိုစုကျေးရွာဆင်သေချောင်းလျှပ်စစ်ရေတင်မှ နွေသီးနှံရေပေးဝေခြင်းအခမ်းအနားသို့ တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီးများက လျှပ်စစ်ရေတင်စက်ရုံကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်တွင် ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေးပြီးဖြစ်၍ စားရေရိက္ခာဖူလုံမှုကို အထောက်အပံ့ဖြစ်စေမည့် သီးနှံများကို ဦးစားပေးစိုက်ပျိုးခြင်း၊ တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်ရရှိရေးကြိုးပမ်းသွားကြရန်ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက စုပေါင်းစိုက်ပျိုးထုတ်လုပ်သည့် လယ်ယာကုန်ထုတ် သမဝါယမအသင်းများ၏ စီးပွားရေးအောင်မြင်မှုအခွင့်အလမ်းများကို အသေးစိတ်ရှင်းလင်းဆွေးနွေးပြောကြားပြီး တောင်သူများ၏တင်ပြချက်များကို ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကြသည်။

ယခုဖွင့်လှစ်သည့် ကြံဖိုစုလျှပ်စစ်ရေတင်လုပ်ငန်းမှ စိုက်ပျိုးမြေဧက ၄၅၀ ၏ နွေသီးနှံစိုက်ပျိုးနိုင်ရေး အကျိုးပြုသွားမည်ဖြစ်ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဧက ၉၀ ထပ်မံတိုးချဲ့ပေးဝေနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ရာ စုစုပေါင်းရေသောက်ဧရိယာဧက ၅၄၀ တွင် တစ်နှစ် သုံးသီး စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်ကောင်စီ ဓနသိဒ္ဓိရပ်ကွက်ရှိ လူမှုဖူလုံရေး-ဘေးမခ အထွေထွေရောဂါကုဆေးခန်းဖွင့်လှစ်

**နေပြည်တော် မတ် ၂၂**

(၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိရပ်ကွက်ရှိ လူမှုဖူလုံရေး-ဘေးမခ အထွေထွေရောဂါကုဆေးခန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါအဆောက်အအုံမျက်နှာစာ၌ ကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ နေပြည်တော်ကောင်စီဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ လူမှုဖူလုံရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အကျုံးဝင်အလုပ်ဌာနများမှ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များ၊ ဘေးမခဆေးခန်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က ဆေးခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာသိကောင်းစရာများ ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို အလုပ်သမားဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေကို အာဏာတည်ကြောင်း အမိန့်ထုတ်ပြန်ခဲ့ရာ ယင်းဥပဒေသည် မြန်မာနိုင်ငံတွင်သာပြဋ္ဌာန်းခြင်းမဟုတ်ဘဲ ကမ္ဘာ့နိုင်ငံများစွာ၌ ကျင့်သုံးလျက်ရှိပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်းများကိုခေါ်ယူရာတွင် အမျိုးသမီးများကို လတ်တလောခေါ်ယူရန် အစီအစဉ်မရှိသေးဘဲ အမျိုးသားဦးရေ ခြောက်သန်းကျော်မှ တစ်ရာခိုင်နှုန်းသာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရာတွင်လည်း သတ်မှတ်ချက်များနှင့်အညီ စနစ်တကျ ခေါ်ယူသွားမည်ဖြစ်ပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းနှင့်စပ်လျဉ်း၍ လူမှုကွန်ရက်တွင်ဖော်ပြနေသည့် သတင်းများကို အမှန်ဟုမယူဆဘဲ လက်တွေ့ကျကျလေ့လာသုံးသပ်ပြီး မှန်ကန်သည့်သတင်းအချက်အလက်များကို ဖြန့်ဝေပေးခြင်းဖြင့် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြရန်နှင့် နိုင်ငံ့အရေးတွင် မိမိတို့ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အားပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပူတာအိုမြို့နယ် ပူတာအိုလွင်ပြင်ပတ်လမ်းနှင့် ပေ ၃၃၀ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**နေပြည်တော် မတ် ၂၂**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၇၈၀ ဒသမ ၃၇၈ သန်းဖြင့် ကချင်ပြည်နယ် ပူတာအိုမြို့နယ် ပူတာအိုလွင်ပြင်ပတ်လမ်း ၂၅/၀ မိုင်မှ ၁/၇ မိုင်နှင့် ပေ ၃၃၀ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းလုပ်ငန်းများကို မတ် ၂၂ ရက်တွင် ပူတာအိုခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဇော်ထွန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးရာ သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။ အဆိုပါလမ်းသည် ပူတာအိုမြို့နယ်အတွင်း သဘာဝအခြေခံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည့်လုပ်ငန်းဖြစ်ပြီး ဒေသထွက်ကုန်များကို မြို့ပေါ်သို့ အချိန်တိုအတွင်း ပို့ဆောင်နိုင်တော့မည်ဖြစ်၍ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝနှင့် ကုန်စည်စီးဆင်းမှုများစွာ အထောက်အကူပြုသည့်အတွက် ကျေးလက်နေပြည်သူများအနေဖြင့် များစွာဝမ်းမြောက်ဂုဏ်ယူလျက်ရှိသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကချင်ပြည်နယ်အတွင်း လမ်းတံတားလုပ်ငန်း၊ ရေရရှိရေးလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ သာသနာရေးလုပ်ငန်းနှင့် တန်ဖိုးနည်း ဝန်ထမ်းအိမ်ရာများကို ပြည်ထောင်စုနယ်စပ်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၅၄၈၈ ဒသမ ၈၀၂ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ကမ္ဘာ့ တီဘီရောဂါတိုက်ဖျက်ရေးနေ့ (World TB Day) အထိမ်းအမှတ်အခမ်းအနား ကျင်းပ



**နေပြည်တော် မတ် ၂၂**

၂၀၂၄ ခုနှစ် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ (World TB Day) အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက မြန်မာနိုင်ငံသည် ကမ္ဘာ့ တီဘီ၊ တီဘီ/အိပ်ချ်အိုင်ဗွီနှင့် ဆေးယဉ်ပါး တီဘီရောဂါအဖြစ်အများဆုံး နိုင်ငံ ၃၀ တွင် အပါအဝင်ဖြစ်ပြီး WHO ၏ Global TB Report (2023) အရ ၂၀၂၂ ခုနှစ်တွင် မြန်မာနိုင်ငံ၌ လူဦးရေတစ်သိန်းတွင် တီဘီလူနာသစ်ဖြစ်ပွားနှုန်း ၄၇၅ ဦးရှိပြီး သေဆုံးနှုန်းမှာ ၈၀ ရှိနိုင်ကြောင်း ခန့်မှန်းထားပါကြောင်း၊ ၂၀၂၃ ခုနှစ်တွင် စုစုပေါင်းတီဘီလူနာတစ်သိန်းနှစ်သောင်းကျော် ရှာဖွေကုသပေးနိုင်ခဲ့ပြီး ဆေးကုသမှုအောင်မြင်နှုန်းမှာ ၈၈ ရာနှုန်းရရှိခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ်အတွင်း တီဘီလူနာရှာဖွေတွေ့ရှိမှု၏ ၁၈ ရာနှုန်းမှာ ကလေးများတွင်ဖြစ်ပြီး အသက်ရှစ်နှစ်အောက် ကလေးများ၏ သလိပ်နှင့် Stool Specimen ကို Gen-eXpert အစက်ဖြင့် တီဘီပိုးရှာဖွေစစ်ဆေးခြင်းကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆေးယဉ်ပါး တီဘီရောဂါရှာဖွေခြင်းကို လူနာများလက်လှမ်းမီစေရန် Rapid Di-agnostic Test ဖြစ်သော GeneXpert စက်အလုံး ၁၁၀ ကို တီဘီရောဂါတိုက်ဖျက်ရေးဌာန ၈၆ ခုတွင် တပ်ဆင်လွှမ်းခြုံဆောင်ရွက်လျက်ရှိပြီး အမျိုးသားမှိုင်ခြမ်းပြု တီဘီဓာတ်ခွဲဌာန(ရန်ကုန်)တွင် အဓိကဆောင်ရွက်လျက်ရှိကာ မန္တလေးနှင့် တောင်ကြီးတို့တွင် အားဖြည့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တီဘီရောဂါကို ရှာဖွေကုသပေးရုံမျှသာမက တီဘီလူနာနှင့်အတူနေ မိသားစုထဲမှ အသက်ငါးနှစ်အောက် ကလေးများနှင့် တီဘီ/အိပ်ချ်အိုင်ဗွီရောဂါ ဝေဒနာရှင်များကို တီဘီရောဂါမဖြစ်အောင် ကာကွယ်ကုသခြင်း(TB Preventive Therapy, TPT) ကို လက်ရှိအခြေအနေထက် ပိုမိုထိရောက်အောင် ဆောင်ရွက်သွားကြရန် အရေးကြီးပါကြောင်း၊ ၂၀၂၄ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ ဆောင်ပုဒ်ဖြစ်သည့် "Yes! We can End TB!" "တီဘီရောဂါပပျောက်ဖို့ အားလုံးဝိုင်းဝန်းပူးပေါင်းလို့ ပံ့ပိုးကူညီဆောင်ရွက်စို့။"နှင့်အညီ တီဘီရောဂါပပျောက်နိုင်ရေးအတွက် ကာကွယ်ကုသရေးလုပ်ငန်းများကို လူတိုင်းလက်လှမ်းမီရရှိနိုင်ရန် အားလုံးပူးပေါင်း၍ ပံ့ပိုးဆောင်ရွက်ရမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများသည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ၂၀၂၄ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ ပြခန်းသို့ လှည့်လည်ကြည့်ရှုရာ အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေး စီမံကိန်း၏တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

အခမ်းအနားကို ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ နီးနွယ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးများ၊ အခြေခံကျန်းမာရေးဝန်ထမ်းများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ အခမ်းအနားကျင်းပ





**နေပြည်တော် မတ် ၂၂**

ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများတက်ရောက်ကြပြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးခွဲများမှ အရာထမ်း၊ အမှုထမ်းများက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်စပ်လျဉ်းပြီး လူမှုကွန်ရက်စာမျက်နှာများ၌ မဟုတ်မမှန် သတင်းတု၊ သတင်းမှားများ ဖြန့်ဝေရေးသားနေသည့်အတွက် ဝန်ထမ်းများအယုံမလွယ်စေရန် ယနေ့အသိပညာပေး ဆွေးနွေးပွဲပြုလုပ်ပေးခြင်းဖြစ်ပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေမှာ ယခုလတ်တလော အသစ်ပြဋ္ဌာန်းလိုက်သော ဥပဒေမဟုတ်ဘဲ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ၁၉၅၉ ခုနှစ်က ပြဋ္ဌာန်းခဲ့ပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် (၂၇/၂၀၁၀)ဖြင့် ပြန်လည်ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ယခုအခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှစ၍ ယင်းပြည်သူ့စစ်မှုထမ်းဥပဒေကို အာဏာတည်ကြောင်းကိုသာ အမိန့်ထုတ်ပြန်ခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံကြီးများတွင်လည်း ပြည်သူ့စစ်မှုထမ်းဥပဒေကို လက်တွေ့ကျင့်သုံးလျက်ရှိပါကြောင်း။

နိုင်ငံသားတိုင်းသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိပါကြောင်း၊ ယင်းအပြင် စစ်ပညာသင်ကြားရန်နှင့် လိုအပ်ပါက နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် အဆင်သင့်ဖြစ်နေရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်၏စီးပွားရေး၊ လုံခြုံရေးတို့ကို ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံသားများ အားလုံးတွင် တာဝန်ရှိပါကြောင်း။

ဝန်ထမ်းများအနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အချက်အလက်များကို တရားဝင်ထုတ်ပြန်သည့် သတင်းဌာနများ၏ ထုတ်ပြန်ချက်များ၌သာ လေ့လာကြရန်လိုအပ်ပါကြောင်း၊ ထို့အတွက် ယနေ့ဆွေးနွေးပွဲကို ကျင်းပပြုလုပ်ပေးခြင်းဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်အစိုးရနှင့်ဝန်ကြီးဌာနက ထုတ်ပြန်ထားရှိသော ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာပြီး နိုင်ငံအကျိုး၊ ဝန်ကြီးဌာနနှင့် ပြည်သူ့အကျိုးအတွက် ဦးလည်မသုန် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က ပြည်သူ့စစ်မှုထမ်းဥပဒေပါ သိကောင်းစရာများ၊ ပြည်သူ့စစ်မှုထမ်းစနစ် ကျင့်သုံးရခြင်း၏ ရည်ရွယ်ချက်များ၊ ပြည်သူ့စစ်မှုထမ်းဥပဒေပါ အချက်အလက်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဝန်ထမ်းများ ပြည်သူ့စစ်မှုထမ်းဥပဒေကို ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ရှင်းလင်းပြောကြား

**နေပြည်တော် မတ် ၂၂**

အားကစားနှင့် ကာယပညာဦးစီးဌာနရှိ အရာထမ်း၊ အမှုထမ်းများကို ပြည်သူ့စစ်မှုထမ်းဥပဒေကို ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ရှင်းလင်းပြောကြားခြင်း အခမ်းအနားကို ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပသည်။

ဦးစွာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းက ဝန်ထမ်းများအနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေအကြောင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်စေရန်အတွက်ရည်ရွယ်ပြီး ယခုလိုရှင်းလင်းပြောကြားခြင်း ဖြစ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းရသည့် အဓိကရည်ရွယ်ချက်အနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန်နှင့် နိုင်ငံသားတိုင်း စစ်ပညာကိုသင်ကြားပြီး အမိနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန်တာဝန်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် စပ်လျဉ်းသည့် နောက်ခံသမိုင်းများ၊ စစ်မှုထမ်းဥပဒေပါ အကြောင်းအရာများတွင် ပါဝင်သည့် အချက်များဖြစ်သည့် စစ်မှုထမ်းရမည့် အသက်အရွယ်များ၊ စစ်မှုထမ်းခြင်းတာဝန်ထမ်းဆောင်ရမည့်ကာလ၊ စစ်မှုထမ်းခြင်းမှ ယာယီရွှေ့ဆိုင်းနိုင်သူများ၊ စစ်မှုထမ်းသူတို့၏ ခံစားခွင့်များ၊ စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည့် ပုဂ္ဂိုလ်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များ၊ ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ဝန်ထမ်းများအားလုံး ထဲထဲဝင်ဝင် သိရှိနားလည် သဘောပေါက်စေရန် ရှင်းလင်းပြောကြားခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးအတွက် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ မှန်မှန်ကန်ကန် နားလည်သဘောပေါက်ပြီး နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များ အောင်မြင်စွာ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာ အလေးထား ဆောင်ရွက်သွားရန် ပြောကြားသည်။

ဆက်လက်၍ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက ဝန်ထမ်းများအနေဖြင့် မေးမြန်းလိုသည်များနှင့် သိရှိလိုသည်များကို ဆွေးနွေးတင်ပြပေးရန်၊ သီးပင်စားပင်များ စိုက်ပျိုးသွားကြရန်၊ လုံခြုံရေး အထူးဂရုစိုက်ကြရန်နှင့် မိသားစုအခက်အခဲရှိပါက သက်ဆိုင်ရာ တာဝန်ရှိသူများထံ ညှိစာရင်းတိုင်ကြားခြင်းနှင့် သတင်းပို့တင်ပြ၍ ခွင့်ပြုချက်တောင်းခံပြီးမှ နေထိုင်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် မတ် ၂၂**

ကချင်ပြည်နယ် တနိုင်းမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှု ခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရပြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရပြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်စဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရပြည့်စားသောက်ဖွယ်ရာများနှင့်ထောက်ပံ့ငွေများ ပေးအပ်စဉ်။

# လားရှိုးမြို့ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်းအမှတ်စဉ်(၆) သင်တန်းဆင်းပွဲကျင်းပ



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးတင့် ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများနှင့် သင်ထောက်ကူပစ္စည်းများကို လိုက်လံကြည့်ရှုစဉ်။

**နေပြည်တော် မတ် ၂၂**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်းအမှတ်စဉ်(၆) သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အမျိုးသမီးအိမ်တွင်းမှုအသက်မွေးဝမ်းကျောင်းလုပ်ငန်းပညာသင်တန်းကျောင်း၌ ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးတင့်နှင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ သင်တန်းနည်းပြများ၊ သင်တန်းသူများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာတိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းထူးချွန်ဆုရရှိခဲ့သော သင်တန်းသူများကို ဆုများအသီးသီးပေးအပ်ချီးမြှင့်ပေးပြီး သင်တန်းကျောင်း၌ တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

ယင်းနောက် သင်တန်းတက်ရောက်အောင်မြင်ခဲ့သည့် သင်တန်းသူဦးရေ ၃၀ အတွက် တာဝန်ရှိသူတစ်ဦးက သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ရာ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက်တိုင်းမှူးနှင့် တာဝန်ရှိသူများသည် အဆိုပါသင်တန်းကျောင်း၌ ခင်းကျင်းပြသထားသည့် အဆင့်မြင့်အိမ်တွင်းမှု အသက်မွေးဝမ်းကျောင်း ထုတ်ကုန်ပစ္စည်းများနှင့် သင်ထောက်ကူပစ္စည်းများကို လိုက်လံကြည့်ရှုကြသည်။

အဆိုပါ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းကို ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၃ ရက်မှ ယနေ့ထိ သင်တန်းသူဦးရေ ၃၀ ဖြင့် ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သတင်းရရှိသည်။

# ထားဝယ်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် ဒုတိယနေ့ ဆက်လက်ဂုဏ်ပြုဖျော်ဖြေ

**နေပြည်တော် မတ် ၂၂**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေး အဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေးအတွက် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ ရှေ့တန်းစခန်းများနှင့် တပ်နယ်များအလိုက် နယ်မြေခံတပ်ရင်းဌာနချုပ်များသို့ အလှည့်ကျသွားရောက်၍ ကိုယ်ချင်းစာစိတ်အပြည့်အဝဖြင့် ဂုဏ်ပြုဖျော်ဖြေလျက်ရှိသည်။

ထိုသို့ သွားရောက်ဂုဏ်ပြုဖျော်ဖြေလျက်ရှိရာ ယနေ့တွင်လည်း တနင်္သာရီတိုင်းဒေသကြီး ထားဝယ်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများက စစ်ချီတေး၊ စစ်သည်တေးသီချင်းများ၊ ခေတ်ပေါ်နှင့် ခေတ်ဟောင်းတေးသီချင်းများဖြင့် ဆက်လက်သီဆိုကပြဖျော်ဖြေကြရာ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက စိတ်လက်ပျော်ရွှင်ကြည်နူးချမ်းမြေ့စွာဖြင့် ကြည့်ရှုအားပေး၍ လွတ်လပ်ပေါ့ပါးစွာဖြင့် အတူတကွပါဝင်သီဆိုကြသည်။ ထိုကဲ့သို့လာရောက်သီဆို ဖျော်ဖြေပေးကြသည့် အဖွဲ့သူ၊အဖွဲ့သားများကို နယ်မြေခံတပ်များက တာဝန်ရှိသူများနှင့် မိသားစုဝင်များက ဒေသထွက်လက်ဆောင်ပစ္စည်းများ ပေးအပ်ကြပြီး ဒေသထွက်အစားအစာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သတင်းရရှိသည်။

➤ ➤ ➤



နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများက ထားဝယ်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် သီဆိုကပြဖျော်ဖြေစဉ်။

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊NUG၊PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အကြမ်းဖက်သမားများ မီးရှို့ဖျက်ဆီးခဲ့သည့် ဟိုပုံးမြို့နယ် ကျောက်ကချားကျေးရွာအတွင်း သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ပေးပြီး အိမ်ဆောက်ပစ္စည်းများ ထောက်ပံ့ပေးအပ်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဟိုပုံးတပ်နယ်မှ တာဝန်ရှိသူများက ဒေသစံတိုင်းရင်းသားပြည်သူများအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကထောက်ပံ့သည့် အိမ်ဆောက်ပစ္စည်းများနှင့်ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်စဉ်။



အကြမ်းဖက်သမားများ မီးရှို့ဖျက်ဆီးခဲ့သည့် ဟိုပုံးမြို့နယ် ကျောက်ကချားကျေးရွာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဒေသစံတိုင်းရင်းသားပြည်သူများ ပူးပေါင်း၍ ရပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

**နေပြည်တော် မတ် ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် မဲနယ်တောင်ဒေသရှိ ပအိုဝ်းတိုင်းရင်းသားများနေထိုင်သော ကျေးရွာများဖြစ်သည့် နမ့်ဟူးကျေးရွာ၊ ကျောက်ကချားကျေးရွာ၊ စံဖူးကျေးရွာ၊ ပါချားကလိုကျေးရွာ၊ ဒုံလိတောင်ကျေးရွာများသို့ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ရန်အတွက် PNLO၊ KNDF အဖွဲ့နှင့် PDFအမည်ခံ အကြမ်းဖက်သမားများသည် ဖေဖော်ဝါရီ ၁၆ရက်မှစတင်၍ ကျေးရွာသူ၊ကျေးရွာသားများအသွင်ဖြင့် စိမ့်ဝင်ပုံဖျက်ဝင်ရောက်ခြင်း၊ ကျေးရွာများအတွင်းရှိ နေအိမ်များကို အကာအကွယ်ရယူ၍ ဝင်ရောက်နေရာယူ လှုပ်ရှားခြင်းများ လုပ်ဆောင်ခဲ့သည်။

ထိုသို့ လုပ်ဆောင်ခဲ့မှုအပေါ် ဒေသခံ ပအိုဝ်းတိုင်းရင်းသားများအနေဖြင့် လက်ခံနိုင်ခြင်းမရှိသည့်အတွက် တပ်မတော်သို့ သတင်းပေးပို့ တိုင်ကြားမှုများ ပြုလုပ်ခဲ့ကြသဖြင့် တပ်မတော်နှင့်PNOအသွင်ပြောင်း ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ အဆိုပါဒေသများအတွင်း လိုအပ်သည့် နယ်မြေစိုးမိုးရေးနှင့် နယ်မြေလုံခြုံရေး လုပ်ငန်းများဆောင်ရွက်ခဲ့ရာ PNLO၊ KNDFအဖွဲ့နှင့် PDFအမည်ခံအကြမ်းဖက်သမားများအနေဖြင့် ကျေးရွာများအတွင်းရှိ နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူများကို လက်နက်အားကိုးဖြင့် အနိုင်ကျင့်သတ်ဖြတ်ခြင်း၊ ဒေသခံတိုင်းရင်းသားများ ပိုင်ဆိုင်သည့်ပစ္စည်းများကို အတင်းအဓမ္မ လုယက်ယူဆောင်ခြင်းတို့ကို လုပ်ဆောင်၍ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြပြီး ဒေသခံတိုင်းရင်းသားများအနေဖြင့် ဘေးလွတ်ရာနေရာများ၌ ယာယီနေရပ်စွန့်ခွာ နေထိုင်ခဲ့ကြရသည်။

အဆိုပါ အကြမ်းဖက်သမားများ ဖျက်ဆီးသွားခဲ့သည့် ကျေးရွာများအတွင်း ယာယီနေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားများ ပြန်လည်အခြေချနေထိုင်လုပ်ကိုင်စားသောက်နိုင်ရေး၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် ယနေ့နံနက်ပိုင်းတွင် ဟိုပုံးမြို့နယ် ကျောက်ကချားကျေးရွာအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊PNO အသွင်ပြောင်း ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များက ဒေသခံတိုင်းရင်းသားများနှင့် ပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဟိုပုံးတပ်နယ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ပြီး ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံကာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်သည့် အိမ်ဆောက်ပစ္စည်းများနှင့် ထောက်ပံ့ရေးပစ္စည်းများကို အသီးသီး ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

# လှည်းကူးမြို့နယ် တလုတ်ကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေစံဆေးကုသရေးအဖွဲ့က ဒေသစံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် မတ် ၂၂**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် တလုတ်ကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ တလုတ်ကုန်းဖွံ့ဖြိုးရေးစင်တာ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ဒေသခံပြည်သူ ၆၅ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အင်းတိုင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။


## ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေး မပြည့်မီသည့်ဆီများစားသုံးခြင်းတို့ကြောင့်-

- နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်း စသည့်ကျန်းမာရေး ဆိုင်ရာဆိုးကျိုးများစွာခံစားရစေပါသည်။
- ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချ စားသုံးသင့်ပါသည်။


# တွံတေးမြို့နယ်တွင် မြေးအဘွား နှစ်ဦးသာရှိသည့်အနက် မြေးဖြစ်သူ စစ်မှုထမ်းရန် သိရှိရသဖြင့် အဘွားဖြစ်သူ နှလုံးရပ်သေဆုံးကြောင်း သတင်းတု၊သတင်းမှားများကို မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မတ် ၂၂**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် လက်ပံကုန်းကျေးရွာတွင် မြေးအဘွားနှစ်ဦးသာရှိသည့်အနက် မြေးဖြစ်သူသည် စစ်မှုထမ်းဆောင်ရမည်ဟု သိရသည့်အတွက် အဘွားဖြစ်သူမှာ မတ် ၁၅ ရက်တွင် နှလုံးရပ်သေဆုံးသွားကြောင်း ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ တွံတေးမြို့နယ် စီမံအုပ်ချုပ်ရေးတာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်ပြီး ပြည်သူများ ထင်ယောင်ထင်မှားမဖြစ်စေရန်နှင့် သိရှိနားလည်စေရန် အသိပညာပေးဟောပြောခြင်းများကို သက်ဆိုင်ရာတာဝန်ရှိသူများက ဆွေးနွေးဟောပြော ဆောင်ရွက်လျက်ရှိခြင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေတွင်လည်း အခြားပြုစုစောင့်ရှောက်မည့်သူ မရှိသော မိဘိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်ကြောင်း ပါဝင်ခြင်းတို့ကြောင့် လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေထားသည့်လက်ပံကုန်းကျေးရွာမှ မြေးအဘွားနှစ်ဦးသာရှိသည့်အနက် မြေးဖြစ်သူ စစ်မှုထမ်းဆောင်ခိုင်းကြောင်း ရေးသားထားသည်မှာ လုပ်ကြံရေးသားထားခြင်းသာဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ အဘွားဖြစ်သူမှာ အသက် ၈၀ ကျော်အရွယ်ဖြစ်ပြီး မြေးအဘွားနှစ်ဦးတည်း မဟုတ်ဘဲ ၎င်း၏သားသုံးယောက်၊ သမီးတစ်ယောက်တို့နှင့်အတူ တွံတေးမြို့နယ် လက်ပံကုန်းကျေးရွာတွင် နေထိုင်လျက်ရှိကြောင်းနှင့် ပြည်သူများအနေဖြင့် တရားမဝင်ပြည်ဖျက်မီဒီယာများ၏ သတင်းတု၊ သတင်းမှားများ၊ ကောလာဟလသတင်းများကို သတိပြုဆင်ခြင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်သည့် မိမိတို့သိရှိလိုသော သတင်းအချက်အလက်များကို ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်းနှင့် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကိုလည်း နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် ထုတ်ပြန်ကြေညာထားရှိကြောင်း သတင်းရရှိသည်။



# ဗြိတိန်နိုင်ငံတွင် ကာဗွန်ထုတ်လွှတ်မှုအခွန် ကောက်ခံသွားမည်



**လန်ဒန် မတ် ၂၂**

ဗြိတိန်နိုင်ငံသည် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေး စီမံချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကာဗွန်ထုတ်လွှတ်မှုကို ထိန်းချုပ်နိုင်ရေးအတွက် ကာဗွန်ထုတ်လွှတ်မှုအခွန် ကောက်ခံသွားမည်ဖြစ်ကြောင်း ဗြိတိန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ကာဗွန်ထုတ်လွှတ်မှုအခွန် ကောက်ခံသွားမည့် ဥပဒေကို ၂၀၂၇ ခုနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် စီစဉ်နေပြီး ကာဗွန်ထုတ်လွှတ်မှုအခွန်ကောက်ခံခြင်းဥပဒေသည် ကာဗွန်ထုတ်လွှတ်မှု သုညမှတ်သို့ ရောက်ရှိရေးကို များစွာအထောက်အကူပြုစေလိမ့်မည်ဖြစ်ကြောင်း၊ ကာဗွန်ထုတ်လွှတ်မှုအခွန်ကောက်ခံခြင်းအပြင် ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေး မူဝါဒများဖြင့် ကိုက်ညီမှုမရှိသော စီးပွားရေးလုပ်ငန်းများကိုလည်း အခွန်တိုးမြှင့်ကောက်ခံသွားမည်ဖြစ်ကြောင်း ဗြိတိန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ဓာတ်ငွေ့ထုတ်လွှတ်မှု ကုန်သွယ်မှုစနစ်(ETS)အမည်နဲ့ ကာဗွန်ထုတ်လွှတ်မှုအခွန်ကောက်ခံသွားမဲ့ ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းသွားမှာဖြစ်ပါတယ်။ ကာဗွန်ထုတ်လွှတ်တဲ့ကုန်သွယ်မှုအားလုံးကို အခွန်ကောက်ခံသွားမယ်။ ကာဗွန်ထုတ်လွှတ်မှုသုညမှတ်ရောက်ရှိရေး ရည်မှန်းချက်ကို အရောက်သွားနိုင်ဖို့က ကာဗွန်ထုတ်လွှတ်မှုအခွန်ကောက်ခံတဲ့ဥပဒေရှိဖို့လိုအပ်ပါတယ်။ လေကြောင်းလိုင်းကနေ ကာဗွန်ထုတ်လွှတ်မှု ထိန်းချုပ်မဲ့အစီအစဉ်ကိုလဲ ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ဗြိတိန်အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

ကာဗွန်ထုတ်လွှတ်မှုအခွန်ကောက်ခံမည့်ဥပဒေဖြင့် အကျုံးဝင်သည့်ကုန်သွယ်မှုများမှာ သံနှင့်သံမဏိ၊ အလူမီနီယံ၊ ဓာတ်မြေဩဇာ၊ ဟိုက်ဒရိုဂျင်၊ ဖန်၊ ကြွေထည်နှင့် ဘိလပ်မြေ အစရှိသည့်ကုန်ပစ္စည်းကုန်သွယ်မှုများဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : Sai Sat**

# အမေရိကန်နိုင်ငံ အိုင်အိုဝါပြည်နယ်တွင် တောင်သူများနှင့် မွေးမြူရေးလုပ်ငန်းရှင်များက သောက်သုံးရေ လုံလုံလောက်လောက်ရရှိရေး စီစဉ်နေ

**ဝါရှင်တန် မတ် ၂၂**

အမေရိကန်နိုင်ငံ အိုင်အိုဝါပြည်နယ်တွင် မိုးခေါင်ရေရှားသည့်ပြဿနာဖြင့် ရင်ဆိုင်နေရသည်မှာ လေးနှစ်မြောက် ရှိနေပြီဖြစ်ပြီး ကာလရှည်ကြာလာသည့်အတွက် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများတွင် ထိခိုက်ဆုံးရှုံးမှုများ ရှိနေသဖြင့် တောင်သူများနှင့်မွေးမြူရေးလုပ်ငန်းရှင်များက သောက်သုံးရေ လုံလုံလောက်လောက်ရရှိရေးအတွက် စီစဉ်နေပြီဖြစ်ကြောင်း အိုင်အိုဝါအခြေစိုက် အမေရိကန်ကုန်စည်အသင်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မိုးခေါင်ပြီး ပူပြင်းခြောက်သွေ့သည့်ရာသီဥတုကြောင့် စိုက်ခင်းများပျက်စီးခဲ့ကာ ထပ်မံစိုက်ပျိုးရမည့်သီးနှံများကိုလည်း ရေအခက်အခဲကြောင့် စိုက်ပျိုးနိုင်ခြင်းမရှိဘဲဖြစ်နေကြောင်း အိုင်အိုဝါစိုက်ပျိုးရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

"ရာသီဥတုလွန်ကဲပြီး မိုးခေါင်တဲ့ပြဿနာကြောင့် စိုက်ပျိုးရေးလုပ်ငန်းတွေ ထိခိုက်ဆုံးရှုံးနေတယ်။ အထူးသဖြင့် ပြောင်းစိုက်ခင်းတွေနဲ့ ပဲပိစပ်စိုက်ခင်းတွေ တော်တော်များများ ပျက်စီးဆုံးရှုံးသွားတယ်။ စိုက်ပျိုးရေးလုပ်ငန်းတွေအပြင် မွေးမြူရေးလုပ်ငန်းတွေလဲ ထိခိုက်နစ်နာမှုတွေရှိနေတယ်။ ဒါကြောင့် တောင်သူတွေနဲ့ မွေးမြူရေးလုပ်ငန်းရှင်တွေက ရေအလုံအလောက်ရရှိဖို့အတွက် မိမိတို့အစီအစဉ်နဲ့ပဲ ငွေကြေးသုံးစွဲပြီး စီစဉ်ဆောင်ရွက်နေပါတယ်"ဟု အမေရိကန် ကုန်စည်အသင်း၏ ဥက္ကဋ္ဌ ဒွန်ရှိုစ်က ပြောကြားခဲ့သည်။



အချို့သော ကောက်ပဲသီးနှံများမှာ ရိတ်သိမ်းချိန်ရောက်နေပြီဖြစ်သော်လည်း ရေအလုံအလောက်မရသဖြင့် ရိတ်သိမ်းရန်အဆင်မပြေသေးသည့် အခြေအနေတွင်ရှိနေကြောင်း၊ မိုးခေါင်မှုကြောင့် စိုက်ပျိုးထားရှိသည့် ပြောင်းစိုက်ခင်း စုစုပေါင်း၏ ၂၃ ရာခိုင်နှုန်းခန့်ထိ ပျက်စီးခဲ့ကာ ပဲပိစပ်စိုက်ခင်း စုစုပေါင်း၏ ၁၉ ရာခိုင်နှုန်းထိ ပျက်စီးခဲ့ကြောင်း အမေရိကန် ကုန်စည်အသင်း၏ ဥက္ကဋ္ဌ ဒွန်ရှိုစ်က ပြောကြားခဲ့သည်။

**Ref : Xinhua News**
**Trs : Sai Sat**

# ရာသီဥတုဖောက်ပြန်မှုလျှော့ချရေး နျူကလီးယားဓာတ်ပေါင်းဖိုများတိုးမြှင့်သင့်ကြောင်း IEA ထုတ်ပြန်

**ပဲရစ် မတ် ၂၂**

ကမ္ဘာ့ကုလသမဂ္ဂက ဦးဆောင်၍ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ရာသီဥတုဖောက်ပြန်မှုလျှော့ချရေး စီမံချက်များ ဆောင်ရွက်လျက်ရှိရာ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုများကို လျှော့ချနိုင်ရေး ဦးစားပေး ဆောင်ရွက်လျက်ရှိပြီး ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးအတွက် ရုပ်ကြွင်းလောင်စာသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံများအစား နျူကလီးယားဓာတ်ပေါင်းဖိုများကို တိုးမြှင့်သွားသင့်ကြောင်း ပြင်သစ်နိုင်ငံ ပဲရစ်မြို့အခြေစိုက်သည့် အပြည်ပြည်ဆိုင်ရာ စွမ်းအင်အေဂျင်စီ (IEA)က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

နျူကလီးယားဓာတ်ပေါင်းဖိုကို အသုံးမပြုပါက ရည်မှန်းထားသော ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေးရည်မှန်းချက်ကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်မည်မဟုတ်ကြောင်းလည်း IEA ဥက္ကဋ္ဌ ဘီရိုလ်က ပြောကြားခဲ့သည်။

"ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ဖို့အတွက် အရေးကြီးဆုံးက ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့လျှော့ချဖို့ဖြစ်ပါတယ်။ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ လျှော့ချရေးကဏ္ဍအတွက် နျူကလီးယားဓာတ်ပေါင်းဖိုတွေ မဖြစ်မနေလိုအပ်ပါတယ်။ နျူကလီးယားဓာတ်ပေါင်းဖိုတွေကို တိုးမြှင့်ဆောက်လုပ်နိုင်ခြင်း မရှိသေးသရွေ့တော့ ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးလုပ်ငန်းတွေ မအောင်မြင်နိုင်ပါဘူး။ ဒါ့ပြင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တွေကိုလဲ တိုးတက်အောင် ဆောင်ရွက်သင့်တယ်။ ရုပ်ကြွင်းလောင်စာသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံတွေကို မထိန်းချုပ်နိုင်ရင်လဲ ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးရည်မှန်းချက်က အောင်မြင်ဖို့ မဖြစ်နိုင်ပါဘူး။ နျူကလီးယားဓာတ်ပေါင်းဖိုကတော့ ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးအတွက် မဖြစ်မနေလိုအပ်တဲ့အရာတွေဖြစ်ပါတယ်။ နျူကလီးယားဓာတ်ပေါင်းဖိုရဲ့ အားနည်းချက်ကတော့ မတော်တဆမှုဖြစ်ပွားရင် ရင်ဆိုင်ရမဲ့ အန္တရာယ်ကတော့ကြီးမားပါတယ်"ဟု အပြည်ပြည်ဆိုင်ရာစွမ်းအင်အေဂျင်စီ (IEA) ဥက္ကဋ္ဌ ဘီရိုလ်က ပြောကြားခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

## မီးလောင်နေစဉ်တွင် လိုက်နာရန် အချက်များ

၁။ အလွန်အမင်းကြောက်ရွံ့ထိတ်လန့်မှုမဖြစ်ပါနှင့်၊ သတိရှိပါ။တည်ငြိမ်မှုရှိပါ။



၂။ မိမိ ပြင်ဆင်ထားသော မီးသတ် ပစ္စည်းများဖြင့် ငြှိမ်းသတ်ပါ။ တစ်ချိန်တည်းတွင် ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။ မီးသတ်ကို အကြောင်းကြားပါ။



၃။ မီးခိုးများ ပြည့်နေသော အခန်းအတွင်းမှလွတ်မြောက်ရာသို့ထွက်ရာတွင် ကြမ်းပြင်ပေါ်တွားသွားပြီးထွက်ခွာပါ။ ( ကြမ်းပြင်ပေါ် တွားသွားခြင်းဖြင့် အောက်စီဂျင်ပြတ်လပ် ခြင်းကို ကာကွယ်နိုင်ပြီး ရှေ့မြင်ကွင်းကို မြင်နိုင်ကာ ထွက်ပေါက်ရှိရာကိုလည်း မြင်သာသောကြောင့်ဖြစ်သည်။)



၄။ မျက်နှာအား မီးလောင်ခြင်းမှ ကာကွယ်ရန်နှင့် မီးခိုးများမရှူမိစေရန် ရေစိုအဝတ်(သို့)လက်နှစ်ဖက်ဖြင့် မျက်နှာကိုကာကွယ် ဖုံးအုပ်ထားပါ။

၅။ မီးသတ်ယာဉ်များအမြန်ရောက်ရှိစေရေး ကူညီဆောင်ရွက်ပါ။

## မီးလောင်မှုဖြစ်ပွားသည့်ပုံစံနှင့် မီးငြှိမ်းသတ်ရန်နည်းလမ်းများ။

၁။ လူနှင့်အဝတ်အစားများကို မီးလောင်ခြင်း။

- ကြောက်လန့်တကြားမပြေးပါနှင့်။
- မြေကြီး(သို့) ကြမ်းပြင်ပေါ် သို့ လှဲချ၍ ခန္ဓာကိုယ်ကို လှိမ့်ပါ။
- ရေစိုသောအဝတ်စဖြင့် မီးလောင်သူကို ဖုံးအုပ်ပါ။



၂။ သစ်သား၊ စက္ကူများလောင်ကျွမ်းခြင်း။

- ရေ၊ ရေစိုအဝတ်(သို့) သဲ၊ မီးသတ် ဆေးဘူးဖြင့် ငြှိမ်းသတ်ပါ။

၃။ ဓာတ်ဆီ၊ စက်သုံးဆီများလောင်ကျွမ်းခြင်း။

- ရေစိုအဝတ်၊ သဲတို့နှင့် အုပ်၍ (သို့) မီးသတ်ဆေးဘူး အသုံးပြု၍ မီးငြှိမ်းသတ်ပါ။( ရေဖြင့်မငြှိမ်းရ)

၄။ လျှပ်စစ် ဝါယာရှော့ဖြစ်ခြင်း။

- ပင်မ မိန်းခလုတ်ကိုပိတ်ပါ။ (မိန်းခလုတ်မပိတ်ဘဲရေဖြင့် မငြှိမ်းရ။)
- ခြောက်သွေ့သောအဝတ်ပိတ်စတို့ဖြင့် ရိုက်ပုတ် ငြှိမ်းသတ်ပါ။
- မီးသတ်ဆေးဘူး အသုံးပြုပါ။


၅။ အိမ်သုံး ဂက်စ်အိုး မီးလောင်ခြင်း။

- ဓါတ်ငွေ့ထွက်ပေါက်ကို လက်(သို့)သင့်လျော်သော ပစ္စည်းဖြင့် ပိတ်ပါ။ ဓါတ်ငွေ့ ပိုက်လိုင်းကို ခေါက်၍ အမြန်ဆုံး ပိတ်နိုင်အောင် ဆောင်ရွက်ပါ။
- မီးသတ်ဆေးဘူး အသုံးပြုပါ။
- မီးသတ်ဌာနကိုဆက်သွယ်ပါ။



# မေတ္တာအလိုရှိသည်

ချစ်သက်(မြန်မာစာ)



(၁)

နှစ်ထပ်တိုက် ဖြူဖြူလေး၏ လသာဆောင်အောက်၌ အဝါရောင်စာလုံးလေးမှာ အထင်းသားပေါ်လွင်လျက်ရှိပေသည်။ ထိုစာလုံးလေးများမှာ "ရွှေမလို ငွေမလို မေတ္တာအလိုရှိသည်"ဟု ရေးသားထားသည်။ တိုက်ကလေး၏ ဘေးတွင် လက်ပံပင်ကြီး တစ်ပင်ရှိ၏။ ထိုလက်ပံပင်ကြီးသည် ကျေးငှက်များ ခိုလှုံရာဖြစ်သလို ဥဩငှက်လေး၏ သီဆိုရာ စတိတ်စင်ဆိုလည်း မှားမည်မထင်။ သည်လို သာယာသောခြံဝင်းကြီးထဲတွင် တစ်ဦးတစ်ယောက်မျှ နေမည်သူမရှိပေ။ ပိုင်ရှင်ဖြစ်သော အဘွားဒေါ်ခင်ဝင်းမှာ မကြာသေးမီက ဆုံးသွားရာပြီဖြစ်သည်။ တိုက်ခန်းလှလှ အိမ်ကလေးနှင့် သစ်ပင်ပန်းပင်များ၊ ကျေးငှက်ကလေးများမှာ အဘွားဒေါ်ခင်ဝင်းကို မျှော်နေရှာလျက်ရှိပေသည်။ အဘယ်ကြောင့်ဆိုသော် ဒေါ်ခင်ဝင်းသည် ဤခြံဝင်းထဲတွင် နေ့စဉ်နံနက်ဆိုလျှင် သစ်ပင်ပန်းပင်များကို ရေလောင်း၊ ကျေးငှက်ကလေးများကို အစာကျွေးခဲ့သော သူဖြစ်သည်။ နိစ္စဓူဝ အလုပ်ဟု ဆိုရပေမည်။ နှစ် ထပ်တိုက်ဖြူဖြူလေးမရှိခင်က ဤနေရာသည် သုံးပင်အိမ်သွပ်မိုးပျဉ်ထောင်ဖြစ်ပြီး သားသုံးယောက်နှင့် အဘွားဒေါ်ခင်ဝင်းတို့ အတူနေခဲ့ပေသည်။

(၂)

ဒေါ်ခင်ဝင်းသည် သားသုံးယောက်စလုံးကို ပညာတတ် အစိုးရဝန်ထမ်း ဖြစ်စေချင်သောဆန္ဒရှိသည်။ ထို့ကြောင့် မိမိစုဆောင်းထားသော ရွှေတိုငွေစလေးများ ထုခွဲရောင်းချကာ သားသုံးယောက်စလုံးကို ကျောင်းထားပေးခဲ့သည်။ အကြီးဆုံးသား ဝင်းအောင်မှာ ဆယ်တန်းအောင်ပြီး ပညာရေးကောလိပ်ကို ဆက်တက်ခွင့်ရခဲ့သည်။ ကျောင်းပြီး၍ မူလတန်းပြဆရာဘဝဖြင့် အိမ်ထောင်ကျခဲ့လေသည်။ ဒေါ်ခင်ဝင်းသည် သားလတ်အောင်မိုး၊ သားငယ်အောင်ဖြိုးတို့နှင့် အတူနေရပါသော်လည်း သားကြီးဝင်းအောင်ထံ နေ့တိုင်းမပျက်မကွက် ဖုန်းဆက်သည်။ ကျောင်းပိတ်ရက် အိမ်သို့ပြန်လာရန် အမြဲမှာကြားတတ်လေသည်။ သားလတ် အောင်မိုးမှာ ဆယ်တန်းမအောင်သောကြောင့် မိခင်ဖြစ်သူဒေါ်ခင်ဝင်းနှင့်အတူနေရပြီး သားငယ် အောင်ဖြိုးမှာ ဆယ်တန်းအောင်၍တက္ကသိုလ်ဆက်တက်ရာ မဟာတန်းထိ ဆက်တက်ခွင့်ရခဲ့လေသည်။

"အမေ။ သား မြို့တက်ပြီး အလုပ်လုပ်ချင်တယ် အမေ။ ဒီတောမှာပဲ သားဘဝကို မကုန်ဆုံးချင်ဘူး။ အောင်ဖြိုးက မြို့မှာ မဟာတန်းတောင် ရောက်နေပြီ။ သူ့ဘဝအတွက် သူကြိုးစားနေတာ။ သားလဲ မြို့မှာ အလုပ်အကိုင်နဲ့ အဆင်ပြေရင် ကိုယ်ပိုင်စီးပွားရေးလဲ လုပ်ချင်တယ်"

ဒေါ်ခင်ဝင်းသည် သားလတ်အောင်မိုး၏ စကားများကိုကြားပြီး မျက်ရည်များ ကျလာ၏။ ကျလာသော မျက်ရည်ကို သုတ်လိုက်သည်။ ထို့နောက် အောင်မိုးကို စကားပြောရန် ဟန်ပြင်လိုက်သည်။

"သား အောင်မိုး။ အမေ့စကားကို သေချာနားထောင်နော်။ အမေက အသက်လဲကြီးပြီ မှီခိုစရာဆိုလို့ ဒီသားတွေပဲ ရှိတာ။ အခု သားကြီးနဲ့ သားငယ်က အဝေးမှာ။ သားငယ်ကလဲ ကျောင်းပိတ်မှ ပြန်လာတာလေ။ အခုအချိန်မှာ သားကိုပဲ အမေ အဖော်ပြုနေရတာ။ သား စဉ်းစားပါအုံး"

"အမေကလဲ တစ်ခါလာလဲ ဒီစကားပဲ။ သားက အမေနဲ့ မနေချင်လို့ ပြောတာမဟုတ်ဘူး။ သားဘဝအတွက် စွန့်စားချင်တယ်။ မြို့ရောက်လို့ အလုပ်အဆင်ပြေရင် အမေ့ကို ကောင်းကောင်းထားနိုင်မယ်။ သားဘဝအတွက်လဲ အဆင်ပြေမယ်။ အမေ သားကို တစ်သက်လုံးရှာကျွေးနိုင်တာမှ မဟုတ်ဘဲနဲ့။ သားဘဝအတွက် သား ကြိုးစားချင်တယ် အမေရာ"

ဒေါ်ခင်ဝင်း စိတ်ပျက်လက်ပျက်ဖြင့် သက်ပြင်းအရှည်ကြီးချလိုက်၏။ သားလတ် အောင်မိုးကို တားမရမှန်းလည်း သိသည်။ ထို့ကြောင့် အောင်မိုးမြို့သို့သွားရန် ခွင့်ပြုခဲ့ရပေသည်။ မိသားစုများနှင့် နွေးထွေးစွာနေချင်သော မိခင်ဖြစ်သူဒေါ်ခင်ဝင်း၏ ဆန္ဒများ မပြည့်ဝခဲ့ပေ။

(၃)

"ဖျို့ အမေ အမေ့"

မီးဖိုချောင်ထဲတွင် ထမင်းချက်နေသော ဒေါ်ခင်ဝင်း အိမ်ရှေ့သို့ ထွက်ခဲ့၏။ မမျှော်လင့်သော မြင်ကွင်းကြောင့် ကြောင်အမ်းအမ်း ဖြစ်သွားပြန်သည်။ ထို့နောက် ဒေါ်ခင်ဝင်း၏ မျက်ဝန်းမှ မျက်ရည်များ အလိုလိုစီးကျလာခဲ့လေသည်။

"အမေကလဲဗျာ မငိုပါနဲ့။ သားတွေကို တွေ့တာပဲ။ အမေ့သားတွေ ပြန်လာတာ ငိုစရာလား"

သားကြီးဝင်းအောင်က မိခင်ဖြစ်သူ ဒေါ်ခင်ဝင်း၏ လက်ကို ဖွဖွကလေးကိုင်ကာ ပြောလိုက်ခြင်းဖြစ်သည်။ ဝင်းအောင်၊ အောင်မိုး၊ အောင်ဖြိုးတို့ ညီအစ်ကိုသုံးယောက် အိမ်သို့ပြန်လာခြင်းဖြစ်သည်။

"အေး အေး လာ သားတို့။ ဝင်းအောင် ကျောင်းဆရာဖြစ်ပြီး အသားတွေက မည်းလာလိုက်တာကွယ်။ အောင်မိုးကော မြို့မှာ အလုပ်လုပ်ရတာ အဆင်ပြေရဲ့လား"

"ဒီလိုပါပဲ အမေရယ်။ ပြေလိုက် မပြေလိုက်ပေါ့"

"သားငယ်ကော အမေ ပိုက်ဆံပို့လိုက်တာ ရောက်ရဲ့လား"

❖ နေမင်းကြီးသည် လူသားများကို အလင်းရောင်ပေးလျက်ရှိသည်။ နေမင်းကြီး၏အလင်းရောင်အောက်တွင် ဒေါ်ခင်ဝင်း တစ်ယောက် ပန်းပင်များကိုရေလောင်း၊ ကျေးငှက်များကိုအစာကျွေးနေ၏။ ငှက်ကလေးများ၏အော်သံ၊ ဥဩငှက်၏ တွန်ကျူးသံများသည် ဒေါ်ခင်ဝင်း အဖို့ အလွမ်းကိုပိုတိုးစေသည်။ သားသုံးယောက်၏ ကတိအတိုင်း လကုန်လျှင် ပိုက်ဆံပို့ကြ၏။ ဒေါ်ခင်ဝင်းက မြို့တက်ပိုက်ဆံထုတ်၊ လိုအပ်သည်များကိုဝယ်။ ရွှေတိုရွှေစလေးများ စုဖြစ်သည်။ ပတ်ဝန်းကျင် အမြင်မှာ ဒေါ်ခင်ဝင်း၏ သားသုံးယောက်သည် လိမ္မာသောသားများ၊ မိဘကျေးဇူးကို သိတတ်သောသားများဟု ထင်မြင်ကြသည်။ ❖

"ရောက်ပါတယ် အမေရဲ့။ သားက အိမ်သာပြန်မလာနိုင်တာ စိတ်ကတော့ အမေ့ဆီမှာပဲ။ ကိုယ့်ဘဝ ရှေ့ရေးအတွက် ကြိုးစားနေရတယ် အမေရဲ့။ အမေ့ကို ပိုက်ဆံအများကြီးရှာပေးမှာ ဟဲ ဟဲ ဟဲ"

ဒေါ်ခင်ဝင်းသည် သားငယ်၏စကားကို နားထောင်ကာ ခေါင်းတညိတ်ညိတ်ဖြစ်နေ၏။

(၄)

ဒေါ်ခင်ဝင်းသည် သားများ၏ အပြုံးမျက်နှာကို ကြည့်၍ပီတိဖြစ်နေ၏။ မိသားစုစုံလင်စွာ ထမင်းလက်စုံ စားရမည်ကို တွေး၍ပျော်ရွှင်လျက်ရှိသည်။ သားများ ကြိုက်တတ်သော ဟင်းများကို ဖွယ်ဖွယ်ရာရာချက်၏။

"ဝိုး. . . ဗိုက်ကို ကားသွားတာပဲ အမေရာ။ အမေ့ လက်ရာကတော့ အရင်အတိုင်းပဲ ပြောင်းလဲမသွားဘူး"

သားကြီး ဝင်းအောင်က စကားဆိုလိုက်ခြင်းဖြစ်သည်။ မိခင်ဖြစ်သူ ဒေါ်ခင်ဝင်း၏ ဟင်းချက်လက်ရာ မပြောင်းသော်လည်း ရုပ်ခန္ဓာမှာသိသိသာသာ ပြောင်းလဲလာသည်ကို သားများ သတိမထားမိပေ။

"အမေ"

"ပြောလေ သား"

"သားတို့ ပြောစရာရှိတယ် အမေ"

"ဟဲ့ ကလေးတွေ စကားတွေက ထူးထူးဆန်းဆန်းပါလား။ ဘာတုံး"

"ဒီလို အမေရေ သားတို့ ညီအစ်ကို သုံးယောက် တိုင်ပင်ထားတာ။ အခု သားလုပ်ငန်း အသစ်လုပ်မလို့ အမေ။ အရင်းအနှီးလိုနေလို့။ အစ်ကိုကြီးကော၊ ညီလေးကောပဲ"

အောင်မိုးသည် စကားကိုဆက်၍ ပြောဟန်ပြင်လိုက်သည်။

"အမေ့ဆီကို လာတာ ညီအစ်ကိုသုံးယောက် ချိန်းပြီးလာတာပဲအမေ။ အစ်ကိုကြီးကလဲ ကျောင်းတစ်ဖက်နဲ့ စီးပွားရေးလုပ်ချင်တယ် ပြောတယ်။ အငယ်ကောင်ကတော့ မိန်းမယူတော့မလို့တဲ့။ အဲဒါ ပိုက်ဆံလိုတယ်ပေါ့ အမေရယ်"

အောင်မိုး၏ စကားကြောင့် ခဏတာပျော်ရွှင်ရသော အပျော်ကလေး မိခင်ဖြစ်သူ ဒေါ်ခင်ဝင်း၏ရင်ထဲ ကြက်ပျောက်ငှက်ပျောက် ပျောက်ကွယ်သွားတော့၏။ သားများ၏စကားများကို တစ်လုံးမျှခွန်းတုံ့မပြန်ဘဲ အေးဆေးစွာ နားထောင်နေသည်။ သားငယ် အောင်ဖြိုးက စကားကို စပြောလိုက်ပြန်၏။

"အမေရယ် သား မဟာဘွဲ့ရတော့မှာပဲ။ သားတွဲတဲ့ မိန်းကလေးဘက်က ယူခိုင်းနေလို့ အမေ့ကို မပြောဖြစ်တာ။ ဟိုမှာပဲ မင်္ဂလာပွဲကို အကျဉ်းလေးလုပ်မှာ။ အမေကတော့ မလာနဲ့တော့နော်။ အမေလဲ အသက်ကြီးပြီလေ။ သားမင်္ဂလာဆောင်လာရင် အမေ ပင်ပန်းမှာ။ ဒါကြောင့် မလာနဲ့တော့။ သားအဆင်ပြေသလို လုပ်လိုက်မယ်။ လိုတာက ငွေပဲ"

ဒေါ်ခင်ဝင်းသည် သားငယ်၏ စကားကိုကြားလိုက်သည့်အခါ မျက်နှာညှိုးသွား၏။ ကျချင်နေသော မျက်ရည်များကို အနိုင်နိုင် ထိန်းထားရပေသည်။ သားတို့၏မေတ္တာကို လိုသောမိခင်တစ်ယောက်အတွက် သားသုံးယောက်ပြောသော စကားများသည် နှလုံးသားကို ဓားဖြင့်မွှန်းသလို အခံရခက်လှသည်။ ဝင်းအောင်သည် မိခင်ဒေါ်ခင်ဝင်း၏ မျက်နှာကိုအကဲခတ်လိုက်၏။ ထို့နောက် စကားဆိုလိုက်ပြန်သည်။

"အမေကလဲဗျာ အမေ မသေခင် အမွေတောင်းတာလဲ မဟုတ်ဘူး။ အခုအချိန်မှာ သားတို့ ညီအစ်ကိုသုံးယောက်ရဲ့ ဆန္ဒ၊ ဘဝပဲ။ အမေ့ ရွှေငွေတွေကို သားတို့ ပြန်ပေးမှာပါ။ မပူပါနဲ့။ လတိုင်း

စာမျက်နှာ ၂၅သို့ ➤

# မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းများတွင် ၄၈၀၆ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**မင်းကင်း မတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းများတွင် ၄၈၀၆ ဧက ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းကို ယခုနှစ် ဖေဖော်ဝါရီလက စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၇၅၁ ဧကနှင့် ဖူးစားပြောင်း ၄၀၅၅ ဧက စုစုပေါင်း ၄၈၀၆ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ အစေ့ထုတ်ပြောင်းတစ်ဧကလျှင် ၅၅ ဒသမ ၃၈ တင်း၊ ဖူးစားပြောင်းတစ်ဧကလျှင် ပြောင်းဖူး ၁၅၀၀၀ ထွက်ရှိကြောင်း သိရသည်။

"မင်းကင်းမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ၇၄၉၁ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခုလက်ရှိမှာတော့ ၄၈၀၆ ဧကထိ ရိတ်သိမ်းပြီးပါပြီ။ ပြောင်းဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိဖို့ အသိပညာပေးတာတွေ ဆောင်ရွက်ပေးတယ်။ ပြောင်းစိုက်ပျိုးမှုက တစ်နှစ်ထက်တစ်နှစ် ပြောင်းတွေတိုးချဲ့လာကြပါတယ်။ ဈေးကွက်အနေနဲ့ အသင့်အတင့်ရှိတာကြောင့် တောင်သူတွေအတွက် ပိုပြီးတွက်ခြေကိုက်တော့ စိုက်လာတဲ့သဘောပါ"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၆၈၆၂ ဧက လျာထားစိုက်ပျိုးခဲ့ရာ အစေ့ထုတ်ပြောင်းဧက ၁၁၅၀ နှင့် ဖူးစားပြောင်း ၆၃၄၁ ဧက စုစုပေါင်း ၇၄၉၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

မင်းကင်းမြို့နယ်တွင် ပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံ ကာကွယ်ရေးစနစ် အသုံးပြုရေး၊ စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (၂၀၆)

# ကြံခင်းမြို့နယ် သရက်တောကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ကြံခင်း မတ် ၂၂**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သရက်တောကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းခင်းခြင်း ဆောင်ရွက်ပြီးစီးမှုကို မတ် ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်တင်အောင်၊ ကြံခင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးနှင့် တာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း အဖွဲ့ဝင်များနှင့်အတူ သရက်တောကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင်ပိုင်းဝန်း ထိန်းသိမ်းကြရန် မှာကြားသည်။

ကြံခင်းမြို့နယ် သရက်တောကျေးရွာ၌ တစ်ဖက်လျှင် အရှည်ပေ ၁၂၀၀၊ အကျယ် သုံးပေ၊ အမြင့် ခြောက်လက်မစီရှိ ကျေးရွာတွင်း ကွန်ကရစ် ဘီးလမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ်၆၃သိန်း အသုံးပြု၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုအနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်ယခုနှစ် ဩဂုတ်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **သံသာ**

➤ **စာမျက်နှာ ၂၄ မှအဆက်**

ပိုက်ဆံပို့ပေးမယ်"

"အမေ့ဆန္ဒကို တစ်လုံးတစ်ပါဒမှ မမေးကြပါလား သားတို့ရယ်။ အမေလိုချင်တာက သားတို့ရဲ့မေတ္တာပါ။ ဂုဏ်တွေ၊ ရွှေတွေ၊ ငွေတွေ မဟုတ်ဘူး"

ထို့နောက် မိခင်ဖြစ်သူဒေါ်ခင်ဝင်းသည် ပြောချင်သော စကားများကို မြိုသိပ်လိုက်လေသည်။

(၅)

နေမင်းကြီးသည် လူသားများကို အလင်းရောင်ပေးလျက်ရှိသည်။ နေမင်းကြီး၏ အလင်းရောင်အောက်တွင် ဒေါ်ခင်ဝင်း တစ်ယောက် ပန်းပင် များကို ရေလောင်း၊ ကျေးငှက်များကို အစာကျွေးနေ၏။ ငှက်ကလေးများ၏အော်သံ၊ ဥဩငှက်၏ တွန်ကျူးသံများ သည် ဒေါ်ခင်ဝင်းအဖို့ အလွမ်းကိုပိုတိုးစေသည်။ သားသုံးယောက်၏ ကတိအတိုင်း လကုန်လျှင် ပိုက်ဆံပို့ကြ၏။ မိခင်ဖြစ်သူဒေါ်ခင်ဝင်းက မြို့တက် ပိုက်ဆံထုတ်၊ လိုအပ်သည်များကို ဝယ်။ ရွှေတိုရွှေစလေးများ စုဖြစ်သည်။ ပတ်ဝန်းကျင်အမြင်မှာ ဒေါ်ခင်ဝင်း၏ သားသုံးယောက်သည် လိမ္မာသော သားများ၊ မိဘကျေးဇူးကို သိတတ်သော သားများဟု ထင်မြင်ကြသည်။

"ဟဲလို သားကြီးလား။ အမေပါ။ သတိရလို့"

"ပြော အမေ။ သားပို့တဲ့ ပိုက်ဆံတွေနဲ့ အမေ အဆင်ပြေလား။ မပြေရင် ထပ်ပို့ပေးမယ်"

"ပြေပါတယ် သားရယ်။ အမေ သားတို့ကို တွေ့ချင်တယ်"

"ဟာ အမေကလဲ သားက မအားဘူး အမေရဲ့။ အစိုးရဝန်ထမ်းလေ။ ခွဲကျောင်းပိတ်ရက်တောင် ဟို သင်တန်းတက်၊ ဒီသင်တန်းတက်နဲ့ အိမ်မှာတောင် ဖင်ပူအောင်မထိုင်ရဘူး။ အမေ့ဆီ လာဖို့မပြောနဲ့။ မလာနိုင်ဘူး လကုန်ရင် ပိုက်ဆံ ပို့ပို့ပေးမယ်။ ဒါပဲ အမေ"

တစ်ဖက်က ဖုန်းကို ချလိုက်သည်။ မိခင်ဖြစ်သူ ဒေါ်ခင်ဝင်းသည် ဖုန်းနံပါတ်တစ်ခုကို ထပ်နှိပ်ပြန်၏။

"သား အောင်မိုးလား။ အမေပါ"

"ပြော အမေ"

"သား ဒီနွေရက်လေး အမေ့ဆီ ပြန်လာပါလား။ သားတွေကို အမေ လွမ်းလှပြီ"

"အမေရေ ဆောရီးပဲ။ ဒီနွေမှာ လုပ်ငန်းကြီးလုပ်ဖို့ အစီအစဉ်တွေ ရှိတယ်။ သား မလာနိုင်ဘူး။ ဒါပဲနော်"

တစ်ဖက်က ဖုန်းချသွားပြန်သည်။ မိခင်ဖြစ်သူ ဒေါ်ခင်ဝင်းသည် ဖုန်းနံပါတ်တစ်လုံးကို ထပ်နှိပ်ပြန်၏။

"သားငယ် အောင်ဖြိုးလား"

"အမေ ပြော"

"ဒီနွေလေး အမေ့ဆီ ပြန်လာပါလားကွယ်။ သားအစ်ကိုတွေက မအားဘူးတဲ့"

"လုပ်ပြီ အမေတို့ကတော့ လုပ်ပြီ။ ဒီမှာ ခင့်မိဘတွေနဲ့လေ။ ဒီအတိုင်းထားခဲ့လို့ဘယ်ဖြစ်မလဲ။ အဖေနဲ့အမေက အသက်ကြီးပြီ။ ခင်က စိတ်ချမှာမဟုတ်ဘူး။ အမေပဲ အဆင်ပြေအောင်နေပါဗျာ"

သားသုံးယောက်သာ ဖုန်းအသီးသီးချသွားသည်။ မိခင်ဖြစ်သူ ဒေါ်ခင်ဝင်း၏ဆန္ဒများ မပြည့်ဝခဲ့ပေ။ နှစ်များသာ ပြောင်းသွားသော်လည်း မိခင်ဖြစ်သူဒေါ်ခင်ဝင်း၏ ဆန္ဒမပြည့်ဝခဲ့ပေ။ သားများ၏ မေတ္တာအစား ပိုက်ဆံများသာ လတိုင်း မပျက်မကွက် ရောက်ရှိလာခဲ့ပေသည်။

(၆)

ဒေါ်ခင်ဝင်းသည် သုံးပင်အိမ်လေးကိုဖျက်၍ နှစ်ထပ်တိုက်ဖြူဖြူလေးကို အစားထိုးဆောက်ခဲ့သည်။ သားများပို့ပေးသော ငွေများ၊ စုထားသော ရွှေများကို ရောင်းချကာ နှစ်ထပ်တိုက်ကို ဆောက်ထားခြင်းဖြစ်သည်။ တိုက်၏ ထူးခြားချက်မှာ လသာဆောင်အောက်၌ အဝါရောင်စာလုံးများဖြင့် ရေးထိုးထားသော "ရွှေမလို ငွေမလို မေတ္တာအလိုရှိသည်" ဟူ၍ ဖြစ်သည်။ ဤစာလုံးလေးများ၏ အဓိပ္ပာယ်ကို ဒေါ်ခင်ဝင်းမှတစ်ပါး အခြားသူများ နားလည်မည် မဟုတ်ပေ။

## ကမ္ဘာ့မိုးလေဝသနေ့

- ကမ္ဘာ့နိုင်ငံ အများက
သတ်မှတ်ထား နေ့ရက်မဟာ၊
တစ်ထောင်ကိုးရာ ငါးဆယ်ခု
စုစည်းဖွဲ့ကာ၊
"နှစ်ဆယ်သုံးရက်" မတ်လမှာ
ရွေးချယ်ကာ သတ်မှတ်ထား၊
နိုင်ငံပေါင်းစုံ ညီညွတ်မှုဖြင့်
စုစည်းအင်အား။

- ရေမြေလေ သဘာဝတရား
အန္တရာယ်များ ရှောင်တိမ်းရန်၊
မုန်တိုင်းကြိုတင် သတိပေးလို့
ကင်းဝေးဘေးဒဏ်၊
ဆူနာမီဒီလှိုင်းရန်
မခံရအောင် သတိပေး၊
မိုးလေဝသပညာ တိုးတက်မှုက
ရှေးရှုနောင်ရေး။

- တို့ကမ္ဘာ သာယာအေးဖို့
လာသမျှဘေး တားဆီးရန်၊
ကမ္ဘာ့နိုင်ငံ အများက
ကြိုးစားရှန်းကန်၊
နေ့စဉ်နှင့်အမျှ ဘေးတွေ့အမှန်
ရှောင်တိမ်းရန် အစဉ်ကြိုးစား၊
သဘာဝဘေးရန် အန္တရာယ်ကြီးကို
တားဆီးရှောင်ရှား။

- ကမ္ဘာမြေ အပူမြင့်မားလို့
တားဆီးကြ ရုပ်ကြွင်းလောင်စာ၊
အိုဇုန်းလွှာ ပေါက်ပြဲမှု
စောင့်ရှောက်လို့သာ၊
သစ်တောဝါးများ ထိန်းသိမ်းပါ
နေပူဒဏ်ကာ စိုက်ပျိုးပေး၊
ဥတုရာသီ တောကိုမှီလို့
(သစ်ဝါးများကို)
ပေါများအောင်မွေး။ ။

**ရွှေတိုး(ထုံးဘို)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ **Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။**

➤ **မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။**

# အိုင်ဒီယော်လော်ဂျီတို့၏သဘော

ဇော်ဇော်အောင်(မန္တလေး)

စီးပွားရေး၊ နိုင်ငံရေးနှင့်လူမှုရေး နယ်ပယ်အသီးသီးတွင် အယူဝါဒများစွာဖြင့် စံထားတွက်ချက်ပြောဆိုလေ့ရှိသည်။ အကဲဖြတ်ဝေဖန်လေ့ရှိသည်။ လစ်ဘရယ်ဝါဒ၊ အမျိုးသားရေးဝါဒ၊ ကွန်မြူနစ်ဝါဒ၊ အရင်းရှင်ဝါဒ၊ ဆိုရှယ်လစ်ဝါဒ စသည်တို့ရှိသည်။ စင်စစ်မူ အိုင်ဒီယော်လော်ဂျီတစ်ရပ်သည် ယေဘုယျအားဖြင့် တစ်ခုတည်းသီးခြားဖြစ်တည်လေ့၊ ရပ်တည်လေ့မရှိချေ။ သာမန်အားဖြင့် ဖြစ်တည်ရပ်တည်၍လည်းမရ။

ဥပမာအားဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို စတင်တည်ထောင်စဉ်က ကွန်မြူနစ်ဝါဒစစ်စစ်ဖြင့် တစ်ဖက်စွန်းရောက်သည်ထိ စီးပွားရေး၊ နိုင်ငံရေးတို့ကို ကိုင်တွယ်ဆောင်ရွက်ခဲ့သည်။ ဗီယက်နမ်၊ ကျူးဘားနိုင်ငံတို့သည်လည်း ထိုနည်းနှင့်စတင်ခဲ့ခြင်းဖြစ်သည်။ သို့သော် အိုင်ဒီယော်လော်ဂျီတစ်ရပ်သည် ပြင်းထန်လွန်း၊ အစွန်းတစ်ဖက်ရောက်လွန်းပါက လက်တွေ့အကောင်အထည်ဖော်ရာတွင် အကျိုးရှိရေး၊ ရလဒ်ကောင်းပေါ်ထွက်ရေးဖြစ်နိုင်ခြေ လွန်စွာနည်းသည့်အလျောက် ကွန်မြူနစ်ဝါဒ(ကွန်မြူနစ်အိုင်ဒီယော်လော်ဂျီ)၏ ဆိုးကျိုးများကို ထိုနိုင်ငံတို့အလူးအလဲ ခံခဲ့ကြရဖူး၏။ အမြော်အမြင်ကြီးသော ခေါင်းဆောင်များ နေရာရလာသောအခါတွင် ကွန်မြူနစ်ဝါဒကို ပြန်လည်သုံးသပ်လျက် အဓိကအားနည်းချက်ဖြစ်သော စီးပွားရေးနှင့်သက်ဆိုင်သည့် တွေးခေါ်ယူဆမှုများ၊ မူဝါဒများကို ပြတ်ပြတ်သားသား ပြောင်းလဲပစ်လိုက်ကြသည်။ ကွန်မြူနစ်ဝါဒနှင့် တိုက်ရိုက်ဆန့်ကျင်ဘက်ဖြစ်သော အထူးသဖြင့် အနောက်နိုင်ငံတို့တွင် ကောင်းစွာကျင့်သုံးပြီး လူမှုဘဝများတိုးတက်ကောင်းမွန်စေသော အရင်းရှင်ဝါဒ (Capitalism)ကို ဆိုရှယ်လစ်နည်းလမ်းများဖြင့် ပေါင်းစပ်အသုံးချခဲ့ကြသည်။ ယနေ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ကမ္ဘာ့ထိပ်တန်းအဆင့် ဖွံ့ဖြိုးတိုးတက်သော ပါဝါနိုင်ငံကြီးအဖြစ် အသွင်ပြောင်းလာနေခဲ့ခြင်းမှာ အိုင်ဒီယော်လော်ဂျီတစ်ရပ်ကို တရားသေဆုပ်ကိုင်မထားဘဲ လက်တွေ့ကျကျပေါင်းစပ်ပြုပြင်ပြောင်းလဲခြင်းကို ရဲဝံ့စွာဆောင်ရွက်နိုင်ခဲ့သော ခေါင်းဆောင်များကြောင့်ပင်ဖြစ်သည်။

နိုင်ငံရေးစနစ်ကို ကွန်မြူနစ်ဝါဒမူများအတိုင်း ဆက်လက်ထားရှိပြီး စီးပွားရေးကို လစ်ဘရယ်အိုင်ဒီယော်လော်ဂျီပုံစံတစ်မျိုးဖြင့် ပေါင်းကူးအကောင်အထည်ဖော်ခဲ့သောကြောင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ဆင်းရဲတွင်းမှလွတ်မြောက်ခဲ့ရုံမက ကမ္ဘာ့ထိပ်တန်းအဆင့် ပါဝါနိုင်ငံကြီးအဖြစ် ရပ်တည်နေပြီဖြစ်၏။

ကမ္ဘာ့စူပါပါဝါနိုင်ငံကြီးအဖြစ် ၂၀ရာစုတစ်လျှောက် ရပ်တည်လာသော အမေရိကန်ပြည်ထောင်စုကို လေ့လာသုံးသပ်ကြည့်လျှင်လည်း ပါတီကြီးနှစ်ရပ်၏ မတူညီသော အိုင်ဒီယော်လော်ဂျီများကိုမြင်တွေ့နိုင်သည်။ ရီပတ်ဘလင်ကန်ပါတီသည် ရှေးရိုးစွဲအယူဝါဒ (Conservatism)ကို ကိုင်စွဲထားပြီး ဒီမိုကရက်တစ်ပါတီမှာ လစ်ဘရယ်ဝါဒ(Liberalism)ကို ကိုင်စွဲထား၏။ အမေရိကန်အိပ်မက်(American dream)ဟု ကြော်ကြားသော အိုင်ဒီယာဖြင့် တစ်ကမ္ဘာလုံးမှ ပြောင်းရွှေ့အခြေချလိုသူများကို တစ်ဖက်ကလက်ခံထားပြီး ကျန်းမာရေး၊ လူမှုရေးစောင့်ရှောက်မှု(လူမှုဖူလုံရေး) အစီအစဉ်များကို အထူးသဖြင့်ဒီမိုကရက်တစ်ပါတီတို့ကကျင့်သုံး၏။ လူမှုဖူလုံရေးဟူသည် ဆိုရှယ်လစ် အခြေခံသဘောတရားဖြစ်နေပြန်၏။ စီးပွားရေးကိုမူ လစ်ဘရယ်အတွေးအခေါ်အပြည့်အဝ




ကျင့်သုံးပြန်၏။ သာမန်အားဖြင့်ကြည့်လျှင် အိုင်ဒီယော်လော်ဂျီအစွန်းတရားတို့၏ ဆုံမှတ်တစ်ခုကို တွေ့နိုင်ပြီး လက်တွေ့ကျင့်သုံးပါက ပြိုလဲမည်ဟု ထင်မြင်စရာဖြစ်သော်လည်း ထိုနိုင်ငံသည် ထိပ်တန်းအဆင့် အင်အားကြီးနိုင်ငံအဖြစ် ရပ်တည်နိုင်စေရေး ပါတီနှစ်ရပ်က တစ်လှည့်စီစွမ်းဆောင်ခဲ့ခြင်းဖြစ်၏။

ဗြိတိန်နိုင်ငံကိုကြည့်ပြန်လျှင်လည်း ထိုနည်းလည်းကောင်းပင်။ အဓိကပါတီကြီးနှစ်ခုဖြစ်သော လေဘာပါတီနှင့် ကွန်ဆာဗေးတစ်ပါတီတို့၏ မူဝါဒနှင့် အခြေခံအိုင်ဒီယာများသည် လုံးဝမတူကွဲပြားနေကြောင်း မြင်တွေ့နိုင်သည်။

လေဘာပါတီသည် ဗဟိုလက်ဝဲယိမ်းပါတီဖြစ်ပြီး ဆိုရှယ်ဒီမိုကရေစီကို ထွန်းကားရန် ဦးတည်လျက် ဒီမိုကရက်တစ်ဆိုရှယ်လစ်ဝါဒကိုလက်ကိုင်ထားသည်။ ကွန်ဆာဗေးတစ်ပါတီကမူ ဗဟိုလက်ယာယိမ်းပါတီဖြစ်သည်။ လွတ်လပ်သောဈေးကွက်ကိုအားသန်ပြီး မိရိုးဖလာအတွေးအခေါ်နှင့် ဗြိတိသျှဟန်ရှေးရိုးစွဲဝါဒကို ကိုင်စွဲထားသည်။ (The Labour Party is a centre-left political party in the UK that promotes social democracy and democratic socialism, while the Conservative Party is a centre-right political party in the UK that advocates for free market policies, traditionalism, and British conservatism.)

ဗြိတိန်အစိုးရအဖြစ် ပါတီနှစ်ရပ်သည် တစ်လှည့်စီတာဝန်ယူကြရပြီး ဗြိတိန်နိုင်ငံ၏ စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေး၊ လူမှုရေး အားလုံးကို မတူညီသောအိုင်ဒီယော်လော်ဂျီများ၊ မူဝါဒများအသုံးချလျက် ကမ္ဘာ့အဆင့်တိုးတက်အောင်မြင်အောင် စွမ်းဆောင်နိုင်ကြသည်။ တစ်ပါတီစနစ် ကျင့်သုံးသည့်နိုင်ငံများ၊ ပါတီစုံစနစ် ကျင့်သုံးသည့်နိုင်ငံများ၊ စည်းမျဉ်းခံဘုရင်စနစ် ကျင့်သုံးသည့်နိုင်ငံများ၊ ဆိုရှယ်လစ်နိုင်ငံများ၊ ဒီမိုကရေစီနိုင်ငံများ စသည်ဖြင့် ကမ္ဘာတွင်နိုင်ငံများစွာရှိပြီး အများစုသည် ကိုယ့်ရေခံမြေခံနှင့်သင့်တော်သောအတွေးအခေါ်များ၊ မူဝါဒများနှင့်အိုင်ဒီယော်လော်ဂျီများကို ပေါင်းစပ်ကျင့်သုံးနေကြခြင်းဖြစ်ပြီး လက်တွေ့တွင် ပြုလွယ်ပြောင်းလွယ်ရှိသော နိုင်ငံရေးပါတီများ၊ အစိုးရများရှိသည့်နိုင်ငံတိုင်း ဖွံ့ဖြိုးတိုးတက်ကြသည်ချည်းဖြစ်သည်။

မည်သည့်နိုင်ငံရေးစနစ်၊စီးပွားရေးစနစ်၊မည်သည့် အတွေးအခေါ်အယူအဆ၊ အိုင်ဒီယော်လော်ဂျီကို ကျင့်သုံးသည်ဖြစ်စေ တစ်လမ်းသွား၊ တစ်ယူသန်၊ တရားသေ လုပ်ကိုင်ဆောင်ရွက်လျှင် ထိုနိုင်ငံမျိုးသည် ဆုတ်ယုတ်သည်ချည်းသာဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်ရန် မလွယ်ကူလှပေ။ တစ်ဖန် အိုင်ဒီယော်လော်ဂျီများသည် မည်သည့်အခါမှ အလုံးစုံပြီးပြည့်စုံသည်ဟူ၍ မရှိ။ အိုင်ဒီယော်လော်ဂျီတစ်ရပ်ကိုမြေစမ်းခရမ်းပျိုးအသုံးချပြီး အားနည်းချက်၊ အားသာချက်များအပေါ် သုံးသပ်ဆင်ခြင် ပြုပြင်မွမ်းမံရသည်ချည်းသာဖြစ်သည်။

ကမ္ဘာတစ်ဝန်း စဉ်ဆက်မပြတ်ဖြစ်ပျက်ပြောင်းလဲမှုများ၊ တိုးတက်မှုများ၊ ဆုတ်ယုတ်မှုများသည်လည်း အမြဲရှိနေမည်သာဖြစ်ပြီး ဖြစ်ပျက်သမျှသည် အိုင်ဒီယော်လော်ဂျီများနှင့်ဆက်နွယ်နေသည်ချည်းသာဖြစ်ပေရာ ပြောင်းလဲနေသော အခြေအနေသစ်များပေါ်မူတည်လျက် နောက်ထပ်လည်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာတွေးခေါ်မြော်မြင်မှုများ ရှိနေလိမ့်ဦးမည်ဖြစ်ရာ နောက်ထပ် အိုင်ဒီယော်လော်ဂျီများလည်း ပေါ်ထွက်လာနေလိမ့်ဦးမည်သာဖြစ်သည်။

လစ်ဘရယ်အယူဝါဒဖြင့် လွတ်လပ်ခြင်းများကို တည်ဆောက်ရင်း အလွန်အကျွံအခြေအနေမရောက်ရန် အမျိုးသားရေးဝါဒက ထိန်းကျောင်းပေးနိုင်သည်။ အမျိုးသားရေးဝါဒဖြင့် ရှေးရိုးစွဲလျက်ခေတ်နောက်ပြန် အခြေအနေများကြောင့် တိုးတက်မှုနှောင့်နှေးသည့် အခြေအနေမျိုးတွင် လစ်ဘရယ်အယူအဆက လွတ်လပ်ခွင့်အတွက် နှိုးဆော်ပေးနိုင်သည်။

လွတ်လပ်သောဈေးကွက်၊ အယူအဆ၊ အကျိုးစီးပွား ကာကွယ်ရေးဝါဒ (Protectionism)က ထိန်းကွပ်ပေးနိုင်သည်။ ဆိုရှယ်လစ်အယူအဆများသည် လူမှုဖူလုံရေးလိုအပ်သောအခြေအနေကို ပုံဖော်ပေးနိုင်ပြီး အလုပ်ကိုကြိုးစားလုပ်ကိုင်ကြရန်၊ ကြီးပွားချမ်းသာကြရန်အတွက် အရင်းရှင်ဝါဒ(Capitalism)က ပုံဖော်ပေးနိုင်သည်။ စင်စစ်အားဖြင့် အိုင်ဒီယော်လော်ဂျီများသည် နိုင်ငံရေး၊ စီးပွားရေးစနစ်များကို စံသတ်မှတ်အကဲဖြတ်ရာတွင် အသုံးတည့်သည့် ပေတံများသာဖြစ်သည်။ အိုင်ဒီယော်လော်ဂျီတစ်ခုခုကို တရားသေစွဲကိုင်လျက်စနစ်များကို ပုံဖော်ရန်၊ ဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်ရန် မဖြစ်နိုင်။ အိုင်ဒီယော်လော်ဂျီများနှင့်ပတ်သက်လျှင် အလယ်အလတ်လမ်းသည်အသင့်တော်ဆုံးဖြစ်၏။ တရားသေဝါဒ၊ တစ်ဖက်စွန်းယူဆချက်များသည် အသုံးမဝင်၊ အလုပ်မဖြစ်။ ရေခံမြေခံ၊ အခြေအနေအချိန်အခါအလျောက် အနာနှင့်ဆေးတည့်အောင်(သင့်အောင်)ပေးတတ်ရန်လို၏။ သင့်တင့်လျောက်ပတ်၊ မျှတပြေပြစ်၊ ပြုလွယ်ပြောင်းလွယ်အတွေးအခေါ်များရှိကြလျှင် နိုင်ငံတစ်ခုသည် လမ်းကြောင်းမှန်ပေါ် မရောက်စရာအကြောင်းမရှိ။ မဖွံ့ဖြိုးစရာအကြောင်းမရှိ။ လက်တွေ့အောင်မြင်ဖြစ်ထွန်းမည်တည်း။

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၀၇၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ကန့်ဘလူ မတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၀၇၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် စပါး၂၀၄၃၄ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်ဖေဖော်ဝါရီလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၀၇၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ ကန့်ဘလူမြို့နယ်အတွင်း စပါး ဧက ၂၀၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်ပျိုးမှုအနေနဲ့ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် နွေစပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးလုပ်ငန်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာပေးလုပ်ငန်းနဲ့ သီးနှံတွေပျက်စီးဆုံးရှုံးမှုမရှိစေဖို့၊ ရိတ်သိမ်းပြီးစပါးတွေ အမိုးအကာအောက်အချိန်မီရောက်ရှိဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု ကန့်ဘလူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ပြီးခဲ့သည့်နှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် စပါး ဧက ၂၆၇၀၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလမှ ဧပြီလထိ စိုက်ပျိုးခဲ့ရာ ၂၃၀၇၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။


ယခင်နှစ်က စပါးစိုက်ခင်းကိုတွေ့ရစဉ်။

ကန့်ဘလူမြို့နယ်တွင် နွေစပါးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန်အတွက် အသိပညာပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းပညာပေးခြင်း၊ နွေသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန် နည်းပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# မော်လိုက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မြေပဲ ဧက ၃၅၇၀ ထိ နုတ်သိမ်းပြီးစီးပြီဖြစ်



**မော်လိုက် မတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသောမြေပဲ ဧက ၃၅၇၀ ထိ နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

မော်လိုက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသောမြေပဲစိုက်ခင်းများကို ဖေဖော်ဝါရီလမှစတင်၍ နုတ်သိမ်းခဲ့ရာ ယနေ့တွင် ဧက ၃၅၇၀ ထိ နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၇၅ ဒသမ ၅ တင်းထွက်ရှိကြောင်း သိရသည်။

"မော်လိုက်မြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက မြေပဲ ၃၉၈၉ ဧကစိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့ မြေပဲစိုက်ခင်းတွေထဲက ဧက ၃၅၇၀ နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ကျန်ဧကတွေကိုဆက်လက်နုတ်သိမ်းနေပါတယ်"ဟု မော်လိုက်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီက မော်လိုက်မြို့နယ်တွင် မြေပဲဧက ၄၂၃၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်၍စိုက်ပျိုးခဲ့ရာ ၃၉၈၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

မော်လိုက်မြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးနည်းပညာပေးသင်တန်းများ၊ ကွင်းချပ်ပြပွဲများ၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာများကို အသိပညာပေးခဲ့ကြောင်း သိရသည်။ (၂၀၆)

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်းက ငါးရှဉ့်ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် မတ် ၂၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဖေဖော်ဝါရီလအတွင်းက ငါးရှဉ့်ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ်မှရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယုဝေက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက ငါးရှဉ့်ပိဿာချိန် ၅၂၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၉ ရက်ထိ တစ်လတာကာလအတွင်း ငါးရှဉ့်ပိဿာချိန် ၇၅၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါငါးရှဉ့်များတင်ပို့ရောင်းချအားကောင်းလာခြင်းမှာ ပြည်တွင်းမှငါးရှဉ့်များကိုပြည်ပဈေးကွက်သို့ တင်ပို့အား ကောင်းလာသောကြောင့် ဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဖေဖော်ဝါရီလ ပထမပတ်လောက်ကတည်းက ငါးရှဉ့်တွေသိသိသာသာကို တင်ပို့အားကောင်းခဲ့ပါတယ်။ ပြီးခဲ့တဲ့ဖေဖော်ဝါရီလအတွင်းက ငါးရှဉ့်ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ငါးရှဉ့်တွေတင်ပို့ရောင်းချ



အားတက်ခဲ့တာကလဲ ပြည်ပကို ငါးရှဉ့်တင်ပို့တဲ့ လုပ်ငန်းတွေ ပြန်လည် လည်ပတ်လုပ်ကိုင်လာတာနဲ့ ပြည်ပက ငါးရှဉ့်ဝယ်လိုအားကောင်းလာတာကြောင့်ပါ။ ဒေသထွက် ငါးရှဉ့်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချတာဖြစ်ပါတယ်။ ရန်ကုန်ကနေတစ်ဆင့် အခြားပြည်တွင်း၊ ပြည်ပဈေးကွက်တွေဆီ ဆက်လက်ဖြန့်ဖြူးရောင်းချပါတယ်"ဟု မအူပင်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယုဝေက ပြောပြသည်။

မအူပင်မြို့နယ်တွင် ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက ငါးရှဉ့်ပိဿာချိန် ၁၀ လျှင် ငွေကျပ် ၁၃၅၀၀၀ ထိ ဈေးရှိကြောင်း၊ အဆိုပါဒေသတွင် ငါးရှဉ့်မွေးမြူရေးလုပ်ငန်း၊ သဘာဝအတိုင်း ချောင်း၊ အိုင်၊ မြောင်း၊ လယ်ကွင်းများမှ ရှာဖွေဖမ်းဆီးရရှိသည့် ငါးရှဉ့်များထွက်ရှိကြောင်း၊ အဆိုပါ ဒေသထွက် ငါးရှဉ့်များကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချပြီး ရန်ကုန်မြို့မှတစ်ဆင့် ပြည်ပနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံနှင့်ထိုင်းနိုင်ငံတို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# သံတောင်ကြီးမြို့နယ် ထမုံ(အလယ်ဥယျာဉ်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သံတောင်ကြီး မတ် ၂၂**

ကရင်ပြည်နယ် သံတောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ မိသားစုစားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် ရည်ရွယ်၍ သံတောင်ကြီးမြို့နယ် ထမုံ(အလယ်ဥယျာဉ်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သံတောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာကြည်နှင့် သံတောင်ကြီးမြို့နယ်မှ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ထမုံ(အလယ်ဥယျာဉ်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးအရာရှိက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များကို အတိုးအရင်းများ သတ်မှတ်ကာလအတွင်း ပေးသွင်းကြရေး အလေးထားဆောင်ရွက်ရန် ဆွေးနွေးမှာကြားကာ စီမံကိန်းဆိုင်ရာစာရင်းဇယားများ ဆောင်ရွက်ထားရှိမှုကို စစ်ဆေးခဲ့ကြောင်း သိရသည်။

သံတောင်ကြီးမြို့နယ် ထမုံ(အလယ်ဥယျာဉ်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး လက်ရှိတွင် အဆိုပါကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦးကို ငွေကျပ် ၁၉ ဒသမ ၃ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ၁၄ ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၈ ဦး ငွေကျပ် ၃၄ သန်းကို ထုတ်ချေးပေးထားကြောင်း သိရသည်။ **ယယ်လေး**

# ရေးမြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**ရေး မတ် ၂၂**

မွန်ပြည်နယ် ရေးခရိုင် ရေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဓမင်းဆိတ်ကျေးရွာနှင့် တိုးတက်ရွာသစ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်လွင်၊ ရေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇာနည်နှင့်ဝန်ထမ်းများက ဓမင်းဆိတ်ကျေးရွာနှင့် တိုးတက်ရွာသစ်ကျေးရွာ၌ အရှည် ပေ ၅၅၀၊ အကျယ် ၁၂ ပေ၊အမြင့် ခြောက်လက်မစီရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း နှစ်ခု ဆောင်ရွက်ပြီးစီးမှုကိုကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးကွန်ကရစ်လမ်းကို ရေရှည်အသုံးပြုနိုင်ရေး ပိုင်းဝန်းထိန်းသိမ်းရန် မှာကြားခဲ့ကြောင်း သိရသည်။

ရေးမြို့နယ် ဓမင်းဆိတ်ကျေးရွာနှင့် တိုးတက်ရွာသစ်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေကျပ် သိန်း ၁၅၀ စီအသုံးပြုပြီး ရေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာ ပြည်သူလူထုကိုယ်တိုင် ၂၀၂၃ ခုနှစ် နိုဝင်ဘာလ တတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံးရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးမှုကြောင့် ဓမင်းဆိတ်ကျေးရွာနှင့် တိုးတက်ရွာသစ်ကျေးရွာရှိ အိမ်ခြေ ၆၄၂ အိမ်၊ လူဦးရေ ၃၁၂၅ ဦးတို့သွားလာရေး အဆင်ပြေမည်ဖြစ်ကြောင်း ရေးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးအောင်လွင်က ပြောပြ၍ သိရသည်။

**ကိုညို**

# မိုင်းရှူးမြို့နယ် ပါနိမ့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းရှူး မတ် ၂၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးခရိုင် မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပါနိမ့်ကျေးရွာနှင့်ခုံလုံကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက ပါနိမ့်ကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဦးက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။


ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်မိုးလှိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိမြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၆၄ သိန်းလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ပါနိမ့်ကျေးရွာနှင့် ခုံလုံကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၁၅၃ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် သိန်း ၁၃၀ နှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၈၁ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၃၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၆၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ရှိုသန်းညွန့်**

စာပေမြင့်မှ လူမျိုးတင့်မည်

# တရုတ်လူမျိုးများနှင့် ကောင်းခြင်းမင်္ဂလာများယူဆောင်လာသောနဂါးနှစ်

မောင်သောင်းဝင်း(တမန်ဟောင်း)




တရုတ်နိုင်ငံ၌ နဂါးနှစ်သည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင်စတင်ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် ကုန်ဆုံးမည်ဖြစ်သည်။ အခြားသောယဉ်ကျေးမှုများတွင် နဂါးကို မနှစ်မြို့ဖွယ်သောသတ္တဝါအဖြစ် ရှုမြင်ထားကြသော်လည်း တရုတ်တို့၏ နဂါးသည် စွမ်းအား၊ ပညာ၊ အင်အားနှင့်သာယာဝပြောမှုတို့ကို ကိုယ်စားပြုလျက်ရှိသည်။

ထို့ကြောင့် နဂါးနှစ်သည်ပြည်သူများ၏ဆန္ဒဖြစ်သည့် ချမ်းသာသုခနှင့်သာယာဝပြောမှုတို့ကို ဆောင်ကြဉ်းလာနိုင်မည်ဖြစ်သည်။ တရုတ်ပြည်သူများသည် နှစ်သစ်ကိုကြိုဆိုနေစဉ်မှာပင် ရိုးရာအစဉ်အလာဖြစ်သည့် နဂါးယဉ်ကျေးမှုကိုလက်ဆင့်ကမ်းမျှဝေရန် နည်းလမ်းများ ရှာဖွေလျက်ရှိပြီး ခေတ်သစ်ရေစီးကြောင်းများကိုလည်း တီထွင်ဆန်းသစ်ဖန်တီးလျက်ရှိကြသည်။

**တိုင်းပြည်၏ အမှတ်သင်္ကေတ**

တရုတ်ဆယ့်နှစ်ရာသီခွင်စနစ်တွင် တိရစ္ဆာန် ၁၂ ကောင်သည် နှစ်အလိုက် တစ်နှစ်ချင်းကိုယ်စားပြုလျက်ရှိပြီး နှစ်သစ်ကူးတိုင်းတွင် ရာသီခွင်အမှတ်သင်္ကေတ တိရစ္ဆာန်တစ်ကောင် ပါဝင်လျက်ရှိသည်။ တရုတ်နဂါးသည် ရာသီခွင်တိရစ္ဆာန်များတွင် ပဉ္စမမြောက်ဖြစ်သည်။ တရုတ်ဆယ့်နှစ်ရာသီခွင်တွင် ကြွက်၊ နွားထီး၊ ကျား၊ ယုန်၊ မြွေ၊ မြင်း၊ ဆိတ်၊ မျောက်၊ ကြက်ဖ၊ ခွေးနှင့်ဝက်တို့လည်း ပါဝင်သည်။

နဂါးကို ရာသီခွင်အမှတ်သင်္ကေတထက် တရုတ်နိုင်ငံ၏အမှတ်သင်္ကေတအဖြစ် သဘောထားလျက်ရှိသည်။ တရုတ်ပြည်သူများသည် နဂါးမှဆင်းသက်လာသည်ဟု ပြောဆိုလျက်ရှိသည်။ ရှေးခေတ်သမိုင်းမှတ်တမ်းများအရ ပထမဆုံးသောဟန်မင်းဆက်(202 B.C. – A.D. 220) Liu Bang ကို မိခင်ဖြစ်သူသည် နဂါးကိုအိပ်မက်မက်ပြီးနောက် ကိုယ်ဝန်ဆောင်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

တရုတ်နိုင်ငံတွင် နဂါးကို ဧကရာဇ်ဘုရင်တို့၏ အင်အားနှင့် ဘုန်းတန်ခိုးအာဏာအမှတ်သင်္ကေတအဖြစ် သဘောထားလျက်ရှိသည်။ ဘုရင်များသည် ၎င်းတို့၏ဝတ်ရုံများနှင့် နဂါးရုပ်ပုံများ ပန်းထိုးထားသည့်အပြင် ပလ္လင်နှင့်အိပ်ရာကိုလည်း နဂါးရုပ်များ ထွင်းထုထားလေ့ရှိသည်။ ထို့ပြင် နန်းတော်ရှိတိုင်များနှင့်လှေသွားစင်္ကြံများ၌ပင်လျှင် နဂါးရုပ်များထွင်းထုထားရှိသည်။ နဂါးယဉ်ကျေးမှုသည် ရှေးအကျဆုံးယဉ်ကျေးမှုများအနက်မှတစ်ခုဖြစ်ကြောင်း၊ ကာလရှည်ကြာတည်ရှိနေပြီး တရုတ်ရိုးရာယဉ်ကျေးမှုအစိတ်အပိုင်းများစွာ ပေါင်းစပ်ပါဝင်နေကြောင်း၊ တရုတ်နိုင်ငံသားတို့၏ မသိစိတ်တွင် နက်ရှိုင်းစွာအမြစ်တွယ်နေပြီဖြစ်ကြောင်း လျောင်နင်းပြည်နယ်ယဉ်ကျေးမှုပြတိုက်မှ ပြတိုက်မှူး လီဂျင်ယန်းက ပြောကြားသွားခဲ့သည်။

ဒဏ္ဍာရီလာနဂါးသတ္တဝါသည် တရုတ်ဒဏ္ဍာရီများ ရှေးရိုးစဉ်လာပုံပြင်များမှ ဆင်းသက်လာခြင်းဖြစ်သည်။ မည်သည့်အချိန်တွင် နဂါးဒဏ္ဍာရီစတင်ခဲ့သည်ကို မည်သူမှ အတိအကျပြောဆိုနိုင်ခြင်းမရှိသော်လည်း လျောင်နင်းပြည်နယ်ယဉ်ကျေးမှုအင်စတီကျု၏ဂုဏ်ထူးဆောင် မဟာဌာနမှူး ဂိုဒါရွှန်း၏အဆိုအရ နဂါးဒဏ္ဍာရီကို လွန်ခဲ့သောနှစ်ပေါင်း ၁၀၀၀၀ ခန့်ထိ ခြေရာခံနိုင်ခဲ့သည်ဟုဆိုသည်။

အချို့သောပညာရှင်များက နဂါးဒဏ္ဍာရီကို မြွေများ၊ မိကျောင်းခေါင်းတိုများ သို့တည်းမဟုတ် ငါးတို့ဖြင့် စတင်ခဲ့ဖွယ်ရာရှိသည်ဟု ယူဆယုံကြည်လျက်ရှိသည်။ လက်ရှိအချိန်တွင် တရုတ်နဂါးကို တိရစ္ဆာန်ကိုးကောင်၏ သွင်ပြင်လက္ခဏာများဖြင့် ပေါင်းစပ်ဖွဲ့စည်းထားရှိသည်။ ၎င်းတို့မှာ သမင်၏ဦးချို၊ ကုလားအုတ်ဦးခေါင်း၊ ယုန်၏မျက်လုံးများ၊ မြွေ၏လည်ပင်း၊ ခုံးကောင်၏ဝမ်းဗိုက်၊ ငါး၏ကြေးခွံများ၊ သိန်းငှက်၏ခြေသည်းများ၊ ကျား၏ခြေဖဝါးများ၊ နွားထီး၏နားရွက်များဖြင့် ဖွဲ့စည်းထားရှိပြီး ဆုန်မင်းဆက် (၉၆၀-၁၂၇၉)နှင့် ယွန်မင်းဆက်(၁၂၇၉-၁၃၆၈) တို့၏ အထောက်အထားစာအုပ်စာတမ်းများတွင် မှတ်တမ်းတင်ထားရှိသည်။ အချို့သောပညာရှင်များက နဂါး၏ရုပ်ပုံသည် တောက်ပလင်းလက်နေသောအရောင်များဖြင့် စိတ်ဝင်စားဖွယ်ကောင်းလှသည်ဟု ဆိုကြသည်။

တရုတ်ဒဏ္ဍာရီတွင် နဂါးနတ်ဘုရားဟုလည်းသိရှိထားသည့်နဂါးမင်းများသည် ရေထဲတွင်ပုံစံအမျိုးမျိုးဖြင့်နေထိုင်သောနတ်များဖြစ်ပြီး ၎င်းတို့နေထိုင်ရာဒေသရှိ သက်ရှိသတ္တဝါများအတွက် မိုးရွာချပေးရန်နှင့် နှင်းကျပေးရန်တာဝန်ရှိသည်။ နဂါးအယူအဆသည် ရှေးဦးစိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာမှုနှင့် နီးကပ်စွာဆက်နွယ်လျက်ရှိသည်။ ရှေးခေတ် လယ်သမားများသည် မိုးရွာသွန်းရန်ဆုတောင်းကြပြီး ခေတ်ကာလပြောင်းလဲလာမှုနှင့်အတူ နဂါးရုပ်သည် လာဘ်လာဘများရရှိရေးအတွက် စိုက်ပျိုးရေးလုပ်ငန်း၏ အမှတ်သင်္ကေတဖြစ်လာခဲ့သည်။

လျောင်နင်းပြည်နယ် ယဉ်ကျေးမှုအင်စတီကျု၏ ဂုဏ်ထူးဆောင် မဟာဌာနမှူး ဂိုဒါရွှန်း၏အဆိုအရ ရှေးဧကရာဇ်မင်းဆက်အသီးသီးလက်ထက်တွင် နဂါးပုံစံသည် တဖြည်းဖြည်းပြောင်းလဲလာခဲ့ရာ ထူးခြားသောကာလများတွင် နဂါးမျက်နှာပုံများသည် ပိုမိုထင်ဟပ်ပေါ်လွင်လာလျက်ရှိကြောင်း၊ သာဓကအနေဖြင့် ဘုန်းတန်ခိုးအာဏာကြီးထွားပြီး အတွေးအခေါ်ပိုင်းဆိုင်ရာ ကျောင်းတော်ကြီးများ ပေါ်ထွက်ခဲ့သည့် ခေတ်ကာလများတွင် နဂါးပုံစံသည် မတူကွဲပြားမှုများရှိခဲ့ကြောင်း၊ သို့သော် တန်မင်းဆက် (၆၁၈-၉၀၇) ကာလတွင် နဂါးပုံစံသည် ရိုးရှင်းသည့်အရောင်အဝါဖြင့် တောက်ပခဲ့ညားခဲ့ကြောင်းနှင့် ၎င်းမင်းဆက်သည် တရုတ်သမိုင်း၌ စည်ပင်ဝပြောအောင် တည်ဆောက်နိုင်ခဲ့သည့် မင်းများထဲတွင် ပါဝင်ခဲ့သည်ဟုဆိုသည်။

တန်ဧကရာဇ်များသည် နဂါးဒီဇိုင်းပုံစံဝတ်ရုံများကို အင်ပါယာ၏အမှတ်သင်္ကေတအဖြစ် ဝတ်ဆင်ခဲ့ကြသည်။ မင်မင်းဆက် (၁၃၆၈-၁၆၄၄) နှင့် Qing မင်းဆက် (၁၆၄၄-၁၉၁၁) ကာလများတွင် အင်ပါယာ၏အဆင့်အတန်းအပေါ်မူတည်၍ နဂါး၏ခြေသည်းအရေအတွက်ကွဲပြားခဲ့သည်။ မင်းဧကရာဇ်များသည်သာလျှင် ခြေချောင်း ငါးချောင်းပါရှိသောရွှေရောင်နဂါးဝတ်ရုံကို ဝတ်ဆင်ရပြီး မင်းညီမင်းသားများနှင့် အခြားသောအမတ်များသည် ခြေချောင်းလေးချောင်းသာပါရှိသော နဂါးဝတ်ရုံကိုသာ ဝတ်ဆင်ကြရသည်။

နဂါးနှင့်ဆက်နွယ်သောလှုပ်ရှားမှုများကို နိုင်ငံတစ်ဝန်း၌ကျင်းပပြုလုပ်လာခဲ့သည်။ သာဓကအနေဖြင့် လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ ကျော်က စတင်ခဲ့သော နဂါးလှေပြိုင်ပွဲသည် လူသားတို့၏ လက်မှုစွမ်းအားအတတ်ပညာပြိုင်ပွဲဖြစ်ပြီး နဂါးလှေပွဲတော်ကာလအတွင်း ပြုလုပ်လေ့ရှိသည်။ ထိုကဲ့သို့ အရေးပါသောတရုတ်ရိုးရာပွဲတော်များသည် ဋ္ဌနှလစောပိုင်းတွင် ကျရောက်လေ့ရှိသည်။

ဟန်မင်းဆက်ကစတင်ခဲ့သော နဂါးအကပြိုင်ပွဲကို ပျော်ပွဲရွှင်ပွဲများတွင် မကြာခဏတွေ့မြင်ရသည်။ ကျွမ်းကျင်သောအကပညာရှင်များသည် ရှည်လျားသောနဂါးရုပ်တွင်တပ်ဆင်ထားသည့် ဝါးတုတ်များကိုင်ဆောင်ကာ လှည့်ပတ်၍ ကပြဖျော်ဖြေလေ့ရှိကြသည်။ ထို့ပြင် တရုတ်သရုပ်ဆောင်များသည် ၎င်းတို့၏ နာမည်များတွင် နဂါး(Long)ဆိုသောစကားလုံးကို ထည့်၍ အမည်ပေးထားကြသည်။ သာဓကအနေဖြင့် Long စကားလုံးထည့်ထားသော ဘရွတ်စလီ (Li Xiaolong) နှင့် ဂျက်ကီချန်း (Cheng Long)တို့သည် တရုတ်နိုင်ငံအပြင် နိုင်ငံတကာပရိသတ်များကြားတွင် လူကြိုက်များခဲ့သည်။

မျက်မှောက်ကာလတွင် နဂါးရုပ်ပုံများကိုတရုတ်တို့၏နေ့စဉ်ဘဝ၌ နေရာတိုင်းတွင်တွေ့မြင်နေရပြီး အထူးသဖြင့် ယခုနှစ် နွေဦးပွဲတော်၌ ပိုမိုလူကြိုက်များလာခဲ့သည်။ ပြည်သူများအနေဖြင့် ပွဲတော်ကာလအတွင်း နေအိမ်များ၌အလှဆင်နိုင်ရန် စူပါမားကတ်များတွင် နဂါးရုပ်မျိုးစုံကိုဝယ်ယူရရှိနိုင်သည်။ အွန်လိုင်းရောင်းချမှုများတွင်လည်း နဂါးရုပ်ပါသောထုတ်ကုန်များကို ရောင်းချပေးလျက်ရှိသည်။ တရုတ်နိုင်ငံ၏အားကစားပစ္စည်းအမှတ်တံဆိပ်များဖြစ်သည့် Li-Ningနှင့် ANTA တို့သည် ၎င်းတို့၏ဒီဇိုင်းပုံစံများတွင် နဂါးပုံစံများထည့်ထားကာ ထုတ်လုပ်လာကြသည်။ အိုလံပစ်အားကစားပွဲတော်ကဲ့သို့သော နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် တရုတ်အသင်းမှဝတ်ဆင်သည့် အချို့သောတူညီဝတ်စုံများသည် နဂါးပုံစံများပါရှိသည်။ အားကစားသမားများသည် ပြိုင်ပွဲများတွင် ပိုမိုခုန်ပျံကျော်လွှားနိုင်ရန်၊ ပြေးလွှားနိုင်ရန်နှင့် ကြံ့ခိုင်စေရန်ရည်ရွယ်ချက်ဖြင့် ဝတ်ဆင်ခြင်းဖြစ်သည်။

နဂါးနှစ်ကိုကြိုဆိုရန် တရုတ်နိုင်ငံတစ်ဝန်းတွင် လှုပ်ရှားမှုမျိုးစုံလုပ်ဆောင်လျက်ရှိသည့်အပြင် နဂါးနှစ်သစ်ကူးသည် ကမ္ဘာလုံးဆိုင်ရာယဉ်ကျေးမှုပွဲတော်လည်း ဖြစ်လာလျက်ရှိသည်။ နိုင်ငံပေါင်း ၂၀ ကျော်တွင် တရုတ်နှစ်သစ်ကူးပွဲတော်ကာလကို ရုံးပိတ်ရက်သတ်မှတ်ကာ ပွဲတော်များကျင်းပခဲ့သည်။ ထို့ပြင် ကမ္ဘာ့နိုင်ငံ ၂၀၀ ခန့်တွင်လည်း တရုတ်နှစ်သစ်ကူးပွဲတော်များကျင်းပခဲ့သည်။ ကုလသမဂ္ဂသည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် တရုတ်နှစ်သစ်ကူးနေ့ကို ကုလသမဂ္ဂကွန်ဖရင့်များနှင့် အစည်းအဝေးများပြက္ခဒိန်တွင် ရုံးပိတ်ရက်အဖြစ်သတ်မှတ်ခဲ့သည်။ တရုတ်နဂါးရာသီခွင်အမှတ်သင်္ကေတကို နားလည်ခြင်းသည် တရုတ်ယဉ်ကျေးမှုနှင့် တရုတ်နှစ်သစ်ကူးပွဲတော်ကျင်းပမှုကို နားလည်ရန် အထောက်အကူဖြစ်စေသည်။

၂၀၂၃ ခုနှစ် မေလတွင် ပေကျင်းပြည်ပယဉ်ကျေးမှုဖလှယ်ရေးစင်တာ (BOCEC)နှင့် ပိုးလမ်းမယဉ်ကျေးမှုသုတေသနနှင့်ဖန်တီးမှုဆိုင်ရာ အနုပညာဗဟိုအကယ်ဒမီ(CAFA)တို့သည် တရုတ်နဂါးရာသီခွင်အမှတ်သင်္ကေတကိုဗဟိုပြုသည့် ဒီဇိုင်းလက်ရာများ ဖန်တီးနိုင်ရန် ကမ္ဘာတစ်ဝန်းမှ ပန်းချီ၊ ပန်းပုအနုပညာရှင်များကို ဖိတ်ကြားကာ ပြိုင်ပွဲကျင်းပခဲ့သည်။

၂၀၂၄ ခုနှစ် ကမ္ဘာလုံးဆိုင်ရာဆယ့်နှစ်လရာသီခွင်ပြိုင်ပွဲကို ယဉ်ကျေးမှုနှင့်ခရီးသွားလာမှုဆိုင်ရာ ပေကျင်းမြူနီစီပယ်အဖွဲ့ချုပ်နှင့် CAFA တို့ကဦးစီးကျင်းပခဲ့သည်။ ၎င်းပြိုင်ပွဲ၌ နိုင်ငံ ၁၄ နိုင်ငံမှ ကွန်ပျူတာဒီဇိုင်း၊ ပန်းချီစသည့် ပြိုင်ပွဲဝင်လက်ရာ ၄၀၃၃ ခု လက်ခံရရှိခဲ့သည်။ လက်ရာ ၇၆ ခုကိုဆုချီးမြှင့်ခဲ့သည်။ ကမ္ဘာလုံးဆိုင်ရာဆယ့်နှစ်လရာသီခွင်ပြိုင်ပွဲကို ၂၀၁၄ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပလျက်ရှိသည်။ ၎င်းပြိုင်ပွဲသည် ကမ္ဘာတစ်ဝန်းရှိ ပန်းချီ၊ ပန်းပုပညာရှင်များနှင့် အနုပညာရှင်များကို ဆွဲဆောင်နိုင်ပြီး အနုပညာရှင်များအကြား ပညာဖလှယ်နိုင်သည့်အပြင် တရုတ်နိုင်ငံ၏ ရိုးရာယဉ်ကျေးမှုကိုလည်း လေ့လာနိုင်စွမ်းရှိစေမည်ဖြစ်သည်။

❖ နဂါးနှစ်ကိုကြိုဆိုရန် တရုတ်နိုင်ငံတစ်ဝန်းတွင် လှုပ်ရှားမှုမျိုးစုံလုပ်ဆောင်လျက်ရှိသည့်အပြင် နဂါး နှစ်သစ်ကူးသည် ကမ္ဘာလုံးဆိုင်ရာယဉ်ကျေးမှုပွဲတော်လည်း ဖြစ်လာလျက်ရှိသည်။ နိုင်ငံပေါင်း ၂၀ ကျော်တွင် တရုတ်နှစ်သစ်ကူးပွဲတော်ကာလကို ရုံးပိတ်ရက်သတ်မှတ်ကာ ပွဲတော်များကျင်းပခဲ့သည်။ ထို့ပြင် ကမ္ဘာ့နိုင်ငံ ၂၀၀ ခန့်တွင်လည်း တရုတ်နှစ်သစ်ကူးပွဲတော်များကျင်းပခဲ့သည်။ ကုလသမဂ္ဂသည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် တရုတ်နှစ်သစ်ကူးနေ့ကို ကုလသမဂ္ဂကွန်ဖရင့်များနှင့် အစည်းအဝေးများပြက္ခဒိန်တွင် ရုံးပိတ်ရက်အဖြစ်သတ်မှတ်ခဲ့သည်။ ❖

ဆိုရလျှင် တရုတ်နဂါးသည် မတူကွဲပြားမှုများနှင့် အားလုံးအကျုံးဝင်မှုတို့ကို ကိုယ်စားပြုလျက်ရှိပြီး မတူညီသောသတ္တဝါများကို ပေါင်းစည်းထားသည့်အတွက် မတူညီသောယဉ်ကျေးမှုများဖြင့် စိတ်ဝင်စားဖွယ်ကောင်းလျက်ရှိသည်။ ထို့ကြောင့် တရုတ်နှစ်သစ်ကူးပွဲတော်များသည် ယဉ်ကျေးမှုများအကြား ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် ပေါင်းကူးတံတားအဖြစ် တည်ဆောက်သွားနိုင်မည်ဖြစ်ပေသည်။

**ကိုးကား**

- FIRING UP THE IMAGINATION BY BEIJING REVIEW.

# တနင်္ဂနွေနေ့ညကစားမဲ့ နိုင်ငံတကာပွဲစဉ်တွေထဲက အသင်းလိုက်ကစားအားကောင်းနေတဲ့ အီကွေဒေါအသင်းနဲ့ ဟွန်ဒူးရပ်စ်အသင်းတို့ကို ရွေးချယ်ရမှာပါ



တနင်္ဂနွေနေ့ညမှာ နိုင်ငံတကာပွဲစဉ်တွေ ဆက်လက်ကစားမှာဖြစ်လို့ အဲဒီထဲက ပြိုင်ဆိုင်မှုပြင်းထန်မဲ့အသင်းတွေကိုပဲ ဆက်လက်အားပေးရမှာပါ။ အဲဒီပွဲစဉ်တွေထဲက ခြေစမ်းပွဲတစ်ပွဲနဲ့ ကွန်ကာကပ်နေးရှင်းလိဂ် play-off ပြိုင်ပွဲတစ်ပွဲကို ရွေးချယ်သွားမှာဖြစ်ပေမဲ့ လက်ရှိ ခြေစွမ်းပိုင်းနဲ့ ကစားသမားစုဖွဲ့မှုသာလွန်တဲ့အသင်းတွေကိုပဲ ဦးစားပေးချဉ်းကပ်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် တနင်္ဂနွေနေ့ည ခြေစမ်းပွဲစဉ်တွေမှာ အစဉ်အလာပိုင်းအရ အသာရနေတဲ့အပြင် လတ်တလော အသင်းလိုက်ကစားပုံ ထက်မြက်နေတဲ့အသင်းတွေကိုပဲ ရွေးချယ်ရမှာပါ။

**အီကွေဒေါအသင်းကို ရွေးချယ်ရမှာပါ**

တနင်္ဂနွေနေ့ညမှာကစားမဲ့ ခြေစမ်းပွဲစဉ်တွေမှာ အကြိုက်တွေ့မိတာကတော့ အီတလီနဲ့ အီကွေဒေါအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ အီတလီအသင်းဟာ နည်းပြစပယ်လက်တီလက်ထက်မှာ ခြေစွမ်းပိုင်းတိုးတက်လာတာကြောင့် ပြီးခဲ့တဲ့ ယူရိုခြေစစ်ပွဲမှာ အုပ်စုဒုတိယနေရာနဲ့ ခြေစစ်ပွဲအောင်မြင်ခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့ သူတို့အသင်းဟာ အုပ်စုတွင်းမှာ မြောက်မက်ဆီဒိုးနီးယားအသင်းကို အဝေးကွင်းမှာ ရှုံးခဲ့တာကြောင့် ခြေစစ်ပွဲအောင်မြင်ဖို့ နောက်ဆုံးပွဲစဉ်ထိ ရုန်းကန်ခဲ့ရပြီး ယူကရိန်းကို သရေကစားနိုင်ခဲ့လို့ ခြေစစ်ပွဲအောင်မြင်ခဲ့တယ်လို့ ဆိုရမှာပါ။ နည်းပြစပယ်လက်တီကတော့ ၄-၃-၃ ကစားကွက်မှာ ကွင်းလယ်ပိုင်းအကောင်းဆုံးပြင်ဆင်နိုင်ခဲ့ပေမဲ့ ခံစစ်ပိုင်းက မလိုအပ်ဘဲ ဂိုးပေးနေရသလို တိုက်စစ်ပိုင်းကလဲ ဂိုးရဖို့ရုန်းကန်နေရတာကြောင့် ရလဒ်ပိုင်းတည်ငြိမ်မှုမရှိခဲ့တာကို သတိပြုရမှာပါ။ အီတလီအသင်းရဲ့ ခံစစ်ပိုင်းဟာ ဒီမာကို၊ လိုရန်ဇို၊ ဒါမီယန်တို့လို အတွေ့အကြုံကောင်းတဲ့ ကစားသမားတွေရှိနေပေမဲ့ ဗဟိုခံစစ်ပိုင်းမှာတော့ အာဆာဘီ၊ ဘွန်ဂျီအိုနိုတို့လို ကစားသမားတွေနဲ့ပွဲထွက်ခဲ့လို့ တိုက်စစ်ကစားပုံထက်မြက်တဲ့အသင်းကို ဂိုးပေးခဲ့ရတာဖြစ်ပါတယ်။

လက်ရှိမှာ နည်းပြစပယ်လက်တီဟာ လာမဲ့ ဇွန်လမှာကျင်းပမဲ့ ယူရိုပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်တဲ့အနေနဲ့ စီးရီးအေမှာ ခြေစွမ်းပြနေတဲ့ ကစားသမားတွေကို ခေါ်ယူရွေးချယ်ထားတာဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီကစားသမားတွေထဲမှာ နောက်တန်းနဲ့ ကွင်းလယ်ပိုင်းက တောင့်တင်းမှုရှိနေပေမဲ့ တိုက်စစ်မှာ ပုံမှန်ဂိုးသွင်းနိုင်တဲ့ ကစားသမားနည်းနေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အီကွေဒေါအသင်းနဲ့ ၂၀၀၂ ခုနှစ်ကမ္ဘာ့ဖလားမှာ နောက်ဆုံးတွေ့ခဲ့ပြီး အဲဒီပွဲစဉ်မှာ နှစ်ဂိုးပြတ်နဲ့ အနိုင်ရခဲ့ပေမဲ့ နောက်ပိုင်းနှစ်တွေမှာ အီကွေဒေါအသင်းဟာ မျိုးဆက်သစ်ကစားသမားတွေ ပေါ်ထွက်လာခဲ့တာကြောင့် ခြေစွမ်းပိုင်းတိုးတက်လာတာကို သတိပြုရမှာပါ။

အီကွေဒေါအသင်းဟာ နည်းပြဖီးလစ်ဆန်းချက်ဇ်ကို ပြောင်းလဲပြီးနောက်ပိုင်း ကစားကွက်ပိုင်းကောင်းမွန်လာခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ တောင်အမေရိကဇုန် ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲမှာလဲ ခြောက်ပွဲကစားအပြီး သုံးပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးနဲ့ အဆင့်(၅) ထိ ရောက်ရှိခဲ့တာကို တွေ့ရမှာပါ။ အဲဒီပွဲစဉ်တွေမှာ ကစားသမားစုဖွဲ့မှုကောင်းတဲ့ အာဂျင်တီးနားတစ်သင်းထဲကိုပဲ တစ်ဂိုး ဂိုးမရှိနဲ့ရှုံးခဲ့ပေမဲ့ ချီလီ၊ ဥရုဂွေးတို့လို ကစားပုံမာကျောတဲ့အသင်းတွေကို အနိုင်ကစားနိုင်ခဲ့တာကို သတိပြုရမှာပါ။ သူတို့အသင်းနည်းပြကတော့ ၄-၂-၃-၁ ကစားကွက်ကိုသာအသုံးပြုပြီး ခံစစ်ပိုင်းကို အကောင်းဆုံးပြင်ဆင်နိုင်ခဲ့သလို ခြေရည်တူအသင်းတွေကို နိုင်ပွဲရယူခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ အီတလီအသင်းလောက် ထိပ်တန်းအဆင့်ကစားသမားတွေ မများပေမဲ့ ကစားအားနဲ့ အသင်းလိုက်စုဖွဲ့မှုမှာတော့ အီတလီထက်သာလွန်နေသလို ခံစစ်ပိုင်းကလဲ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲဆက်မှာ ပေးဂိုးနှစ်ဂိုးပဲရှိခဲ့တာကို တွေ့ရမှာပါ။

အီတလီနဲ့ ခြေစမ်းပွဲအတွက် နည်းပြဖီးလစ်ဆန်းချက်ဇ် ရွေးချယ်ထားတဲ့ ကစားသမားအများစုဟာ ဥရောပထိပ်သီးကလပ်တွေမှာ ခြေစွမ်းပြနေတဲ့ ကစားသမားတွေပါဝင်ပေမဲ့ အများစုကတော့ ကလပ်အသင်းငယ်တွေက ဖြစ်တာကြောင့် အီတလီအသင်းထက်စာရင် စုဖွဲ့မှုအားနည်းတာကို တွေ့ရမှာပါ။ ဒါပေမဲ့ အီကွေဒေါရဲ့ ကစားသမားအများစုဟာ ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲမှာပါဝင်နေတဲ့ ကစားသမားတွေများနေတာဖြစ်သလို အသင်းလိုက်ကစားအားကောင်းနေတာကြောင့် အီတလီလို တိုက်စစ်ပိုင်းအားနည်းချက်ရှိတဲ့အသင်းအတွက်တော့ အခက်တွေ့နိုင်ပါတယ်။ ခရီးကွာဝေးမှုကလဲ အီတလီအသင်းအနေနဲ့ အမေရိကန်ထိ သွားရောက်ကစားရမှာဖြစ်လို့ အီကွေဒေါထက်စာရင် ခရီးပန်းမှုဒဏ်ကို ခံစားရဖို့များပါတယ်။ ဒါ့ပြင် အီတလီအသင်းဟာ အဝေးကွင်းမှာ စွမ်းဆောင်ရည်ပိုင်းကျဆင်းလေ့ရှိတာကြောင့် အခုပွဲစဉ်အတွင်း နောက်ဆုံး အဝေးကွင်းငါးပွဲဆက်ရှုံးပွဲမရှိခဲ့ဘဲ ရလဒ်ကောင်းမွန်နေတဲ့ အီကွေဒေါအသင်းကိုပဲ ရွေးချယ်ရမှာပါ။

**အီတလီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အီတလီ | ၂ | - | ၁ | ယူကရိန်း |
| အီတလီ | ၄ | - | ၀ | မော်လ်တာ |
| အင်္ဂလန် | ၃ | - | ၁ | အီတလီ |
| အီတလီ | ၅ | - | ၂ | မြောက်မက်ဆီဒိုးနီးယား |
| ယူကရိန်း | ၀ | - | ၀ | အီတလီ |

**အီကွေဒေါအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အီကွေဒေါ | ၂ | - | ၁ | ဥရုဂွေး |
| ဘိုလီဗီးယား | ၁ | - | ၂ | အီကွေဒေါ |
| အီကွေဒေါ | ၀ | - | ၀ | ကိုလံဘီယာ |
| ဗင်နီဇွဲလား | ၀ | - | ၀ | အီကွေဒေါ |
| အီကွေဒေါ | ၁ | - | ၀ | ချီလီ |

**ဟွန်ဒူးရပ်စ်အသင်းနဲ့ လက်တွဲရမှာပါ**

တနင်္ဂနွေနေ့မှာကစားမဲ့ နိုင်ငံပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ကွန်ကာကပ်နေးရှင်းလိဂ်ပြိုင်ပွဲက ကော်စတာရီကာနဲ့ ဟွန်ဒူးရပ်စ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ကွန်ကာကပ်နေးရှင်းလိဂ်ပြိုင်ပွဲဟာ ၂၀၁၈ ခုနှစ်မှာ စတင်ခဲ့ပြီး အမေရိကန်နိုင်ငံကပဲ နှစ်စဉ် အိမ်ရှင်အဖြစ်ကျင်းပနေခဲ့တာဖြစ်သလို လက်ရှိမှာလဲ အမေရိကန်အသင်းကပဲ ချန်ပီယံနှစ်ကြိမ်ရရှိခဲ့တာကို တွေ့ရမှာပါ။ ဒီနှစ်မှာတော့ကွန်ကာကပ်နေးရှင်းလိဂ်ပြိုင်ပွဲမှာ ပြိုင်ပွဲဝင်အသင်း ၄၁ သင်းထိရှိခဲ့ပြီး အမေရိကန်နဲ့ ဂျမေကာ၊ ပနားမားနဲ့ မက္ကဆီကိုတို့ ဆီမီးဖိုင်နယ်အဆင့်ထိ တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ ကော်စတာရီကာနဲ့ဟွန်ဒူးရပ်စ်တို့ဟာကွန်ကာကပ်နေးရှင်းလိဂ်ကွာတားဖိုင်နယ်အဆင့်ထိတက်ရောက်ခဲ့ပေမဲ့ ကော်စတာရီကာကပနားမားကို နှစ်ကျော့ပေါင်း ခြောက်ဂိုးတစ်ဂိုး၊ ဟွန်ဒူးရပ်စ်ကတော့ မက္ကဆီကိုအသင်းကို နှစ်ကျော့ပေါင်း နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်နေလို့ ပင်နယ်တီအဆုံးအဖြတ်နဲ့ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ဒါကြောင့် ကွန်ကာကပ်ဇုန်က ကိုပါအမေရိကဖလားဝင်ခွင့်ခြောက်နေရာမှာ ဆီမီးဖိုင်နယ်တက်ရောက်တဲ့အသင်းတွေက တိုက်ရိုက်ဝင်ခွင့်ရခဲ့ပြီး သူတို့နှစ်သင်းကတော့ ဝင်ခွင့်တစ်နေရာအတွက် play-off ကစားပြီး နိုင်တဲ့အသင်းကကိုပါအမေရိကဖလားပြိုင်ပွဲမှာ ပါဝင်ခွင့်ရမှာဖြစ်ပါတယ်။

ကော်စတာရီကာအသင်းဟာ ကမ္ဘာ့ဖလားပြိုင်ပွဲနောက်ပိုင်း ခြေစွမ်းပိုင်း သိသိသာသာကျဆင်းသွားခဲ့တာကြောင့် ပြိုင်ပွဲစုံမှာ လေးပွဲပဲ အနိုင်ရခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် ကော်စတာရီကာ ဘောလုံးအဖွဲ့ချုပ်က နည်းပြဆွာရက်ဇ်ကို ၂၀၂၃ ဇူလိုင်လမှာ ထုတ်ပယ်ခဲ့ပြီး အသင်းအနေနဲ့ နိုဝင်ဘာလမှပဲ နည်းပြအယ်ဖာရိုကို ခန့်အပ်နိုင်ခဲ့တာဖြစ်ပါတယ်။ နည်းပြသစ်လက်ထက်မှာတော့ လူငယ်ကစားသမားတွေကိုပဲ ဦးစားပေးအသုံးပြုခဲ့တာကြောင့် လိုအပ်ချက်များစွာရှိခဲ့ပြီး ကွန်ကာကပ်နေးရှင်းလိဂ် ကွာတားဖိုင်နယ်အဆင့်မှာ ပနားမားကို နှစ်ကျော့စလုံး ဂိုးပြတ်ရှုံးခဲ့တာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ အယ်ဆာဗေးဒိုးနဲ့ ခြေစမ်းပွဲမှာတော့ နှစ်ဂိုးပြတ်နဲ့အနိုင်ရခဲ့ပေမဲ့ အသင်းလိုက်ကစားပုံ အားနည်းချက်ရှိခဲ့တာကို တွေ့ရမှာပါ။ လက်ရှိ သူတို့အသင်းရဲ့ စုဖွဲ့မှုမှာလဲ ပီအက်စ်ဂျီအသင်းမှာ ကစားနေတဲ့ ဂိုးသမားနာဗက်တစ်ယောက်ပဲ ထိပ်တန်းအဆင့်ကစားသမားရှိနေပြီး ကျန်ကစားသမားတွေကတော့ ဥရောပကလပ်အသင်းငယ်တွေနဲ့ နိုင်ငံအတွင်း ကလပ်အသင်းတွေက ကစားသမားတွေနဲ့ပဲ စုဖွဲ့ထားတာကြောင့် အခုပွဲစဉ်မှာလဲ ဟွန်ဒူးရပ်စ်အသင်းကိုနိုင်ပွဲရဖို့ ရုန်းကန်ရမှာသေချာပါတယ်။

နည်းပြရွှအဲဒါလက်ထက်မှာ ခြေစွမ်းပိုင်းပြန်လည်တိုးတက်လာတဲ့ ဟွန်ဒူးရပ်စ်အသင်းဟာ နောက်ဆုံးငါးပွဲမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်တွေမှာ အသင်းတိုက်စစ်ပိုင်းက ခြောက်ဂိုးထိသွင်းယူနိုင်ခဲ့ပြီး ခံစစ်ပိုင်းက လေးဂိုးခွင့်ပြုခဲ့ရတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ ကွန်ကာကပ်နေးရှင်းလိဂ်ပြိုင်ပွဲမှာ ကွာတားဖိုင်နယ်အဆင့်ထိတက်ရောက်ခဲ့ပြီး မက္ကဆီကိုအသင်းနဲ့ တွေ့ဆုံခဲ့ပေမဲ့ ပထမအကျော့မှာ နှစ်ဂိုးပြတ်နဲ့အနိုင်ရခဲ့တာဖြစ်ပါတယ်။ ဒုတိယအကျော့မှာတော့ ခံစစ်အားပြုကစားခဲ့ပေမဲ့ နာကျင်အချိန်ပိုနောက်ဆုံးမိနစ်မှာ ချေပဂိုးခွင့်ပြုရလိုက်တာကြောင့် နှစ်ဂိုးစီသရေကျခဲ့သလို ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရပြီး ရှုံးနိမ့်ခဲ့ရတာကို တွေ့ရမှာပါ။ ကစားသမားစုဖွဲ့မှုမှာတော့ ဟွန်ဒူးရပ်စ်အသင်းကလဲ ကလပ်အသင်းငယ်တွေမှာကစားနေတဲ့ ကစားသမားတွေနဲ့ပဲ စုဖွဲ့ထားတာကြောင့် ကော်စတာရီကာနဲ့ဆို ခြေရည်တူနေတာကို တွေ့ရမှာပါ။

ဟွန်ဒူးရပ်စ်အသင်းဟာ တိုက်စစ်ကစားပုံလိုအပ်ချက်ရှိပေမဲ့ ကော်စတာရီကာနဲ့ယှဉ်ရင် အသင်းလိုက်ကစားအားနဲ့ ကစားကွက်ပိုင်းသာလွန်မှုရှိနေတာဖြစ်ပါတယ်။ အခုပွဲစဉ်ကလဲ အမေရိကန်မြေမှာ ကစားရမှာဖြစ်လို့ နှစ်သင်းစလုံးအတွက် ကြားကွင်းကစားရမှာဖြစ်ပေမဲ့ ဟွန်ဒူးရပ်စ်အသင်းက အမေရိကန်မြေမှာကစားခဲ့တဲ့ နောက်ဆုံး ၁၀ ပွဲဆက်မှာ သုံးပွဲပဲရှုံးခဲ့တာကြောင့် ကော်စတာရီကထက်စာရင် ရလဒ်ကောင်းနေတယ်လို့ ဆိုရမှာပါ။ သူတို့နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှု ၁၂ ကြိမ်မှာတော့ ကော်စတာရီကာက သုံးပွဲနိုင်၊ ခုနစ်ပွဲသရေ၊ နှစ်ပွဲရှုံးခဲ့ပြီး သရေရလဒ်များခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိ ကစားကွက်ပိုင်းနဲ့ တိုက်စစ်ကစားပုံသာလွန်နေတဲ့ ဟွန်ဒူးရပ်စ်အသင်းနဲ့ပဲ လက်တွဲရမှာပါ။

**ကော်စတာရီကာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆော်ဒီအာရေဗျ | ၁ | - | ၃ | ကော်စတာရီကာ |
| ကော်စတာရီကာ | ၁ | - | ၄ | ယူအေအီး |
| ကော်စတာရီကာ | ၀ | - | ၃ | ပနားမား |
| ပနားမား | ၃ | - | ၁ | ကော်စတာရီကာ |
| ကော်စတာရီကာ | ၂ | - | ၀ | အယ်ဆာဗေဒိုး |

**ဟွန်ဒူးရပ်စ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ကျူးဘား | ၀ | - | ၀ | ဟွန်ဒူးရပ်စ် |
| ဟွန်ဒူးရပ်စ် | ၄ | - | ၀ | ကျူးဘား |
| ဟွန်ဒူးရပ်စ် | ၂ | - | ၀ | မက္ကဆီကို |
| မက္ကဆီကို | ၂ | - | ၀ | ဟွန်ဒူးရပ်စ် |
| ဟွန်ဒူးရပ်စ် | ၀ | - | ၂ | အိုက်စလန် |

# သာပေါင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပိုလ်ကိုတ်ပဲ ၆၃၈၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ပုသိမ် မတ် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပိုလ်ကိုတ်ပဲ ၆၃၈၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

သာပေါင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက ပိုလ်ကိုတ်ပဲ ၁၂၉၂၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သော ပိုလ်ကိုတ်ပဲများကို ဖေဖော်ဝါရီလ ဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၆၃၈၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ရိတ်သိမ်းပြီးဖြစ်သော ပိုလ်ကိုတ်ပဲ တစ်ဧကလျှင် ၁၃ ဒသမ ၈၇ တင်းထွက်ရှိကြောင်း သိရသည်။

"သာပေါင်းမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက ပိုလ်ကိုတ်ပဲ ၁၂၉၂၃ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိ စိုက်ပျိုးခဲ့တဲ့ ပိုလ်ကိုတ်ပဲတွေကို ရိတ်သိမ်းနေတာ ၆၃၈၅ ဧကထိ ရိတ်သိမ်းပြီးဖြစ်ပါတယ်။ ပိုလ်ကိုတ်ပဲတွေ အထွက်နှုန်းကောင်းမွန်ပြီး အရည်အသွေးလဲ ကောင်းပါတယ်။ ရိတ်သိမ်းနေတဲ့ ပိုလ်ကိုတ်ပဲတွေကို လျာထားဧကပြည့်မီကျော်လွန်တဲ့အပြင် အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းလာဖို့ကိုလဲ ပံ့ပိုးဆောင်ရွက်ခဲ့ပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

သာပေါင်းမြို့နယ်တွင် ရိတ်သိမ်းရန်ကျန်ရှိသော ပိုလ်ကိုတ်ပဲများကို ဆက်လက်ရိတ်သိမ်းနေကြောင်း၊ အဆိုပါရိတ်သိမ်းပြီးဖြစ်သော ပိုလ်ကိုတ်ပဲများ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးရန်အတွက် ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီက ပိုလ်ကိုတ်ပဲတွေ အထွက်နှုန်းကောင်းစေဖို့အတွက် မျိုးကောင်းမျိုးသန့်တွေကို ရွေးချယ်စိုက်ပျိုးခဲ့ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနက နည်းပညာနဲ့ အခြားသွင်းအားစုတွေကို ပံ့ပိုးပေးပါတယ်။ လက်ရှိ စိုက်ပျိုးထားတဲ့ ပိုလ်ကိုတ်ပဲတွေကို ဖျက်ပိုးနဲ့ အခြားအန္တရာယ်မကျရောက်စေဖို့ ဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့် အခု ပိုလ်ကိုတ်ပဲတွေ အထွက်နှုန်းလဲကောင်းသလို အရည်အသွေးလဲ ကောင်းပါတယ်"ဟု သာပေါင်းမြို့နယ်မှ တောင်သူ ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# စဉ့်ကူးမြို့နယ် ပန်းတင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စဉ့်ကူး မတ် ၂၂**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းခရိုင် စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပန်းတင်ကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို မတ် ၂၁ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ သပိတ်ကျင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုးက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျနိုင်စေရန်၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့်ကျေးလက်လူနေမှုအဆင့်အတန်းကွာဟမှုကို လျော့ချနိုင်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးပေးရခြင်းဖြစ်ကြောင်း၊ အသင်းသား၊ အသင်းသူများအနေဖြင့် စီမံကိန်းလက်စွဲစာစောင်ပါညွှန်ကြားချက်များနှင့်အညီ ချေးငွေရယူသည့်လုပ်ငန်းများကို အမှန်တကယ်အကောင်အထည်ဖော်ဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြသိန်းဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေ ကျပ် ၅၆၆ သိန်း လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပန်းတင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၇၀ ကို ငွေကျပ် ၃၈၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၄၀ ကို ငွေကျပ်သိန်း ၁၆၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၂၁ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၅၆၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချစ်ဦးကို**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၃-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၈၅ | ၂၈၄၅ | ၂၈၄၀ | ၂၈၀၅ | ၂၈၄၅ | ၂၈၇၀ | ၂၈၅၀ | ၂၈၃၀ | ၂၉၃၀ | ၂၉၄၅ | ၂၈၃၅ | ၂၈၄၅ | ၂၈၈၀ | ၂၈၈၅ | ၂၈၈၅ | ၃၁၁၅ | ၃၁၅၀ |
| 95 Ron | ၂၉၀၀ | ၂၉၅၀ | ၂၉၅၀ | ၂၉၁၀ | ၂၉၅၀ | ၂၉၇၅ | ၂၉၆၀ | ၂၉၃၅ | ၃၀၃၅ | ၃၀၅၀ | ၂၉၄၀ | ၂၉၆၀ | ၂၉၉၀ | ၂၉၉၀ | ၂၉၉၀ | ၃၂၂၀ | ၃၂၅၀ |
| HSD (500 ppm) | ၂၄၃၅ | ၂၄၈၅ | ၂၄၈၀ | ၂၄၄၅ | ၂၄၈၅ | ၂၅၁၀ | ၂၅၀၅ | ၂၄၇၀ | ၂၅၉၀ | ၂၅၈၅ | ၂၄၇၅ | ၂၄၈၅ | ၂၅၂၀ | ၂၅၂၅ | ၂၅၂၅ | ၂၇၅၅ | ၃၅၄၀ |
| HSD (50 ppm) | ၂၄၈၀ | ၂၅၃၀ | ၂၅၃၀ | ၂၄၉၀ | ၂၅၃၀ | ၂၅၅၅ | ၂၅၅၀ | ၂၅၁၅ | ၂၆၃၅ | ၂၆၃၀ | ၂၅၂၀ | ၂၅၃၅ | ၂၅၇၀ | ၂၅၇၀ | ၂၅၇၀ | ၂၈၀၀ | ၃၅၉၅ |
| HSD (10 ppm) | ၂၄၈၀ | ၂၅၃၀ | ၂၅၃၀ | ၂၄၉၀ | ၂၅၃၀ | ၂၅၅၅ | ၂၅၅၀ | ၂၅၁၅ | ၂၆၃၅ | ၂၆၃၀ | ၂၅၂၀ | ၂၅၃၅ | ၂၅၇၀ | ၂၅၇၀ | ၂၅၇၀ | ၂၈၀၀ | ၃၅၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၇၀ | ၂၇၅၇ |
| 95 Ron | ၂၇၇၂ | ၂၈၆၁ |
| HSD (500 ppm) | ၂၃၂၁ | ၂၃၉၆ |
| HSD (50 ppm) | ၂၃၆၅ | ၂၄၄၂ |
| HSD (10 ppm) | ၂၃၆၅ | ၂၄၄၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၇၊ ၀၉-၂၅၄၆၂၅၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**







## အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းမြို့၊ စိန်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၆/၂၇)၊ အကွက်အမည် လေးကျွန်းမြေတောင်ကွင်း၊ ဦးပိုင်အမှတ်(၇၄/ဓ)၊ ဧရိယာ(၀.၀၆၈)ဧကရှိ အောက်ဖော်ပြပါအလားအလာရှိသည့်-

(က) အရှေ့လားသော် - လမ်း
(ခ) အနောက်လားသော် - ဦးပိုင်အမှတ်(၇၄-ဈ)
(ဂ) တောင်လားသော် - ဦးပိုင်အမှတ်(၇၄-ဆ)
(ဃ) မြောက်လားသော် - ဦးပိုင်အမှတ်(၇၄-ဃ)

အထက်ဖော်ပြပါမြေကို(ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဒေါ်ငယ်** မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၄ခုနှစ်၊ ဧပြီလ (၁၉)ရက်နေ့** မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်ဦးစီးဌာနမှူး
မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊စစ်ကိုင်းမြို့။

## အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းမြို့၊ **ရွာထောင်**ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(**၈၀၉**)၊ အကွက်အမည် **အိုးဘို**ကွင်း၊ မြေကွက်အမှတ်(**၁၇၂/၄၆၅**)၊ ဧရိယာ(**၀.၀၂၀**)ဧကရှိ အောက်ဖော်ပြပါအလားအလာရှိသည့်-

(က) အရှေ့လားသော် - လမ်း
(ခ) အနောက်လားသော် - မြေကွက်အမှတ်-၁၇၂/၄၄၇
(ဂ) တောင်လားသော် - မြေကွက်အမှတ်-၁၇၂/၄၄၇
(ဃ) မြောက်လားသော် - မြေကွက်အမှတ်-၁၇၂/၄၇၃၊ ၁၇၂/၄၇၇

အထက်ဖော်ပြပါမြေကို(ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဦးသီဟထွန်း** မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၄ခုနှစ်၊ ဧပြီလ (၂၁)ရက်နေ့** မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်ဦးစီးဌာနမှူး
မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊စစ်ကိုင်းမြို့။

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မှုက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

❖ အားကစားရာသီမှသာလျှင် အားကစားဆောင်ရွက်သည်မဟုတ်ဘဲ နွေ၊မိုး၊ဆောင်း ဥတုသုံးပါးလုံးတွင် ကိုယ်လက်လှုပ်ရှားမှုများ၊ အားကစားပြိုင်ပွဲများ ဆောင်ရွက်ကြရန်လိုပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် နေထိုင်စားသောက်မှုများရှိရမည်ဖြစ်...

❖ ထိုသို့ ကျန်းမာကြံ့ခိုင်မှသာလျှင် အလုပ်လုပ်နိုင်မည်၊ ပညာသင်ကြားနိုင်မည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၄ ရက်တွင် ပြုလုပ်သောပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၇/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

# (၇၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၌ ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများ ဝတ်စုံပြည့်စစ်ရေးပြလေ့ကျင့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၌ ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများ ဝတ်စုံပြည့်စစ်ရေးပြလေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် မတ် ၂၂**

၂၀၂၄ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်မည့် (၇၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်စစ်ရေးပြကြမည့် စစ်ရေးပြ စစ်ကြောင်းကြီးများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စစ်ရေးပြကွင်း၌ ဝတ်စုံပြည့်စစ်ရေးပြလေ့ကျင့်မှုများ ဆောင်ရွက်ကြသည်။

စစ်ရေးပြလေ့ကျင့်မှုတွင် အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၊ ဗန္ဓုလစစ်ကြောင်းနှင့် အောင်ဆန်းစစ်ကြောင်းများ ပါဝင်ပြီး စုရပ်ဖြစ်သည့် သစ်တပ်ကွင်းမှ စစ်ရေးပြကွင်းသို့ တပ်မတော်စစ်တီးဝိုင်းအဖွဲ့များ၏ တီးခတ်မှုနှင့်အတူ စစ်ချီသီချင်းများသီဆို၍ ညီညာစွာချီတက်ကြပြီး စစ်ရေးပြအခမ်းအနားအစီအစဉ်အတိုင်း လေ့ကျင့်ဆောင်ရွက်ကြသည်။

ထိုသို့ လေ့ကျင့်နေမှုကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ

**စာမျက်နှာ ၁၈ ကော်လံ ၁ ☆**

ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်

ရွှေမန်းသူ

အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း

ပါရမီလက်မှတ်အရောင်းဌာန

ရွှေမန်းသူ ၀၉၂၅၄၇၈၁၀၆၈၀၊ ၀၉၂၆၁၄၀၀၈၄၄

ရွှေမြိုင်သူ ၀၉၂၆၁၄၀၀၈၅၅

ရှမ်းမလေး ရန်ကုန်မြို့တွင်း G & G Store ဆိုင်များ

ဥသြစ်သူ Online Easy Ticket, Go - Auto Ticket

ရန်ကုန် —
- နေပြည်တော်
- တောင်ကြီး
- မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်
- ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ
- ပုဂံ (ညောင်ဦး) - ပခုက္ကူ
- မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ
- မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ခမီ
- တောင်ငူ - ဆွာ - ရေနီ
- ဖူသိမ်




ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု